www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com



၂၀၁၃ ခုနှစ် အောက်တိုဘာလ
ပထမအကြိမ်

| | |
|---|---|
| ထုတ်ဝေသူ | ဦးမောင်မောင်မြင့်အေး (မြ-၀၄၁၀၀) လာဘ်မိုးစွေစာပေ၊ အမှတ် (၂၀၅/က)၊ ပိတောက် (၅)လမ်း၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ပုံနှိပ်သူ | ဦးစည်သူကိုကို (မြ-၁၀၉၈၁)၊ တော်ဝင်ထွန်းပုံနှိပ်တိုက်၊ အမှတ် (၁၇)၊ (၅၂) လမ်း၊ ပိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| မျက်နှာဖုံးပန်းချီ | ကိုနေခြည် |
| ကွန်ပျူတာစာစီ | ဇာနည်မော် |
| မျက်နှာဖုံးဖလင် | *EAGLE* |
| အတွင်းဖလင် | ရာဇာမျိုးဝင်း၊ လမ်း (၄၀)။ |
| အုပ်ရေ | ၁၀၀၀ အုပ် |
| တန်ဖိုး | ၁၃၀၀ ကျပ် |
| စာအုပ်ချုပ် | ဇာနည် (ဗိုလ်မြလမ်း) |
| ဖြန့်ချိရေး | အရှေ့သက်ကောင်းကင်စာပေ အမှတ် (၂၈၄)၊ ပထစ်၊ ကျောက်တံတားမြို့နယ် ရန်ကုန်။ ဖုန်း - ၀၉၇၃၁၇၁၃၈၁၊ ၀၉၄၂၀၅၆၁၅၄ |



BURMESE CLASSIC .com




7 - MAR 2014

www.burmeseclassic.com

www.burmeseclassic.com






# သရဲပေတိုး

ကျုပ်တို့ရွာက ထနောင်းကုန်းလေ။ အရှေ့မြောက်ဘက်မှာ [illegible]းကုန်း၊ ဘန့်ဘွေးကုန်း၊ ဝက်စု၊ ငွေတွင်းကုန်း ဆိုတဲ့ရွာတွေ [illegible]ယ်။ အရှေ့ဘက်မှာတော့ ကျွားဟုန်းရွာ ရှိတယ်။ တောင်ဘက် [illegible]လောင်းကုန်းရွာရှိတယ်။ အနောက်ဘက်မှာတော့ ရွာသစ်တို့ [illegible]နိုင်တို့ ရှိတယ်ဗျ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com



ကျုပ်တို့ ထနောင်းကုန်းသူကြီးက ဦးဘိုးထင်လေ။ လွှတ် စိတ်တိုတဲ့ လူကြီးပါဗျာ။ ကျုပ်တောင် တစ်ခါက ထိပ်တုံးခတ်ခံ သေးသဗျ။ ခိုင်းစရာများရှိရင်တော့ လူလွှတ်ပြီး ကျုပ်ကို မတွေ့ တွေ့အောင် ရှာတတ်ပါ့ဗျာ။

အခုတလော ကျုပ် ဘယ်မှသိပ်မသွားဖြစ်ဘူးဗျ။ အိမ်မှ ပဲ ခြေငြိမ်နေတယ်။ နေကလည်း ပူပါ့ဗျာ။ အောက်ပြည်မှာ မိုးရွာ ပေမယ့် ကျုပ်တို့ အညာဘက်တော့ မိုးဖွဲကလေး တစ်ခါ နှစ်ခါ လောက်ပဲ ရောက်သေးတာဗျ။ ကျုပ်လည်း ထမင်းစားပြီးကတည်း က ဝိုင်းထဲက ခန်ကျည်းပင်ကြီးအောက် ခင်းထားတဲ့ သစ်သားကွပ် ပျစ်ပေါ်မှာ ဝါးပိုးခြမ်းကလေး ခေါင်းအုံးပြီး အိပ်နေတာဗျ။ မီးညှိပြီး နှပ်ထားတဲ့ နဂါးဆေးပေါ့လိပ်ကလေးကို တစ်ဖွာ၊ နှစ်ဖွာ လောက် ဖွာလိုက် အသာချထားလိုက်ပေါ့ဗျာ။

ကျုပ်အတွက် စည်းစိမ်ဆိုလို့ ဒါပဲရှိတာဗျ။

"ဟာ တာတေတို့ကတော့ ဇိမ်ရှိပါ့ကွာ။ ငါတို့ ဘန့်ဒွေ ကုန်းမှာတော့ ပေတိုးဒုက္ခပေးလို့ ညတောင် ကောင်းကောင်းမအိပ် ကြရဘူးဟေ့"

ဝိုင်းပေါက်ဝက အသံကြားလို့ ကျုပ်လည်း ဆတ်ကနဲ ခေါင်း ထောင်ကြည့်လိုက်တယ်။

"ဟာ ကိုကြီးစိန်သောင်းပါလား၊ လာလေဗျာ"

ကိုကြီးစိန်သောင်းဆိုတာ ဘန့်ဒွေးကုန်းက အရိုးမဲ ကြည်ရဲ့ သားအကြီးဗျ။ အသက်က လေးဆယ်လောက်ရှိပြီ။ ဒါပေ ခုထိ အိမ်ထောင်မကျသေးတဲ့ လူပျိုကြီးဗျ။





ကိုကြီးစိန်သောင်းက ကျုပ်ကွပ်ပျစ်မှာ ဝင်ထိုင်လိုက်တယ်။ ပြီးတော့ သူဆောင်းလာတဲ့ ဝါးခမောက်ကလေးကို ချွတ်ပြီး ယပ် ခတ်နေတယ်ဗျ။

ကိုကြီးစိန်သောင်းက အိမ်ထောင်သာ မကျတာဗျ၊ လူက လူပုံချော။ အသားလတ်လတ်၊ နှုတ်ခမ်းမွေးကလေးရေးရေးနဲ့ နှာတံ လည်းပေါ်တယ်။

"ရော့ ဆေးလိပ်သောက်ဦး၊ အမောပြေပေါ့"

လို့ ပြောပြီး ကျုပ်က နဂါးဆေးပေါ့လိပ်တစ်လိပ်ကို မီးခတ် နဲ့ မီးညှိပြီး ကိုကြီးစိန်သောင်းကို ပေးလိုက်တယ်။

"နို့ နေပါဦး ကိုကြီးစိန်သောင်းရဲ့၊ ခုနက ကိုကြီးစိန် သောင်း ပြောလိုက်တာ ဘာတဲ့၊ ဘယ်သူ ဒုက္ခပေးနေတာတုံး"

"ဟာ မင်းမကြားသေးဘူးလားကွ၊ တာတေရ"

"ဟင် ဘာတုံး၊ ကျုပ် ဘာမှမကြားမိဘူးဗျ၊ ခုတလောလည်း ကျုပ် ဘယ်မှမရောက်ဘူး ကိုကြီးစိန်သောင်းရဲ့"

"ဟေ အံ့ပါ့ကွာ၊ မင်းလောက် နှံ့စပ်တဲ့ကောင်က ပေတိုး သတင်းကို မကြားတာ"

"ဗျာ ဘယ်သူဗျ၊ ပေတုံး ဟုတ်လား"

"ဟာ ပေတုံး မဟုတ်ပါဘူးကွ၊ တာတေရ၊ ပေတိုးပါ"

"ပေတိုး ဟုတ်လား ကိုကြီးစိန်သောင်း၊ နို့ နေပါဦးဗျ၊ ဒီနာမည်ကို ကျုပ်မကြားဖူးပါဘူး၊ ပေတိုးက ဘယ်သူ့သားတုံး၊ ဒီကောင်က ဘာတွေဒုက္ခပေးနေလို့တုံး"

"ဟာကောင် တာတေရဲ့၊ ပေတိုးက ဘယ်သူ့သားမှ မဟုတ်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဘူးကွ၊ ငါတို့ရွာသားလည်း မဟုတ်ဘူး၊ လူလည်း မဟုတ်ဘူး"

"ဗျာ၊ နို့ ဘာတုံး"

"သရဲကွ၊ သရဲ သရဲပေတိုး"

"ဟင် သရဲ ဟုတ်လား၊ ကိုကြီးစိန်သောင်း"

"အေး . . ဟုတ်တယ်ဟေ့၊ ဘယ်ကရောက်လာတဲ့ သရဲလည်း မသိပါဘူးကွာ၊ ရွာထဲမှာ ဟိုအိမ်ဝင်ပူး၊ ဒီအိမ်ဝင်ပူးနဲ့"

"ဟာ ဟုတ်လားဗျ"

"ဟုတ်တယ် တာတေရေ့.မိန်းမတွေကို ပူးတာများတယ်ကွ၊ ဝင်ပူးရင်လည်း တစ်အိမ်လုံး ဗြောင်းဆန်အောင် ခုန်ပေါက်ပြီး ဆူနေတာကွ။ ပြီးတော့ သူဝင်ပူးတဲ့ အိမ်တွေက အမဲသားဟင်းချက်တဲ့ အိမ်တွေချည်းပဲကွ။ အဲဒါ အမဲသားနဲ့ ထမင်းကျွေးရမယ်ဆိုပြီး သောင်းကျန်းတော့တာပဲဟေ့၊ နောက်ဆုံး အိမ်သားတွေက အမဲသားဟင်းနဲ့ ထမင်းကျွေးလိုက်တော့မှ တစ်ဝစားပြီး ထွက်သွားရောဗျာ"

"ဟင် ဒါဆို ဒီသရဲက ဘယ်အိမ်မှာ အမဲသားချက်တယ်ဆိုတာ သိနေလို့ပေါ့"

"အောင်မယ်လေး သိလိုက်သမှ ဘယ်လောက်သား ချက်တယ်ဆိုတာကအစ သိတာဟေ့။ အခုတော့ အမဲသား မချက်လည်း ဝင်ဝင်ပူးပြီး အမဲသား ဝယ်ချက်ကျွေးခိုင်းသကွဲ့။ လူတွေလည်း သူ့ဒဏ်ကို တော်တော်ကို ခံနေကြရတာဟေ့"

"ကိုကြီးစိန်သောင်းတို့ ဆရာတွေ ဘာတွေ မရှာဘူးလား"

"အေး. . . အစတော့ ဘုန်းကြီးပင့်ပြီး ရွာထဲမှာ ပရိတ်





ကလေးဘာလေး ရွတ်တာပေါ့ကွာ၊ ဒါလောက်နဲ့ မရဘူးကွ တာတေရ။ အဲ ဒီတော့မှ ဆရာရှာကြရတာပေါ့။ ငါ အခုလာတာ အဲဒါလာပြောတာကွ၊ မနက်ဖြန်ဆိုရင် မြို့က ဆရာတစ်ယောက် ရောက်လိမ့်မယ်။ ဆရာပွားတဲ့ကွ၊ ပယောဂတော့ လွှတ်နိုင်တယ် ဆိုပဲကွ။ အဲဒါ မနက်ဖြန်ကြရင် မင်းပါ လာခဲ့ကွာ၊ မင်းက အတွေ့အကြုံရှိတော့ နည်းနည်းကြည့်ရှုပြီး ဝေဖန်နိုင်တာပေါ့ကွာ။ ရွာကလူတွေကလည်း မင်းကို ခေါ်ခိုင်းလို့ ငါလာခေါ်တာကွ"

"ဩော် ဒီလိုလား၊ ဟုတ်ပြီလေ၊ မနက်ဖြန် မနက်ပိုင်းကတည်းက ကျုပ် ထွက်လာခဲ့ပါ့မယ်"

"ဟာ ဒါဆို နေရာကျပြီပေါ့ကွာ၊ မင်း မနက်ဖြန် ဆက်ဆက်လာနော်၊ ငါ့အိမ်ကိုပဲ လာခဲ့၊ ငါ စောင့်နေမယ်"

ကိုကြီးစိန်သောင်းနဲ့လည်း မတွေ့တာကြာတော့ နှစ်ယောက်သား စကားပြောလိုက်ကြတာ ညနေ နေစောင်းတော့မှ ကိုကြီးစိန်သောင်း ပြန်သွားတယ်။

ကျုပ်လည်း နဂါးဆေးပေါ့လိပ်ကလေး ဖွာရင်း ကိုကြီးစိန်သောင်း ပြောသွားတဲ့ သရဲပေတီးအကြောင်းကို ထိုင်ပြီးတွေးနေမိတယ်။

တွေးရင်းနဲ့ ကျုပ်စိတ်ထဲမှာ ကိုပေသီးကို သတိရလိုက်တာဗျာ။ ကျုပ်နဲ့ အတူတူသွားပြီး ပီယဆေးဖော်ရင်း သေခဲ့ရတာမို့လား။ တွေးရင်းနဲ့ အဲဒီညက အဖြစ်အပျက်ကို ကျုပ်မျက်စိထဲမှာ ပြန်ပြီး မြင်လာတာဗျို့။ ကျုပ်ဖြင့် အခုအထိ ကြက်သီးတွေ တဖြန်းဖြန်း ထ,တုန်းဗျာ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ နေသိပ်မပူခင့်ပဲ ကျုပ် ဘန့်ဘွေးကုန်းတို့ လာခဲ့တယ်။ ဘန့်ဘွေးကုန်းကိုရောက်တော့ ကိုကြီးစိန်သောင်းတို့အိမ်ကို တန်းသွားတယ်။

"ဟာ တာတေ လာပြီဟေ့၊ လာ တာတေ လာ၊ ငါ မင်းကို စောင့်နေတာကွ"

ကျုပ်က ကိုစိန်သောင်းတို့အိမ်က ခုံတန်းလျားမှာ ဝင်ထိုင်လိုက်တယ်။

"တာတေ ဘာစားခဲ့တုံး"

"ဟာ စားပြီးပြီ ကိုကြီးစိန်သောင်း၊ ညက ကြက်သားဟင်းကျန်တာနဲ့ ထမင်းကြမ်း စားလာခဲ့တယ်။ စား၊ စား၊ ကိုကြီးစိန်သောင်းတို့ စားကြ"

"စားပြီးပြီကွ၊ မင်းကို စောင့်နေတာ"

"ဟဲ့ တာတေပါလား၊ နင်လည်း ပျောက်ချက်သားကောင်းနေလိုက်တာ၊ ခုမှပဲ တွေ့ရတော့တယ်"

"ဟုတ်တယ် အရီးရေ ကျုပ်လည်း ဘယ်မှကို မရောက်ဖြစ်တာ၊ အိမ်မှာ အဘက သိပ်နေမကောင်းတာနဲ့ ကျုပ်ပဲ ယာထဲဆင်းနေရတာဗျ"

"အေး အေး ကောင်းတာပေါ့ဟယ်"

"အရီးရော နေကောင်းရဲ့လား"

"အေး အခုတော့ ကောင်းတယ်ဟေ့၊ ဟိုတလောက တော်တော်ဖျားလို့ ဆေးထိုး ဆရာခေါ်လိုက်ရသေးတယ်"

"အင်းပေါ့ အရီးရယ်၊ အရီးတို့က အသက်ကလေး





ရလာကြပြီ မဟုတ်လား"

"ဟုတ်ပါ့ဟယ်၊ ဒါနဲ့ နင့်ကိုကြီးစိန်သောင်းပြောလို့ ငါတို့ရွာ သတင်းကြားပြီးရောပေါ့"

"ဟုတ်တယ် အရီး၊ အခုလာတာ အဲဒီကိစ္စပဲလေ၊ ထူးထူးဆန်းဆန်းဗျာ၊ ဘယ်ကများ ရောက်လာတဲ့ သရဲပါလိမ့်၊ တစ်ရွာလုံးကို လိုက်ပူးပြီး အမဲသား ချက်ကျွေးခိုင်းတဲ့ကောင်"

"ဒီလိုဟဲ့၊ ရွာလယ်ပိုင်းက အုန်းဖူးတို့၊ အုန်းညွန့်တို့ ညီအစ်ကိုတွေ ကင်းကျတဲ့ညတုန်းက မည်းမည်းအရိပ်တစ်ခု တွေ့ကြတယ်ဆိုပဲ၊ သစ်ပင်ရိပ်တွေအောက်မှာ ရိပ်ခနဲ ရိပ်ခနဲ ပြေးကပ်လိုက်၊ ပြေးထွက်လိုက်နဲ့တဲ့ဟာ၊ နောက်နေ့ကစပြီး လူတွေကို ဝင်ပူးတော့တာပဲ တာတေရေ"

"ဒါနဲ့ နေပါဦး ကိုကြီးစိန်သောင်းရဲ့၊ ဒီသရဲရဲ့နာမည်ကို ပေတိုးလို့ ဘယ်သူက ပေးလိုက်တာတုံးဗျ"

"ဟာ တာတေကလည်း သရဲကို ဘယ်သူက နာမည်မှည့်မှာတုံးကွာ၊ ဝင်ပူးပြီး သူ့ဟာသူ ပြောတာဟေ့၊ ဝင်ပူးလိုက်ပြီဆိုတာနဲ့ ငါ့နာမည် ပေတိုးတဲ့ဟေ့၊ ငါ့ကို အမဲသားချက်ကျွေး၊ တစ်ပိဿာကျွေး၊ မကျွေးရင် ဟောဒီကောင်မကို ငါ အသေသတ်မယ်ဆိုပြီး ပြောတာကွ။ ပြီးရင် ဘယ်လိုနှင်လို့မှ မထွက်ဘူးဟေ့။ ကျွေးပါ့မယ်၊ နောက်နေ့လာစားပါဆိုမှ ထွက်သွားတာကွ။ နောက်တစ်နေ့မှာ အမဲသားချက်ပြီး ထမင်းနဲ့ သွားကျွေးရတယ်"

"ဟင် ဘယ်မှာသွားကျွေးရတာတုံး"

"ရွာအနောက်က လက်ပံပင်ကြီးအောက်မှာ ကျွေးရတာဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"နို့ ကျွေးတော့ကော စားလားဗျ"

"ဟာ စားပါပြီလားကွာ၊ အမဲသားရော ထမင်းရော ပြောင်အောင် စားတာဟေ့"

"အင်း. . . ဒီသရဲ တော်တော်တော့ မလွယ်ဘူးထင်တယ် ကိုကြီးစိန်သောင်းရေ"

"ဟုတ်တယ်ကွ တာတေရ၊ အခုလာမယ့် ဆရာကို အခြေအနေ အခြေအနေ ကြည့်ရမှာပဲပေါ့ကွာ"

"ဦးစိန်သောင်း ကျုပ်အဘက ခေါ်ခိုင်းလိုက်လို့ဗျ၊ မြို့က ဆရာကြီးဆိုတာ ရောက်နေလို့၊ အခုလာခဲ့ပါတဲ့"

"ဟေ မောင်ကျော်ပါလား၊ အေး အေး၊ ဦးစိန်သောင်းတို့ အခုလိုက်ခဲ့မယ်၊ မင်းသွားတော့"

"ဩော် ဆရာပွားဆိုတာ ရောက်ပြီတဲ့လား၊ ကဲ သွားကြစို့၊ ဘယ်အိမ်မှာတုံး"

"အဘဦးညီလေးတို့အိမ်မှာကွ၊ ခုနက လာခေါ်တာ ဘိုးညီလေးရဲ့ မြေးလေ၊ အကြီးကောင် ချက်ကြီးရဲ့ သားလေကွာ"

ကိုကြီးစိန်သောင်းနဲ့ ကျုပ်နဲ့ ရွာထဲတို့ ထွက်လာခဲ့တယ်။ ဘိုးညီလေးတို့က ရွာရှေ့ပိုင်းမှာ။ ကျုပ်တို့ အိမ်ဝိုင်းထဲ ဝင်လိုက်တော့. . .

"လာဟေ့ စိန်သောင်း၊ အောင်မယ်၊ တာတေလည်း ရောက်နေတာကိုး၊ လာကြဟေ့၊ လာကြ။ မင်းတော့ ပွဲကြီးပွဲကောင်းတွေ့ရဦးမှာပေါ့ တာတေရာ"

ကျုပ်လည်း ပြုံးပြီး ဘိုးညီလေးတို့ အိမ်ပေါ်ကို တက်လိုက်





တယ်။ ဘိုးညီလေးတို့အိမ်က ခြေတံရှည်ပေမယ့် အောက်ထပ်မှာလည်း အပြည့်ခင်းထားတာဗျ။ ကျုပ် အိမ်ထဲကို လှမ်းကြည့်လိုက်တော့ နှုတ်ခမ်းမွေးကားကားကြီးနဲ့ သျှောင်တစောင်းထုံးထားတဲ့ လူကြီးတစ်ယောက် ဘုရားစင်ရှေ့မှာ ထိုင်နေတာကို တွေ့လိုက်တယ်။

"ကဲ လာ စိန်သောင်းရော၊ တာတေရော ဘုရားခန်းကို လာခဲ့ကြ၊ ဒီမှာ ဆရာပွားနဲ့ စကားလေးဘာလေး ပြောကြရအောင်"

ကျုပ်တို့လည်း ဆရာပွားကြီးရှေ့မှာ ရိုရိုသေသေ ဝင်ထိုင်လိုက်ကြတယ်"

"ဆရာကြီးရေ ဟောဒီသူငယ်က မောင်တာတေတဲ့ဗျ၊ ဟိုဘက်ရွာမှာနေတာ၊ ကျုပ်တို့ တူလို သားလိုပါပဲဗျား။ ပြီးတော့ တာတေက ဗဟုသုတအားကြီးရှာတဲ့ သူငယ်ဗျ။ ဆရာကြီးတို့လို ဆရာတွေနဲ့လည်း မကြာ မကြာ လိုက်ပြီးကူညီဖူးတယ်၊ သတ္တိကလည်း လွှတ်ကောင်းတာဗျ"

"ဩော် ဟန်ကျလိုက်တာ မောင်တာတေရာ၊ ဒီရွာမှာ ဝင်ပြီးသောင်းကျန်းနေတဲ့ အကောင်စုတ်က လွယ်လွယ်နဲ့ နှင်ထုတ်လို့ မရရင်တော့ ခဲရာခဲဆစ် နှင်ရမှာပဲ။ အဲဒီလို ဆိုရင်တော့ မောင်တာတေရဲ့ အကူအညီ ယူရလိမ့်မယ်ကွဲ့၊ ဘယ့်နှယ်လဲ မောင်တာတေ၊ ကျုပ်ကို ကူညီမယ်မဟုတ်လား"

"ဟာ ကူညီမှာပေါ့ ဆရာကြီးရာ၊ တစ်ရွာလုံး ဒုက္ခပေးနေတဲ့ ဒီအကောင်ကို ကျုပ်ကလည်း လုပ်ချင်နေတာ လက်ကို ယားနေတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟန်ကျပြီပေါ့ကွာ"

"ဟော ဆရာကြီးရေ၊ နတ်ကတော် စိန်ခင်တော့ ပါလာပြီဗျို့၊ ဟဲ့ စိန်ခင် လာဟေ့၊ ဒီကိုသာ တန်းဝင်ခဲ့"

စိန်ခင်က ညိုညိုတုတ်တုတ်ဗျ။ ရုပ်ကလည်း ခပ်ကြမ်းကြမ်းထဲကပဲ။ ဘုရားစင်ရှေ့မှာ ကျုံ့ကျုံ့ကလေးထိုင်ပြီး ဘုရားကို ကန်တော့တယ်။ ပြီးတော့ ဆရာပွားကြီးကိုလည်း ကန်တော့တယ်။

"ကဲ ကိုညီလေးရေ ကလေးမလေး ရောက်ပြီဆိုတော့ ကျုပ်တို့ အလုပ်စကြရအောင်ဗျာ"

ဆရာပွားက ယောဂီရောင် ပဝါကလေးတစ်စကို ခေါင်းမှာ ပေါင်းလိုက်တယ်။ ပြီးတော့ ဘုရားစင်မှာ မတ်တတ်ရပ်ပြီး ဖယောင်းတိုင်တွေ၊ အမွှေးတိုင်တွေ ထွန်းတယ်။

ပြီးတော့ ဘုရားရှိခိုးတယ်။ ဆရာပွား ဘုရားရှိခိုးနေတုန်းမှာပဲ ရွာထဲက လူတွေ ရောက်လာလိုက်တာ ဘိုးညိုလေးအိမ်ကြီးထဲမှာ ပြည့်သွားရောဗျို့။ ဆရာပွားကြီး ဘုရားရှိခိုးတဲ့အသံဟာ တော်တော်ကို ကျက်သရေရှိတာဗျို့။ ကြားရတဲ့သူတိုင်း စိတ်ထဲမှာ အေးသွားတာပဲ။ ဆရာပွား ဘုရားရှိခိုးနေတာကို နားထောင်ကြည့်ရတာနဲ့တင် သီလ၊ သမာဓိ တော်တော်ကို ရှိတယ်ဆိုတာ သိသာပါတယ်ဗျာ။

ဘုရားရှိခိုးပြီးတော့ ဆရာပွားက မေတ္တာပို့တယ်။ ပြီးတော့ သူ့ရဲ့ သီလကို သစ္စာဆိုတယ်ဗျ။ ကျုပ်မြင့် စိတ်ထဲမှာ အားရလိုက်တာဗျာ။

"ကဲ ကလေးမ စိန်ခင် လက်အုပ်ချီ၊ ဘုရားကို ဦးတိုက်၊





စိတ်ကို လျှော့ထားလိုက်ပေတော့"

စိန်ခင်ကလည်း ဆရာပွား ခိုင်းတဲ့အတိုင်း လုပ်သဗျ။

"အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါကွန်၊ မြောက်မုဝံ အတွင်းတိမ်းခြင်း၊ ရှောင်ခြင်း၊ ခိုခြင်း၊ ကပ်ခြင်း မပြုစေရ။ ဘယ်သူကမှလည်း ဟန့်တားထားခြင်း မပြုရ။ ကျွန်ုပ် ဆရာပွား အမိန့်ပြန်လိုက်တယ်။ သရဲပေတီး ရောက်ရာအရပ်က အခုချက်ချင်း အမြန်ရောက်လာစေ။ အခုချက်ချင်း လာရမယ်၊ အခုချက်ချင်း လာခဲ့၊ ပေတီး အခုချက်ချင်း လာခဲ့ရမယ်။ ငါဆရာ အမိန့်ကို အာခံခြင်း မပြုရ"

ဆရာပွားက စိန်ခင်ကို အသာအကဲခတ်ကြည့်တယ်။ ကျုပ်ရော၊ ကိုစိန်သောင်းရော၊ ရောက်လာတဲ့ လူတွေရော စိန်ခင်ကို ဝိုင်းကြည့်ကြတာပေါ့ဗျာ။ စိန်ခင်ကတော့ လှုပ်တောင် မလှုပ်ဘူးဗျ။

"ပေတီး အခုလာခဲ့။ သင် လာမလား၊ မလာဘူးလား၊ ငါဆရာ အမိန့်။ အခုချက်ချင်း ငါ့ရှေ့ကို အရောက်လာခဲ့"

ဆရာပွားက စိန်ခင်ကို အကဲခတ်ရင်း အမိန့်ထပ်ပေးတယ်ဗျ။ လူတွေအားလုံးကလည်း စိန်ခင်ကို ဝိုင်းကြည့်ကြတယ်။ စိန်ခင်ကတော့ လှုပ်တောင် မလှုပ်ဘူးဗျ။

"အင်း ဒီအကောင် တော်တော်ခေါင်းမာတဲ့ကောင်ပဲ၊ ကျုပ်ခေါ်တာကို မလာဘူးဗျ၊ ကဲ တွေ့ကြသေးတာပေါ့ကွာ"

ပြောပြောဆိုဆိုပဲ ဆရာပွားကြီးက ဘုရားစင်ဘက်ကိုလှည့်ပြီး တိုင်တည်တယ်ဗျ။ သူ့ရဲ့သီလ စင်ကြယ်မှုကို ဘုရားမှာ တိုင်တည်တယ်၊ သစ္စာပြုတယ်။ ဒီသစ္စာ မှန်ကန်ရင် သူ့ကို အထက်

www.burmeseclassic.com



ဆရာများက ဝိုင်းဝန်းကြပါလို့ တောင်းဆိုတယ်ဗျ။

"အဘဆရာတို့၊ ဒီသရဲပေတိုးဟာ ကောင်းကောင်းမွန်မွန် နေထိုင်တဲ့ ဘန့်ဘွေးကုန်းရွာသူ၊ ရွာသားတွေကို သက်သက်မဲ့ လာပြီး နှောင့်ယှက်နေပါတယ်၊ အခု ကျွန်ုပ် အမိန့်ပြန်တာကိုလည်း ပမာမခန့်ပြုပြီး ရောက်မလာပါဘူး၊ အဘဆရာတို့ကိုယ်တိုင် ဒီရှေ့ကို အရောက်ပို့ပေးကြပါဗျာ"

"ဟင်း ဟင်း"

ဟော လာပြီဗျို့။ စိန်ခင်တစ်ကိုယ်လုံး တွန့်လိမ်ကွေးကောက်ပြီး ပါးစပ်ကလည်း မကျေမနပ်နဲ့ 'ဟင်း ဟင်း' နဲ့ ကြိမ်းဝါးနေတယ်ဗျ။

လူတွေလည်း ရှဲခနဲ ဖြစ်သွားပြီး နောက်ဆုတ်တဲ့သူက ဆုတ်သွားကြတယ်ဗျို့။

"ငါ့ရှေ့ကို အခုရောက်လာတာ ဘယ်သူတုံး"

"ပေတိုးကွ၊ ပေတိုး၊ မင်း ဘာလုပ်ချင်တုံး ပြော"

စိန်ခင် တစ်ကိုယ်လုံး ယိမ်းထိုးနေတယ်ဗျ။ ဒါပေမဲ့ ပါးစပ်က ထွက်လာတဲ့ အသံကြီးကတော့ ယောကျာ်းသံကြီးဗျို့။

"မင်းက ငါ့ကိုယ်များ မလေးမခန့်နဲ့၊ ငါ လုပ်လိုက်ရရင် နာတော့မယ်"

"ဟား ဟား၊ ဟား ဟား မင်းလား ငါ့ကို လုပ်လို့ရမှာ၊ ငါက သီပေါမင်း ပါတော်မမူခင်ကတည်းက သရဲဖြစ်နေတဲ့ကောင်ကွ၊ ငါက မင်းတရားအမိန့်ခံ ပါးကွက်အာဏာသားကွ သိသလား၊ ငါသရဲဖြစ်နေတာ နှစ်ပေါင်းရာကျော်နေပြီ၊ မင်းလိုဆရာလောက်





တော့ နည်းနည်းမှ မမှုဘူးကွ"

"ဩော် ဒီလိုလား၊ ပါးကွက်သားပေတိုး၊ ကဲ အဘတို့ခင်ဗျာ ဒီပါးကွက်သားသရဲကို ကြိုးအမြန်တုတ်ပေးကြပေတော့ဗျာ"

"ဟာ"

လာကြည့်တဲ့လူတွေ အံ့ဩပြီး အော်လိုက်ကြတာဗျို့။ ကျုပ်လည်း အံ့ဩတာပဲဗျာ။ စိန်ခင်က ချက်ချင်းလက်နှစ်ဖက်ကို လက်ပြန်ကြိုးတုတ်သလို ဖြစ်သွားတာဗျို့၊ အောင်မာ ရုန်းနေသေးတယ်ဗျို့။ တကယ်ကို ကြိုးနဲ့တုတ်ထားတဲ့ ပုံပဲဗျာ။

ဆရာပွားက ဘုရားစင်မှာ ထောင်ထားတဲ့ သူ့ရဲ့ကြိမ်လုံးကို လှမ်းယူလိုက်တယ်။ ပြီးတော့ သူ့နှုတ်ခမ်းမွေးကြီး သပ်လိုက်ပြီး ကြိမ်လုံးကို လေထဲမှာ ရိုက်လိုက်တယ်။

"ရွှမ်း"

"အောင်မယ်လေးဗျ"

"ရွှမ်း"

"အောင်မယ်လေးဗျ"

"ဟာ လေထဲမှာ ရိုက်တာနဲ့ ထိတာဟ"

ကျွက်စီ-ကျွက်စီအသံတွေ ထွက်လာတယ်ဗျို့။ ဟုတ်တော့လည်း ဟုတ်သားဗျ။ ကြိမ်လုံးကို လေထဲမှာ ရိုက်ရုံနဲ့ ပေတိုးကိုက အော်နေတာဗျ။ တော်တော်တော့ ထူးဆန်းတဲ့ ပညာတွေပဲဗျာ။ ဆရာပွားက အရိုက်ရပ်လိုက်ပြီး ပြောတယ်ဗျ။

"ပါးကွက်သားပေတိုး၊ သရဲပေတိုး၊ နင် ဒီရွာက အမြန်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားရမယ်၊ အဘဆရာကြီးတွေရဲ့ အမိန့်၊ ငါ့အမိန့်ပေါ့။ ကြားလား ပေတိုး"

ပေတိုးက ဘာမှပြန်မပြောဘူးဗျ။ ငြိမ်နေတယ်။

"ရှမ်း"

"အား"

"ရှမ်း"

"အား"

ဆရာပွားက ကြိမ်လုံးကို လေထဲမှာ ထပ်ရိုက်တယ်။

ဆရာပွားက နောက်တစ်ချက်ရိုက်မလို့ ကြိမ်လုံးကို ရွယ်လိုက်တဲ့အချိန်. . .

"ဖြုတ်"

ကြိုးတစ်ချောင်း ပြတ်သွားတဲ့အသံကြီးဗျ။ လူတွေအားလုံး အံ့သြပြီး ကြည့်နေတုန်းမှာ. . .

"ဒုန်း"

"ဟာ စိန်ခင် လဲသွားပြီ၊ စိန်ခင် လဲသွားပြီ"

လူတွေ ဝိုင်းအော်ကြတယ်ဗျ။ နတ်ကတော် စိန်ခင်၊ ထိုင်နေရာကနေ နောက်ကို ဒုန်းခနဲ လဲကျသွားတာဗျို့။

"ပေတိုးကြီး စာယ်ရောက်သွားတုံးဟ"

"ထွက်သွားတာနေမှာပေါ့ကွ၊ စောစောက ကြိုးပြတ်တဲ့အသံကြီး ကြားလိုက်သားပဲ၊ တုတ်ထားတဲ့ကြိုးကိုဖြတ်ပြီး ပြေးတာနေမှာပေါ့"





"ဟော့ အားလုံးငြိမ်ကြစမ်း၊ တစ်ယောက်တစ်ပေါက်နဲ့ ဆူနေတာပဲ"

ဘိုးညီလေးက ထအော်လိုက်တော့မှ ငြိမ်သွားကြတယ်ဗျို့။ ဆရာပွားက သူ့ရဲ့ ရေစင်ပုလင်းထဲကရေနဲ့ စိန်ခင်မျက်နှာကို တောက်လိုက်တယ်။

"အင်း"

ဟော စိန်ခင် သတိရလာပြီဗျို့။ မျက်လုံးပြူးပြူးနဲ့ ဟိုကြည့် ဒီကြည့် လုပ်နေတယ်ဗျ။ ပြီးတော့ လဲနေရာက ဖျာဖျားသလဲထထိုင်ပြီး ရှက်ကိုးရှက်ကန်းနဲ့ လူတွေကို လိုက်ကြည့်နေတယ်။

"ဒီကောင် မလွယ်ဘူးဗျို့၊ ကျုပ် နည်းလမ်းရှာဦးမယ်ဗျာ"

ဆရာပွားက ဘိုးညီလေးကို ပြောတယ်ဗျ။ စိတ်ထဲမှာ တော်တော်ခံပြင်းနေပုံပဲဗျ။

"ယုံပါတယ် ဆရာရယ်၊ ဆရာ့ကို ကျုပ်တို့တစ်ရွာလုံး ယုံပါတယ်။ စောစောက အဖြစ်အပျက်တွေကို အားလုံးမြင်ကြတာပဲလေ"

"ဟုတ်ပါတယ် ဆရာကြီး၊ ဆရာကြီးရဲ့ ပညာစွမ်းကို ကျုပ်တို့ အံ့သြကြပါတယ်ဗျာ"

"ကဲ ကိုညီလေးရေ၊ ရွာသားတွေကို ပြန်လွှတ်လိုက်ပေတော့ဗျာ၊ ကျုပ်လည်း ဘုရားရှိခိုး ပုတီးစိပ်လိုက်ဦးမယ်၊ ပြီးတော့မှ အကြံလေး ဘာလေး ထုတ်သေးတာပေါ့ဗျာ။ ဒီကောင့်အစွမ်းလည်း ကျုပ်တို့ သိပြီပဲလေ၊ ဘယ်လိုလုပ်ရမယ်ဆိုတာ နည်းလမ်းတွေ့မှာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဘိုးညီလေးက ရွာသားတွေကို အလုပ်လုပ်စရာ လုပ်ကြဖို့ ပြန်လွှတ်လိုက်တယ်။ စိန်ခင်ကိုတော့ ဘိုးညီလေးရဲ့ချွေးမက အိမ်ပေါ်ကို ခေါ်သွားတယ်ဗျ။ ဘုရားခန်းမှာ ဆရာပွားရယ်၊ ဘိုးညီလေးရယ်၊ ကိုကြီးစိန်သောင်းနဲ့ ကျုပ်ပဲ ကျန်နေခဲ့တာလေ။ ဆရာပွားက ရေနွေးကြမ်း နှစ်ခွက်ကုန်အောင်သောက်ပြီး ငြိမ်နေတယ်ဗျ။ ကျုပ်တို့လည်း ငြိမ်နေကြတာပေါ့ဗျာ။

“အင်း ကျုပ်သိပြီဗျို့၊ ကဲ ဒီညတော့ မလုပ်သေးဘူးဗျာ ပြင်ဆင်စရာတွေ ရှိသေးတယ်ဗျ။ မနက်ဖြန်ညမှပဲ လုပ်မယ်။ ကဲ မောင်တာတေရေ ကျုပ်ကိုတော့ မင်းကူညီမှဖြစ်မယ်နော်၊ မနက်ဖြန် ညနေစောင်းလောက် ဒီကိုရောက်အောင် ပြန်လာခဲ့ကွယ်”

“ဟာ စိတ်ချ ဆရာကြီး၊ ကျုပ် လာခဲ့မယ်၊ ကဲ ကိုကြီးစိန်သောင်း ကျုပ် ရွာပြန်လိုက်ဦးမယ်၊ မနက်ဖြန်ညနေမှ ကျုပ် ပြန်လာခဲ့မယ်”

“အေး ပြန်တာပေါ့ကွာ၊ အခုတော့ အိမ်လိုက်ခဲ့ပါဦးကွာ စကားလေး ဘာလေး ပြောကြတာပေါ့ တာတေရာ”

ကျုပ်နဲ့ ကိုကြီးစိန်သောင်း၊ ဘိုးညီလေးတို့အိမ်က ပြန်လာခဲ့တယ်ဗျ။ ကိုကြီးစိန်သောင်းတို့အိမ်မှာ ထမင်းစားပြီး တစ်ရေးတမော အိပ်လိုက်တယ်။ ညနေစောင်းမှပဲ ရွာကို ပြန်ခဲ့တယ်။

အိမ်ပြန်ရောက်တော့ အဘနဲ့ အမေကို သရဲပေတိုးအကြောင်း ပြောပြတော့ အံ့ဩလိုက်ကြတာလေ။

ကျုပ်လည်း တစ်နေ့လုံး သွားလာပြီး ညောင်းနေတော့ ခပ်စောစောပဲ အိပ်လိုက်တယ်။





မနက် ကျုပ်အိပ်ရာကနိုးတော့ အိမ်ရှေ့မှာ အဘတို့ အမေတို့နဲ့ စကားပြောနေတဲ့ ညှော်သည်အသံကြားလို့ ကျုပ် ထွက်ကြည့်လိုက်တယ်။

“ဟင် ကိုကြီးစိန်သောင်းပါလား၊ အစောကြီး ရောက်လာပါလားဗျ”

“ရောက်ဆို ညက ရွာမှာ ပြဿနာတွေ ဖြစ်ကုန်ပြီ တာတေရေ”

“ဟင် ဘာဖြစ်လို့တုံးဗျ”

“ရွာထဲကကောင်တွေ မနေ့က ညနေက ငွေယားကုန်းကကောင်တွေနဲ့ ဘောချိန်းကန်ကြတယ်လေ”

“အဲဒါ ဘာဖြစ်လို့တုံးဗျ၊ ဒီကောင်တွေ ခါတိုင်းလည်း ကန်တာပဲမို့လား”

“အေး ခါတိုင်းလို မဟုတ်ဘူး တာတေရေ၊ မင်း ရွာလယ် ...င်းက တင်ကြည့်ညီ ဆင်ပေါက်ကို သိတယ်မို့လား”

“သိတာပေါ့ ကိုကြီးစိန်သောင်းရဲ့”

“အေး ဆင်ပေါက်က လူလည်လုပ်ပြီး လောင်းကြေးများ ...ထပ်ပြီး ငွေယားကုန်းကို စိမ်ခေါ်တယ်ဆိုပဲကွ၊ ပြီးတော့ ကြိမ်းသေပေါက်နိုင်အောင် ငါလုပ်ပေးမယ်ဆိုပြီး သူက သရဲပေတိုးကို သွားပြောဆိုပဲ”

“ဟင် ဘယ်မှာ သွားပြောတာတုံး”

“ဟိုလက်ပံပင်ကြီးလေကွာ၊ ရွာနောက်ဘက်က လက်ပံပင်ကြီးလေကွာ၊ ပေတိုးကြီးကို အမဲသား သွားကျွေးရတဲ့ လက်ပံပင်ကြီးလေ”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဟုတ်ပြီ ဟုတ်ပြီ၊ ဆင်ပေါက်က ဘာသွားပြောတုံး ဗျ"

"သရဲပေတိုးကြီး ဒီညနေ ကစားမယ့် ဘောလုံးပွဲမှာ ကျုပ်တို့နိုင်အောင် လုပ်ပေးရင် ခင်ဗျားကို ဘောလုံးပွဲပြီးတာနဲ့ ဒီည အမဲသား နှစ်ပိဿာချက်ပြီး ထမင်းနဲ့ ကျွေးမယ်တဲ့ကွာ"

"ဩော်"

"ပြီးတော့ သူတူ ငမှတ်ဆိုတဲ့ကောင်ကို ဝက်စုလွှတ်လိုက်သတဲ့။ အဲဒီရွာမှာ ပြီးခဲ့တဲ့ညက အမဲပေါ်မယ်ဆိုလို့ ငမှတ်ကို ပိုက်ဆံပေးပြီး အမဲသား နှစ်ပိဿာ ဝယ်ခိုင်းလိုက်သတဲ့"

"ဩော် ဩော်"

"အဲဒါ မနေ့ကညနေ-ဘောကန်တော့ ဒီကောင်တွေ တစ်ခါမှ မနိုင်တဲ့ ငွေယာ်းကုန်းကို အပြတ်အသတ်ကို နိုင်သတဲ့ကွာ ကိုးဂိုးတောင် သွင်းလိုက်တယ်ဆိုပဲ၊ အဲဒီမှာ ပြဿနာတက်တော့တာပေါ့ကွာ"

"ဟင် ဘာဖြစ်လို့တုံးဗျ"

"ဘာဖြစ်ရမှာတုံးကွ၊ ဝက်စုကိုသွားတဲ့ ငမှတ်က မျက်နှာ မျက်နှာပျက်ပြီး ပြန်ရောက်လာတယ်တဲ့ဟေ့"

"ဘာဖြစ်လို့တုံး၊ အမဲသား မရခဲ့လို့လား"

"ရတယ်ကွ ပေတိုးရဲ့၊ ဒါပေမဲ့ သူရောက်တာ နောက်ကျသွားလို့ ငါးဆယ်သားပဲ ရလာတာတဲ့"

"ဩော်"

"ဒီတော့ ဆင်ပေါက်က ပြောသတဲ့။ ဘယ်တတ်နိုင်မှာတုံး





ကွာ၊ ငါက နှစ်ပိဿာ ဝယ်ခိုင်းတာပဲ၊ ရမှ မရတာ၊ ရသလောက်ပဲ ချက်ကျွေးရမှာပေါ့၊ ပေတိုးကြီးမှာ နှစ်ပိဿာ စားရဖို့က မရှိလို့ ဖြစ်မှာပေါ့ ဟား ဟား၊ ဟား ဟား လို့ အော်ရယ်တယ်တဲ့။ ကျန်တဲ့ ဘောလုံးကန်တဲ့ကောင်တွေကလည်း ဝိုင်းရယ်ကြတာပေါ့ကွာ။ အဲဒါနဲ့ အမဲသားကျက်တော့ ထမင်းနဲ့ လက်ပံပင်ကြီးအောက်ကို သွားကျွေးကြသတဲ့။ မိုးချုပ်စပြုတဲ့အချိန်ပေါ့ကွာ"

"အင်း အဲဒီတော့ ဘာဖြစ်တုံးဗျ"

"ဘာဖြစ်ရမှာတုံး တာတေရာ၊ ပေတိုးကြီးက ထမင်းတွေ၊ အမဲသားတွေ ခါတိုင်းလိုပဲ စားတာပေါ့ကွာ၊ ဒီတော့ ဆင်ပေါက်တို့ကလည်း အဆင်ပြေသွားပြီဆိုပြီး လှည့်အပြန်မှာ 'အုန်း အုန်း' ဆိုတဲ့ အသံကြီး နှစ်ချက်ထွက်သွားပြီး ဆင်ပေါက် ထိုးလဲသွားရောတဲ့ဟေ့"

"ဟာ ဟိုကောင် ရိုက်လိုက်တာနေမှာပေါ့ဗျ"

"ဒါပေါ့ကွာ၊ ပါးစပ်ကနေ သွေးတွေ ပွက်ခနဲ ပွက်ခနဲ အံတာတဲ့ကွာ၊ တစ်ခါတည်း ပွဲချင်းပြီးပါရောလားကွ"

"ဟာ ဆင်ပေါက် သေသွားတာပေါ့ ဟုတ်လား ကိုကြီးစိန်သောင်း"

"အေး ဟုတ်တယ် တာတေရေ၊ ဆင်ပေါက် ညက သေပြီကွ"

"ဟင် ဒီကောင် လူပါသတ်ပြီပေါ့"

"အေးပေါ့ကွာ၊ မနက်ပိုင်းက ဆရာပွားက သူ့ကို ကြိမ်လုံးနဲ့ နှက်ထားတော့ ဒေါသကလည်း ဖြစ်နေမှာပေါ့ကွာ။ ဆင်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကို သယ်လာပြီး ကြည့်လိုက်တော့ ကျောကုန်းမှာ လက်ဝါးရာကြီးနှစ်ခု တွေ့တယ်ကွ တာတေရ"

ကျုပ်လည်း ဘာပြောရမှန်း မသိအောင် ဖြစ်နေတော့တာ ပေါ့ဗျာ။ ဆင်ပေါက်အစ်ကို တင်ကြည် ဆိုတာက ကျုပ်တို့နဲ့ ငယ်သူငယ်ချင်းတွေဗျ။ ဆင်ပေါက် ဆိုတဲ့ကောင်က ကျုပ်တို့လက်ပေါ်မှာတင် ကြီးလာတဲ့ကောင်ပေါ့။ ကျုပ်ဖြင့် စိတ်မကောင်းလိုက်တာဗျာ။

"အဲဒါ မင်းကို လာခေါ်တာကွ၊ ဆရာပွားက မင်းကို မိုးလင်းလင်းချင်း သွားခေါ်လို့ပြောတယ်၊ ဒီည လုပ်စရာတွေကို ကြိုပြီးလုပ်ဖို့တဲ့ကွာ"

"အင်း . . . ကျုပ် လိုက်ခဲ့မယ်ဗျာ၊ ဟိုကောင်လေး အသုဘလည်း သွားဦးမယ်လေ"

ကျုပ် ပြောပြောဆိုဆိုနဲ့ အခန်းထဲဝင်ပြီး ဆရာနွံဖပေးခဲ့တဲ့ မျက်ကွင်းဆေးတော်နဲ့ သစ်စုန်းဆေးတော်ကို ယူရတာပေါ့ဗျာ။ ပြီးတော့ အဝတ်အပိုတစ်စုံကို လွယ်အိတ်ထဲထည့်ပြီး အဘနဲ့ အမေကို တင်ကြည့်ညီ အသုဘချပြီးမှပဲ ပြန်ခဲ့မယ်လို့ ပြောခဲ့တယ်။

ကိုကြီးစိန်သောင်းနဲ့ ကျုပ်နဲ့ ဘန့်ဘွေးကုန်းကို ရောက်တော့ ဘုန်းကြီးကျောင်းက ဆွမ်းစားသံချောင်းတောင် ခေါက်ပြီဗျ။

ကိုကြီးစိန်သောင်းက ကျုပ်ကို သူ့အိမ်ခေါ်သွားတယ်။ ခဏတဖြုတ် နားနေပြီးတော့ အရီးလုံးကြည်က ကျုပ်တို့ကို ထမင်းကျွေးသဗျ။ ကျုပ်လာမယ်ဆိုတာ သိနေလို့ရှိမယ်ဗျ၊ အိမ်က ကြက်တစ်ကောင် ချက်ထားတယ်။ ကျုပ်လည်း ဆာဆာရှိတာနဲ့ တော်တော်ကို စားပစ်လိုက်မိတာဗျို့။ ထမင်းစားပြီးတော့ နဂါးဆေးပေါ့





လိပ်ကလေး မီးညှိပြီး ဖွာနေလိုက်တယ်။ တအောင့်တနား နားပြီးမှ-

"ကဲ တာတေရေ၊ ဘိုးညီလေးတို့အိမ်ကို သွားကြစို့ဟေ့"

ကိုကြီးစိန်သောင်းက ပြောတာနဲ့ ကျုပ်တို့နှစ်ယောက် ဘိုးညီလေးတို့ဘက်ကို ထွက်ခဲ့ကြတယ်။

"ဟာ တာတေ ရောက်ပြီလားကွ၊ ကဲ လာဟေ့ လာ လာ"

အိမ်ဝိုင်းထဲ ဝင်လိုက်တာနဲ့ ဘိုးညီလေးက ဝမ်းသာအားရ လှမ်းခေါ်တယ်ဗျ။ ကိုကြီးစိန်သောင်းနဲ့ ကျုပ်နဲ့ အိမ်ပေါ်ရောက်တော့ ဘုရားခန်းမှာ ပုတီးစိပ်နေတဲ့ ဆရာပွားကို တွေ့တယ်။ ဒါနဲ့ ကျုပ်တို့လည်း စကားသိပ်မပြောဘဲ ငြိမ်နေလိုက်တယ်။ ခဏနေမှ ကိုကြီးစိန်သောင်းက အသံခပ်အုပ်အုပ်လုပ်ပြီး . . .

"ဆင်ပေါက် အသုဘကိုတော့ ဒီကကိစ္စတွေပြီးမှပဲ သွားကြတာပေါ့ကွာ"

"အင်း ဒီလိုပဲ လုပ်ရတော့မှာပေါ့ဗျာ"

"ဩော် မောင်တာတေ ရောက်ပြီကိုး၊ အေး ဒီညတော့ ပွဲကြီးပွဲကောင်းပေါ့ကွာ။ သရဲပေတိုးက လူသတ်တဲ့အဆင့်တောင် ရောက်လာပြီဆိုတော့ ပြီးပြတ်အောင် ရှင်းရတော့မှာပေါ့လေ၊ ဒီလို မရှင်းနိုင်ရင် ဒီအနီးတစ်ဝိုက်က ရွာတွေကို ပိုပြီးဒုက္ခပေးတော့မှာ ပေါ့"

"ဟုတ်တာပေါ့ ဆရာကြီး၊ ကျုပ်ဘက်ကတော့ ဆရာကြီးတို့ကို ကူညီဖို့ အဆင်သင့်ပါပဲဗျာ"

လို့ ကျုပ်က ပြောလိုက်တော့ ဆရာပွားကြီးက သူ့ခဲ့ နှုတ်ခမ်းမွေးကြီးကို ကားသွားအောင် ပြုံးလိုက်တယ်ဗျ။ ဆရာပွား



www.burmeseclassic.com

www.burmeseclassic.com



ဉပဓိရုပ်တ မဆိုးပါဘူး၊ သီလ၊ သမာဓိရှိတဲ့ပုံပါပဲ။ ပြီးတော့ ရိုးသားမှု အပြည့်ရှိကဲ့ ရုပ်မျိုးဗျ။

"ဪ ဒါထက် ကျုပ် သတင်းသန့်သန့်ကြားတာက မောင်တာတေမှာ ဆရာကြီးတစ်ယောက် ချီးမြှင့်သွားတဲ့ မျက်ကွင်းဆေးတော်ဆိုတာ ရှိတယ်ဆိုကွဲ့"

"ဟုတ်ကဲ့ ရှိပါတယ် ဆရာကြီး၊ အဲဒါကို ကွင်းပြီးကြည့်ရင် နာနာဘာဝတွေကို အကုန်လုံး မြင်ရပါတယ်"

"အေး ဒါဆို ဟန်ကျပြီပေါ့ကွယ်၊ ကျုပ် ဒီညလုပ်မယ့် အစီအစဉ်က သချိုင်းထဲကိုသွားပြီး မဖဲဝါကို ဖိတ်ခေါ်မယ်။ ပြီးတော့ သူ့ကို အစားအသောက် ကျွေးရမှာပေါ့ကွယ်။ ပေတိုးကြီးကို ဆုံးမပြီး ထိန်းသိမ်းပေးဖို့ မဖဲဝါကို ပြောရမှာပေါ့ကွာ"

"ပေတိုးကြီးကို မဖဲဝါ နိုင်ပါ့မလား ဆရာကြီး၊ ဒီကောင်ကြီးက အတော်ကို ကြမ်းတာဗျ"

ကိုကြီးစိန်သောင်းက ဝင်ပြောတယ်။ ဒီတော့ ဆရာပွားက သူ့နှုတ်ခမ်းမွေးကြီးကိုသပ်ပြီး ပြောတယ်ဗျ။

"မောင်စိန်သောင်းရဲ့ သချိုင်းတစ်ရာ မဖဲဝါတဲ့ကွဲ့၊ သချိုင်းတွေ အများကြီး သူနဲ့ဆိုင်တာ၊ နာနာဘာဝတွေ အကုန်လုံးကို သူပိုင်တာကွဲ့။ သူ့ကို ဘယ်သူမှ မလွန်ဆန်နိုင်ပါဘူးကွယ်"

"ဪ ဒီလိုကိုး ဒါဆိုရင်တော့ ဒီည ပွဲကြီးပွဲကောင်းပဲပေါ့ဗျာ"

"ဟုတ်ပ့ါ မောင်စိန်သောင်းရေ ဪ ဒါထက် ကိုညီလေး ကျုပ်လုပ်ခိုင်းတာတွေ လုပ်ထားကြပြီလား"





"ဟာ လုပ်နေပြီ ဆရာရေ မြို့ကို မနက်စောစော လူလွှတ်ပြီး အမဲသား တစ်ပိဿာ ဝယ်ခိုင်းပြီး ကျကျနနကို ချက်ခိုင်းထားတယ်၊ ထမင်းလည်း ချက်ထားတယ်"

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကျုပ်နဲ့ မောင်တာတေက ညမိုးချုပ်တာနဲ့ သချိုင်းထဲကို သွားကြမှာ။ အချိန်ကျတာနဲ့ တစ်ပြိုင်နက်တည်း ကျုပ်က မဖဲဝါကိုခေါ်ပြီး ကျွေးမွေးမှာဗျ။ မောင်တာတေကတော့ ဆေးကွင်းလာခဲ့ပေါ့ကွာ။ မင်းမြင်တာတွေ ကျုပ်ကို ပြောပြပေတော့။ ဒါမှ ကျုပ်လည်း သိရမှာပေါ့၊ ဟုတ်ဖူးလား မောင်တာတေ"

"ဟုတ်ပါတယ် ဆရာကြီး၊ ကျုပ် ဆေးဆွင်းခဲ့မှာပါ၊ ကျုပ်မှာ အားလုံးပါလာပါတယ်"

ကျုပ်တို့ ဆရာပွားကြီးနဲ့ စကားတွေ ထိုင်ပြောကြရင်းနဲ့ တဖြည်းဖြည်း ညနေစောင်းလာတာပေါ့ဗျာ။ နောက်တော့ မိုးချုပ်သွားတာပေါ့ဗျာ။

ကျုပ်က မျက်ကွင်းဆေးကိုထုတ်ပြီး ကွင်းလိုက်တယ်။ ဆရာပွားကြီးနဲ့ ကျုပ်နဲ့ သချိုင်းထဲရောက်တော့ပဲ မိုးတော်တော်ချုပ်နေပါပြီ။ လဆန်း ၃ ရက်မို့ လကွေးကွေးကလေးက ထောင်းထင်းမှာသာနေတယ်ဗျ။ သချိုင်းကတော့ မှုန်ဝါးဝါးကလေးပဲ မြင်ရတာပေါ့ဗျာ။

"အင်း နည်းနည်းတော့ စောသေးတယ် မောင်တာတေရဲ့"

ဆရာပွားက ပြောပြီး ဇရပ်ပေါ်ကို တက်သွားတယ်။ ကျုပ်တို့နှစ်ယောက် ဇရပ်ပေါ်မှာ တက်ထိုင်ပြီး ဆေးလိပ်တစ်လိပ်စီ ဖွာနေကြတယ်။ ညကိုးနာရီလောက်ရောက်တော့မှ ဆရာပွားက . . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ မောင်တာတေရေ အလုပ်တော့ စမှပဲ"

ပြောပြောဆိုဆိုနဲ့ ဆရာပွားက အသင့်ယူလာတဲ့ ငှက်ပျောဖက်နဲ့ထုပ်ထားတဲ့ ထမင်းထုပ်ကြီးကို တောင်းထဲကထုတ်ပြီး ဘွားတော်ကြီး ဒေါ်မယ်ခရဲ့ အုတ်ဂူကြီးပေါ်မှာ ဖြည်လိုက်တယ်။ ထမင်းတွေရော၊ ဟင်းတွေရော မနည်းပါဘူးဗျာ။ အနံ့ကို မွှေးနေတာပဲဗျို့။ ကျုပ်စိတ်ထဲက တစ်ခုစိုးရိမ်နေတာဗျ။ မဖဲဝါ မလာဘဲ ပေတိုးကြီး ဝင်ကြိတ်သွားမှာကိုပူတာ။ ကျုပ်က မျက်ကွင်းဆေး ကွင်းထားတာဆိုတော့ နာနာဘာဝ လာလည်း မြင်မှာပဲလေ။ သင်္ချိုင်းတစ်ခုလုံးကို ကျုပ် လျှောက်ကြည့်လိုက်တယ်။ ဘာကောင်မှတော့ မတွေ့ဘူးဗျ။

"တဲ သင်္ချိုင်းတစ်ရာ မဖဲဝါဗျာ၊ ကျွန်ုပ်ဆရာပွားက မဖဲဝါကို အကြောင်းပြုပါတယ်။ ရောက်တဲ့အရပ်ကနေ ချက်ချင်းကြွလာခဲ့ပါ၊ ကြွလာခဲ့ပါ၊ အထက်ဆရာကြီးတွေရဲ့ ခိုင်းစေမှုကြောင့် ကျွန်ုပ်က ပင့်ဖိတ်ပါတယ်။ မြန်မကြာ လှမ်းကာကြွခဲ့ပါ၊ သင်္ချိုင်းတစ်ရာ မဖဲဝါ"

ဆရာပွားကြီးက ဘွားမယ်ခရဲ့ အုတ်ဂူကြီးရှေ့မှာ ခြေစုံရပ်ပြီး ပြောနေတာဗျ။ ကျုပ်ကတော့ ဇရပ်ပေါ်ကပဲ ရပ်ပြီးကြည့်နေတာပါ။

"ဟော လာပြီဗျို့၊ လေထဲကနေ မျောလာပြီဗျို့၊ အရပ်ကြီး ဆယ်ပေကျော်လောက် ရှိမယ်ထင်တယ်ဗျ။ လရောင်ကလေး မှုန်ပျပျအောက်မှာ မြင်နေရတာဗျ။ ဆံပင်ဖားလျားကြီးချလို့ဗျို့။ ထဘီအနက်ကြီး ဝတ်ထားတယ်ဗျ။ အပေါ်က အင်္ကျီက ခါးတောင်အင်္ကျီ





ဗျ။ နန်းတွင်းသူတွေ ဝတ်တဲ့ပုံစံမျိုးဗျ။ ဟော ဘွားမယ်ခရဲ့ အုတ်ဂူပေါ်မှာရပ်ပြီး ထမင်းတွေ၊ ဟင်းတွေကို စိုက်ကြည့်နေတယ်ဗျို့။ ခြေထောက်က အုတ်ဂူနဲ့ ထိနေတာ မဟုတ်ဘူးဗျို့။ လေထဲမှာ မြောက်နေတာ။ ဆရာပွားက ရေဖလားကြီးနဲ့ ရေအပြည့်ထည့်ပြီး ဂူပေါ်မှာ တင်လိုက်တယ်ဗျ"

"ဆရာကြီး နောက်ဆုတ်လိုက်တော့"

ကျုပ်က သတိပေးလိုက်တော့မှ ဆရာပွားက သဘောပေါက်သွားပြီး နောက်ကို တစ်လံလောက် ဆုတ်ပေးလိုက်တယ်ဗျ။ ဒီတော့မှ မဖဲဝါက ဂူပေါ်မှာ ဆောင့်ကြောင့်ထိုင်လိုက်ပြီး အမဲသားနဲ့ ထမင်းကို သူ့လက်ကြီးနဲ့ ဆုပ်ဆုပ်ပြီး ပါးစပ်ကြီးထဲကို ထိုးထည့်တော့တာပဲဗျို့။ စားရင်းနဲ့ ဆရာပွားကြီးကို ကြည့်လိုက်၊ ကျုပ်ကို လှမ်းကြည့်လိုက် လုပ်နေတယ်ဗျို့။ ကျုပ်ဆိုတာ ကြက်သီးတွေ ဖျန်းခနဲ ဖျန်းခနဲ ထသွားတာဗျို့။ ဆရာပွားက ပြိုက်ခနဲ လျော့လျော့သွားတဲ့ ထမင်းတွေ ဟင်းတွေကိုကြည့်ပြီး သဘောပေါက်သွားရတယ်ဗျ။

"သင်္ချိုင်းတစ်ရာ မဖဲဝါလို့ ကျော်ကြားတဲ့ သင်္ချိုင်းပိုင်အရှင်မ မဖဲဝါဗျာ၊ ဒီရွာမှာ ဘယ်နယ်က ရောက်လာမှန်း မသိတဲ့ ပေတိုးဆိုတဲ့ သရဲတစ်ကောင်ဟာ အတော်ကလေး သောင်းကျန်းနေပါတယ် အရှင်မ မဖဲဝါ။ ရွာထဲက လူတွေကို ဝင်ပူးလား ပူးရဲ့၊ အမဲသား ချက်ကျွေးခိုင်းလား ခိုင်းရဲ့၊ သူ့ကိုကြောက်လို့ ရွာသူရွာသားတွေမှာ ကောင်းကောင်းကို မနေဝံ့ကြတော့ပါဘူး။ အနီးအနားက ရွာတွေမှာ ဆိုရင်လည်း လူတွေ ဒီသရဲကို လန့်ထိတ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဆရာ့အမိန့်ကိုလည်း အာခံတယ်။ အထက်ဆရာကြီးတွေကိုတောင် မထီမဲ့မြင် ပြုနေပါတယ်။ မဖဲဝါ မနေ့ညကပဲ မလိမ်မိုးမလိမ့်မှာ သူငယ်လေးတစ်ယောက်ကို ပေတိုးက ရိုက်သတ်လိုက်ပါတယ်"

"အား ဟင်း၊ ဟင်း ဟင်း ဟင်း"

မဖဲဝါက ထမင်းစားရင်းနဲ့ ဒေါသဖြစ်သွားပုံပဲဗျ။ အသံနက်ကြီးနဲ့ အော်လိုက်တယ်။ ဒါကို ဆရာပွားကတော့ ကြားမယ်မထင်ဘူးဗျ၊ မျက်ကွင်းဆေး ကွင်းထားတဲ့ ကျုပ်ပဲ ကြားရတာ။ ဆရာပွားကတော့ ဆက်ပြီးပြောတယ်။

"ဒါကြောင့် အခုလို မဖဲဝါကို ပင့်ဖိတ်ပြီး ဒီအကြောင်းတွေတိုင်ကြားရတာပါ။ ဒီသရဲက ရွာအနောက်က လက်ပံပင်ကြီးမှာနေပါတယ်။ သူ့ကိုယ်သူ ပြောတာကတော့ သီပေါဘုရင်လက်ထက်က ဖါးကွက်အာဏာသားတဲ့ဗျာ။ အရှင်မ မဖဲဝါကို အာခံနိုင်တဲ့သရဲ၊ တစ္ဆေ မရှိနိုင်ဘူးဆိုတာ ကျွန်ုပ်ဆရာပွား ကောင်းကောင်းသိပါတယ် မဖဲဝါ၊ ဒီအကောင်ကို အခုပဲ ဆုံးမပေးပါဗျာ"

မဖဲဝါက ထမင်းတွေ ကုန်အောင်စားပြီးသွားလို့ ရေခွက်ကြီးကို မော့သောက်နေတယ်ဗျ။ ပြီးတော့ ကျန်တဲ့ရေနဲ့ လက်တွေတောင် ဆေးလိုက်သေးသဗျ။

ပြီးတော့ ဆရာပွားကို မျက်လုံးနီနီကြီးတွေနဲ့ စိုက်ကြည့်ပြီးသူ့လက်ကြီးနဲ့ ဘေးကိုရမ်းပြတယ်ဗျ။ ဆရာပွားကို ဘေးဖယ်နေလို့ပြောတာနဲ့တူတယ်။

"ဆရာကြီး ဒီဇရပ်ပေါ်ကို မြန်မြန်လာ"





ကျုပ်ခေါ်သံကြားတော့ ဆရာပွားကြီးလည်း ဇရပ်ပေါ်ကိုပြေးတက်လာတယ်ဗျ။

"ဘာမြင်လို့လဲ မောင်တာတေ"

"မဖဲဝါက ဆရာကြီးကို ဘေးဖယ်နေဆိုပြီး လက်နဲ့ရမ်းပြတယ်ဗျ။ ဟော ဟော ဂူပေါ်မှာ မတ်တတ်ကြီး ထရပ်လိုက်ပြီဗျို့။ ဟာ ခေါင်းကြီးအပေါ်မော့ပြီး ပါးစပ်က ပွစိ ပွစိနဲ့ ပြောနေတယ်ဗျို့။ ဟာ မဖဲဝါ ရပ်နေတဲ့ ဂူကြီးဘေးမှာ သရဲကြီးနှစ်ကောင်ပေါ်လာပြီဗျို့။ လက်ထဲမှာလည်း တင်းပုတ်ကြီးတွေ ကိုင်လို့ဗျ။ ဟာ တင်းပုတ်ကြီးတွေမှာ သံချွန်ဆူးကြီးတွေ ပါတယ်ဗျ။ ဟာ တစ်ကောင်က ကြိုးခွေကြီးတစ်ခွေတောင် ကိုင်ထားသေးသဗျ"

"ဟေ ဟုတ်လား၊ မောင်တာတေ မြင်နေရတယ်ပေါ့။ ဟန်ကျလိုက်တာကွာ"

ဘာသံပါလိမ့်။ ရွာဘက်က ကြားတာဗျ။ ရှူး ရှူးနဲ့ နှာမှုတ်သံကြီးဗျ။ ဟာ နွားနီကြီးဗျ။ ဒါ ဆင်ပေါက်တို့ တင်ကြည်တို့အိမ်ကနွားကြီးပဲ။ ဟာ နွားပေါ်မှာ အကောင်ကြီးတစ်ကောင်ဗျ။ ဟာ ပေတိုးဆိုတာ ဒီကောင်ကြီးပဲ ထင်တယ်ဗျို့။ နွားကလည်း တရှူးရှူးနှာမှုတ်၊ ခွာတွေ တဖြောင်းဖြောင်းယက်နေပါရောလား။ နွားပေါ်မှာ ဆံပင်ဖားလျားကြီးချထားတဲ့ကောင်ကြီးဗျ။ နည်းတဲ့အကောင်ကြီးမှ မဟုတ်တာ။ တစ်ကိုယ်လုံး အမွေးတွေ ဖုံးနေတာဗျို့။ မည်းနက်နေတာပဲ။ မျက်လုံးကြီးတွေက တစ်လုံး တစ်လုံးကို ရေနွေးကြမ်းပန်းကန်လောက်ရှိမယ်ထင်တယ်။ နီရဲပြီး အပြင်ကို ပြူထွက်နေတာဗျို့။ အရောင်ကို တောက်နေတာပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး သတိထားနော်၊ ပေတိုးကြီး လာပြီဗျ၊ နွားနီကြီးကို စီးလာတာဗျို့။ မဖဲဝါ ခေါ်လိုက်လို့ လာတာဖြစ်မယ်ဗျ၊ ဒါပေမဲ့ ပုံစံကြည့်ရတာ မကောင်းဘူးဗျ၊ မဖဲဝါကို ရိုကျိုးတဲ့ပုံ မရှိဘူးနော်"

"ဟာ ဟုတ်လားကွ၊ နွားပေါ်မှာ ဒီကောင်ကြီး ပါလာသလား"

"ပါတယ် ပါတယ်၊ ဟော ဟော နွားက ကဆုန်ပေါက်ပြီး ပြေးလာပြီ။ ဟာ ဆရာကြီး၊ ပေတိုးကြီးက ကျုပ်တို့နှစ်ယောက်ကို လှမ်းပြီးစိုက်ကြည့်နေတယ်ဗျို့။ ဟာ နွားကြီး ကျုပ်တို့ဇရပ်ဘက်ကို ပြေးလာပြီ၊ တက် တတ် ဆရာကြီး၊ ထုတ်တန်းပေါ် ရောက်အောင်တက်"

ကျုပ်လည်း ပြောပြောတဲ့က်တက်၊ တက်လိုက်တာ ထုတ်တန်းပေါ်ကို ဘယ်လိုရောက်သွားမှန်းတောင် မသိတော့ပါဘူးဗျာ။ ဆရာပွားကြီးကို ကြည့်လိုက်တော့ လား လား ဘယ်အချိန်ကများ ထုတ်တန်းပေါ် ရောက်နေတယ် မသိပါဘူးဗျာ။ ထုတ်တန်းပေါ်မှာ အကျအနထိုင်လို့ဗျ။ တော်တော်ကိုသွက်တဲ့ ဆရာကြီးပဲဗျာ။ ဟော လာပြီဗျို့။ နွားနီကြီးက ဇရပ်ပေါ်ကို လွှားခနဲ ခုန်တက်လာတာဗျို့။ နွားပေါ်မှာ ပေတိုးကြီးက ခွစီးလို့ဗျ။

"ရှူး ရှူး ရှူး ဖြောင်း ဖြောင်း"

အောင်မယ်လေး နွားနီကြီးက တရှူးရှူးနဲ့ နှာမှုတ်ပြီး ခွာဇောင်းနဲ့ ဇရပ်ကြမ်းပြင်ကို တဖြောင်းဖြောင်း ယက်နေတာဗျို့။ ကျုပ်တို့သာ ထုတ်တန်းပေါ်ကို အချိန်မီ မတက်နိုင်ရင် တွေးရဲစရာတောင် မရှိဘူးဗျာ။ ပေတိုးကြီးက နွားပေါ်ကနေ ဆရာပွားကြီးကို





စိုက်ကြည့်နေတယ်ဗျို့။ ဘာမှတော့ လုပ်နိုင်ပုံ မပေါ်ဘူးဗျ။ ကြည့်ရုံပဲကြည့်နေတာ။ အံတကြိတ်ကြိတ် လုပ်နေမှာပေ့ါဗျာ။ ဘန့်ဘွေးကုန်း သုသာန်ကဇရပ်က အုတ်နဲ့ဆောက်ထားပေလို့ပေ့ါဗျာ၊ မဟုတ်ရင်တော့ ပျိုကျသွားမှာ သေချာတယ်။

ဟော ပေတိုးကြီးက မဖဲဝါကြီးကို လှမ်းကြည့်တယ်ဗျ။

"ဖြန်း"

ဟာ နွားနီကြီးကို ဖြန်းခနဲ ရိုက်လိုက်တာ နွားနီကြီးက ဇရပ်ပေါ်က ဆင်းပြေးသွားပြီး မဖဲဝါတို့ရှိတဲ့ အုတ်ဂူဘက်ကို ကဆုန်ပေါက် ပြေးတော့တာပဲဗျို့။ ဆရာပွားနဲ့ ကျုပ်လည်း အောက်ကိုပြန်မဆင်းဝံ့တော့ဘဲ ထုတ်တန်းပေါ်ကပဲ အသာငုံ့ကြည့်နေကြရတာပေ့ါဗျာ။

"ဟာ ဆရာကြီးရေ. . . နွားကြီးက မဖဲဝါကို လိုက်ဝှေ့နေပြီဗျို့"

"ဟေ ဟုတ်လား၊ ဒီသရဲက အာဂသရဲပါလားဟေ့၊ မဖဲဝါကိုတောင် အာခံဝံ့တဲ့ကောင်ပဲ၊ ကြည့်ပါဦး မောင်တာတေရဲ့"

"မဖဲဝါက ဂူပေါ်ကဆင်းပြီး လေထဲမှာ ရွေ့နေတာဗျို့၊ ဟော နွားနီကြီးက တရှူးရှူး တရှဲရှဲနဲ့ကို လိုက်ဝှေ့တာဗျို့"

"ဟိုတင်းပုတ်နဲ့ နှစ်ကောင်က ဘာမှဝင်မလုပ်ကြဘူးလားကွ"

"ခုထိတော့ မလုပ်ကြသေးဘူးဗျ၊ ကြည့်နေကြတယ်"

"အင်း မဖဲဝါ အမိန့်မပေးသေးလို့ဖြစ်မယ်ထင်တယ်"

"ဟာ မဖဲဝါက ဂူတွေကြားထဲမှာ ရွေ့နေတယ်ဗျို့၊ ပေတိုး



www.burmeseclassic.com

www.burmeseclassic.com



ကြီးက မဖဲဝါကို လက်ညှိုးကြီးနဲ့ ထိုးပြီး နွားကိုဝှေ့ခိုင်းနေတာဗျ။ ဟာ မဖဲဝါ လေထဲကို ကြွတတ်သွားပြီဗျို့။ ဟော ဟော လက်ကြီး တစ်ဖက်မြှောက်လိုက်ပြီ၊ ရိုက်ပြီဗျို့၊ ရိုက်ပြီ"

"ဘုန်း ဘုန်း ဘုန်း"

"ဖြောင်း"

ပေတိုးကြီးကျောကို သုံးချက်ဆင့်ရိုက်တာဗျ။ နာရင်းကို တစ်ချက်၊ သွားပြီ၊ သွားပြီ။ ပေတိုးကြီး နွားပေါ်က ပြုတ်ကျသွားပြီဗျို့။ မြေပေါ်မှာ ကုန်းကုန်းကြီးဗျ။ ခေါင်းတောင် မထောင်နိုင်တော့ဘူးဗျို့။

"ပေတိုး ပြုတ်ကျသွားပြီ ဆရာကြီးရေ၊ ဟော ဟော တင်းပုတ်နဲ့ကောင်နှစ်ကောင် ပြေးသွားပြီ တစ်ကောင်က ပေတိုးကို ကြိုးတုပ်တယ်ဗျ။ တစ်ကောင်က သံဆူးတင်းပုတ်ကြီးနဲ့ လိုမ့်ရိုက်တော့တာပဲဗျို့။ မဖဲဝါက ဘာမှမလုပ်တော့ဘဲ ခါးကြီးထောက်ပြီး ရပ်ကြည့်နေတယ်ဗျို့။ လေထဲမှာ လေထဲမှာ၊ မြေကြီးမှာ ရပ်နေတာ မဟုတ်ဘူးဗျ"

ကြိုးသေသေချာချာတုပ်ပြီးမှ သရဲကြီးနှစ်ကောင်က ဆူး တင်းပုတ်ကြီးတွေနဲ့ ရိုက်ကြတာဗျို့။ ပေတိုးကြီးဆီက. . .

"အား အား ဝူး ဝူး အား"

ဆိုတဲ့ အသံကြီးနဲ့ အော်နေတာဗျို့။ ဟော မဖဲဝါရဲ့ တပည့် နှစ်ယောက်က ပေတိုးကြီးကို ဆွဲထူပြီး သွားခိုင်းနေပြီဗျို့။

"ဟော ဆရာကြီးရေ ပေတိုးကြီးကို ခေါ်သွားပြီဗျို့၊ မဖဲဝါ က ရှေ့ကနေ ရှေ့သွားနေတာ၊ ဟိုသရဲကြီးနှစ်ကောင်က ကြိုးတုပ်





ထားတဲ့ ပေတိုးကြီးကို တင်းပုတ်ကြီးတွေနဲ့ မနားတမ်းရိုက်ပြီး နောက်က လိုက်သွားကြတာ ဟော သချိုင်းအပြင်ကိုရောက်တော့ ဖြည်းဖြည်း ပျောက်သွားပြီဗျို့"

"အေး ဒါဆိုရင် ကိစ္စပြီးပြီပေါ့ကွာ၊ ဒီကောင်ကြီး ပါသွားပြီ ပေါ့"

ပြောပြောဆိုဆိုနဲ့ ဆရာပွားက ထုတ်တန်းပေါ်က ပြန် ဆင်းတယ်ဗျ။ ကျုပ်လည်း ပြန်ဆင်းခဲ့တယ်။

"ဟာ ဆရာကြီးရေ နွားနီကြီးက ဘာမှမသိသလို ငူငူကြီး ရပ်နေတယ်ဗျို့"

"အေးကွ၊ နွားလည်း ဘာဖြစ်သွားမှန်းကို မသိလိုက်ဘူး ထင်တယ်ကွ၊ ကဲ တို့လည်း ရွာထဲပြန်ကြစို့ကွာ၊ မောင်တာတေ နွားနီကြီးကိုပါ ဆွဲခဲ့ပါကွာ"

"ဟုတ်ကဲ့ ဆရာကြီး"

လို့ပြောပြီး ကြောက်လန့်နေတဲ့ နွားနီကြီးကို ကျုပ်က ဆွဲပြီး ဆရာပွားနဲ့ ကျုပ်နဲ့ ဘိုးညီလေးတို့အိမ်ကို ပြန်ခဲ့ကြတာပေါ့ဗျာ။

တာတေ

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



# သုသာန်ကျောင်းက ကောင်ဘထစ်

ဒီတုန်းက တာတေ ခုနစ်တန်းဗျ။

မြို့ကျောင်းမှာ တက်နေတာ။

ကျုပ်တို့ အတန်းပိုင်ဆရာက ဦးထွန်းလေ။ သင်္ချာ(
ဆရာဗျ။ ဂျော်မက်ထရီဆို လွှတ်ပိုင်တဲ့ ဆရာပါဗျာ။ စည်းကမ်း
လည်း တော်တော်ကြီးသားဗျ။ တာတေတို့အုပ်စုတလည်း မျောက်





အောင် ဆော့တဲ့ကောင်တွေ မဟုတ်လား။ ခဏခဏ အပြစ်ပေးခံရ သပေါ့ဗျာ။ တာတေတို့အုပ်စု ဆိုတာက တာတေရယ်၊ အောင်သိန်း ရယ်၊ မျက်မှေးရယ်၊ တက်ခါးရယ်၊ ဘထစ်ရယ်ပေါ့ဗျာ။ အဲဒီထဲမှာ အမွှေဆုံးကောင်ကတော့ ဘထစ်ပဲဗျ။ နေတာက သုသာန်ကျောင်း မှာ။ သုသာန်ကျောင်းကိုယ်တော် မွေးစားထားတာလို့ ပြောတာပဲ။ သူ့နာမည်အရင်းက ဘချစ်တဲ့ဗျ။ ဒါပေမဲ့ စကားပြောရင် လွှတ် ထစ်တဲ့ကောင်။ ဒါကြောင့် တစ်ကျောင်းလုံးက ဒီကောင့်ကို ဘထစ် လို့ပဲ ခေါ်ကြတာ။

ကျုပ်တို့ခေတ်တုန်းကတော့ ကျောင်းနေဘက်သူငယ်ချင်း တွေကြားမှာ အဆင့်အတန်း မခွဲကြပါဘူးဗျာ။ ဘထစ်ကို ဘုန်းကြီး ကျောင်းသားမို့လို့ သုသာန်ကျောင်းက ကောင်မို့လို့ဆိုပြီး ဘယ်သူမှ နှိမ့်ချကြပါဘူး။

ဘထစ်ကလည်း မခေဘူးဗျ။ လူစာသာ အထစ်ခံနေတာ။ သင်္ချာလွှတ်တော်တဲ့ကောင်ဗျ။ သင်္ချာ(၁)ဆရာ ဦးဘမောင်ရော၊ ဆရာထွန်းရောက ဒီကောင့်ကို အားကြီးချီးမွမ်းကြတာ။

"ဘချစ်က လူတော်ပဲကွ"

လို့ ဆရာတွေက ချီးမွမ်းတိုင်း ဒီကောင်က. . .

"ဟာ-ဟာ- ဒီ-ဒီလောက်-လည်း မ-မ-ဟုတ်-ပါ-ပါ-ဘူး ဆ-ဆ-ရာ"

လို့ ဒီကောင် ဘထစ်က ပြန်ပြောနေကျဗျ။

တစ်ခါက သူငယ်ချင်းတွေ ဆုံမိတော့ မျက်မှေးက ဘထစ် ကို ပြောသဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဘထစ် မင်း စကားမထစ်အောင် ပြောနိုင်ရင် ငါ ငွေတစ်ကျပ်ပေးမယ်"

"မင်း-မင်း- တ-တ-ကယ်-ကယ်-လား- မျက်-မျက်-မွေ

"ဟာ တကယ်ပေါ့ကွ၊ ဘထစ်ရဲ ဒီကောင်တွေ သက်သေ နေတာပဲလေ၊ ကဲကွာ ငါ ငွေတစ်ကျပ်ကို တာတေဆီမှာ အပ်ထ မယ်၊ မင်း မထစ်အောင်ပြောနိုင်ရင် တာတေဆီက မင်းတောင်း လိုက်၊ မင်းထစ်သွားရင်တော့ ငါ့ငွေတစ်ကျပ်ကို ငါပြန်ယူမယ် ကဲ ဘယ်လိုလဲ"

"ဟော့ ဟော့ ကောင်-ကောင်-မျက်-မျက်-မွေး-မွေး င မင်း-မင်းကို စ-စကား မဟုတ်-ဟုတ်ဘူး၊ သီ-သီ-ချင်းပါ ဆို-ပြ ပြ-လိုက်-ဦးမယ်"

"အေး မင်း တကယ်နော်၊ ဒီမှာ ငွေတစ်ကျပ်၊ ငါ တာတေ ကို အပ်လိုက်ပြီနော်"

"ကဲ ဘထစ်ရေ ဆိုပေတော့၊ မထစ်မှ ဒီတစ်ကျပ် မင် ရမှာနော် ဟော့ကောင်"

ကျုပ်က ဘထစ်ကို ငွေတစ်ကျပ် ထောင်ပြရင်း ပြောလိုက် တယ်ဗျ။

"ကဲ ကဲ ငါ-ငါ-စ-စ ဆို-ပြီ-ပြီနော်"

"အေးပါ စပါ စပါ အဆိုတော် မောင်ဘထစ်ရာ"

ဘထစ်က ခေါင်းကလေး နည်းနည်းငုံ့လိုက်ပြီး စဆိုတယ် ဗျ။

"ပန်းနွယ်ကစိမ်း၊ စိမ်းတယ်၊ စုံနံ့သာမြိုင် ရှာပုံဖွင့်ပါ





ရယ်၊ ရင်နင့်အောင် ချစ်ရှာခဲ့သူ၊ အပ္ပတာပြင်းရှာဖွေ. . . . . "

ဟာ အာဂဘထစ်ပဲဗျို့။ စကားပြောတာသာ ထစ်တာဗျို့၊ သီချင်းဆိုတော့ တစ်ချက်မှကို မထစ်တာဗျာ။ ကျုပ်တို့အားလုံး အံ့ဩပြီး ဘထစ်ကို ငေးကြည့်နေကြရတာပေါ့ဗျာ။ တွံတေးသိန်းတန် သီချင်းကို အစအဆုံးကို ဟဲတော့တာဗျို့၊ အံ့ပါ့ဗျာ၊ သီချင်းလည်းဆုံး ရော ဘထစ်က. . .

"ဟော့-ဟော့-ကောင် ကောင်-တာ-တာ-တေ-တေ ပေး-ပေး တစ်-ကျပ်-ကျပ်"

"ဟား ဟား ဟား ဟား ဟား "

ကျုပ်တို့တွေဆိုတာ ရယ်လိုက်ကြရတာဗျာ။ မျက်ရည်တွေ ဘာတွေတောင် ထွက်လို့ဗျို့။ ငွေတစ်ကျပ်ရှုံးသွားတဲ့ မျက်မွေး တောင်မှ သဘောကျလွန်းလို့ ရယ်လိုက်တာဗျာ၊ မပြောပါနဲ့တော့။

"ဘထစ်ရာ သီချင်းဆိုတာတောင် မထစ်ဘဲနဲ့၊ စကားကို လည်း မထစ်အောင် ပြောပါလားကွာ"

"ဟာ-ဟာ မ-မ-မ-ရ-ရ-ဘူး-ကွ-ကွ"

သူငယ်ချင်းတွေအားလုံးထဲမှာ ဘထစ်က ကျုပ်ကို ပိုခင် တယ်ဗျ။ ကျုပ်ကလည်း သူ့ဘာတွေလုပ်လုပ် အမြဲလိုက်တဲ့ကောင် မို့လို့ထင်တယ်ဗျ။ ကျုပ်တို့မှာ သုံးစရာစွဲစရာ မုန့်ဖိုးပြတ်ပြီဆိုရင်. .

"ဟော့-ဟော့-ကောင်-တောင်-တာ-တာ-တေ-တေ-ဘာ-ဘာမှ-မ-မပူနဲ့ မ-မနက်-ဖြန်-ခါ-ခါ-ငါ-ငါ-ပိုက်-ပိုက်-ပိုက်-ဆံ-ယူ-ခဲ့မယ်"

ပြောတဲ့အတိုင်းပါပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာ ဘထစ်ပိုက်ဆံစေ့တွေ ယူလာတယ်ဗျ။ တစ်မတ်စေ့၊ ငါးမူးစေ့၊ တစ်ကျပ်စေ့တွေဗျ။ အားလုံးပေါင်း တစ်ဆယ် ကျော်တယ်။ ဒါပေမဲ့ ဘထစ် ယူလာတဲ့ ပိုက်ဆံစေ့တွေက အားလုံး မည်းနေတာဗျ။

"ကဲ-ကဲ-ဟေ့-ဟေ့-ကောင်-ကောင်တွေ-ပိုက်ဆံတွေ တိုက်ကြကွာ"

ကျုပ်တို့အုပ်စုလည်း ဘထစ် ယူလာတဲ့ ပိုက်ဆံစေ့တွေကို သဲထဲမှာချပြီး ဖနောင့်ကလေးတွေနဲ့ လှည့်ပြီးပွတ်တာပေါ့ဗျာ။ သိပ် မတိုက်ရဘူးဗျ။ ပိုက်ဆံစေ့တွေ ဝင်းသွားတာပဲ။

ဒီတုန်းက တစ်မတ်ပေးရင် ထမင်းကြော်ကို ဝက်သားဟင်း ကောင်းကောင်းနဲ့ စားရတာဗျ။ မုန့်ဟင်းခါးဆိုရင်လည်း အကြော် ကောင်းကောင်းနဲ့ တစ်ပွဲကို တစ်မတ်ပဲ။ ဘထစ် ယူလာတဲ့ ပိုက်ဆံ လောက်ဆိုရင် ကျုပ်တို့အဖွဲ့ တစ်ပတ်လောက်ကတော့ **အေးအေး ဆေးဆေး**ပေါ့ဗျာ။

အောင်သိန်းတို့၊ မျက်မှေးတို့ကတော့ စားပြီး ပြီးကြတာပဲ ဗျ။ မပြီးတာက ကျုပ်ပေါ့ဗျာ။ ကျုပ်အကျင့်ကိုက နေရာတကာ စပ်စုချင်တဲ့ကောင်ဆိုတော့. . .

"ဘထစ် မင်းကို ငါ တစ်ခုမေးချင်လို့ကွ"

ကျုပ်က ဘထစ်ကို ကျောင်းကသောက်ရေအိုးစင်မှာ ရေ သောက်ရင်း မေးတယ်ဗျ"

"မေး-မေး-လေ-ကွာ၊ တာ-တာ-တေ-ရာ"

"မင်း အဲဒီပိုက်ဆံစေ့တွေ ဘယ်က ရလာတာလဲ ဘထစ်"

"ဟာ-မင်း-မင်း-က-က-လဲ-ဘာ-ဘာ-များ-များ-လဲ-လဲ-





လို့၊ သိ-သိ-ချင်-ရင်-ကျောင်း-ကျောင်းဆင်း-ဆင်း-တော့-ငါ ငါ- နဲ့-လိုက်-လိုက်-ခဲ့"

တာတေဆိုတဲ့ကောင်ကလည်း အင်မတန်စပ်စုချင်တဲ့ ကောင်။ တစ်ခုခုကို သိချင်ရင် သိပ်အောင့်ထားနိုင်တဲ့ကောင်မှ မဟုတ်တာ၊ ကျောင်းဆင်းတော့ ဘထစ်နဲ့ လိုက်သွားတာပေါ့ဗျာ။

ကျောင်းဆင်းတော့ ညနေတောင်စောင်းနေပြီဗျ။ ကျုပ် ဘထစ်နဲ့ လိုက်သွားတယ်။ မြို့စွန်ရောက်တော့ သုသာန်ဘက်ကို သွားတဲ့လမ်းကို ချိုးဝင်လိုက်တယ်။ လမ်းဘေးတစ်ဖက်တစ်ချက်မှာ ကုက္ကိုပင်ကြီးတွေ ညို့နေတာပါပဲဗျာ။ လူကလည်းပြတ်တော့ တိတ် ဆိတ်နေရောဗျို့။ ကျုပ်တောင် စိတ်ထဲမှာ တစ်မျိုးလိုလို ဖြစ်လာ တယ်။ ဘထစ်ကတော့ တစ်လမ်းလုံး အ,ထစ်၊ အ,ထစ်နဲ့ စကားတွေ မနားတမ်း ပြောလာတာဗျ။

"တာ-တေ-တေ-လူ-လူ-တွေ-တွေ-က သချိုင်းကုန်းဆို- ဆို-ရင်-ရင် ကြောက်-စ-စ-ရာ-ရာ-လို့-ထင်-ထင်-တာ-တာ-ကွ၊ တ-တ-ကယ်-တော့-သချိုင်း-ကုန်း-ကုန်း-ဆို-ဆို-တာ-ဟာ-ဘာ- မှ-ကြောက်-ကြောက်-စ-ရာ-ရာ-မ-မ-ရှိ-ဘူး-ကွ-စိတ်-ဝင်-ဝင် စား-စ-ရာ-တွေ အ-များ-ကြီး-ကြီး-ပဲ-ကွ"

"ဟုတ်လားကွ ဘထစ်ရ၊ ဘာတွေများ စိတ်ဝင်စားစရာ တွေ ရှိလို့တုံး"

"ဟာ-ဟာ-တာ-တာ-တေ-တေကလည်း-ရှိ-ရှိ-တာ-ပေါ့ ပေါ့ကွ-တ-တ-ခါ-ခါ ဆို-အောက်-အောက်-လမ်း-ဆ-ဆ-ရာ- တွေ-လာပြီး-အ-အ-စီ-အ-အ-ရင်တွေ-လုပ်-လုပ်တာ-ညဘက်-



www.burmeseclassic.com

www.burmeseclassic.com



ကြီး-ကြီး ကွ-တစ်ချို့-ဆို-ဆိုရင်-ရင် မ-မ-ဖဲ-ဝါ လိုက်-လိုက်-လို့လို့-ပြေး-ပြေး-ရ-ရ-တယ်-ကွ"

"ဟေ မဖဲဝါ ဟုတ်လား ဘထစ်၊ မဖဲဝါဆိုတာ တကယ် ရှိလို့လားကွ"

"ရှိ-ရှိ-တာ-တာ-ပေါ့-ကွ၊ မ-ဖဲ-ဝါ ဝါ-က-ငါ-ငါ-နဲ့-ခွင်-ခင်-တယ်-ကွ"

"ဟာ မဖဲဝါက မင်းနဲ့ ခင်တယ်ဟုတ်လား ဘထစ်၊ မင်းကွာ၊ ပေါက်ကရ သိပ်ပြောတဲ့ကောင်ပဲ"

"တ-တ-ကယ်-ပြော-ပြော-တာ-တာ-ကွ"

"ဒါဆိုရင် မင်း မဖဲဝါကို မြင်ဖူးတာပေါ့ ဟုတ်လား ဘထစ်"

"အေး"

"ဟဲ ပြောစမ်းကွာ၊ မဖဲဝါက ဘယ်လိုပုံစံတုံး"

"အ-အ-ရပ်-အ-အ-ရှည်ကြီးကွ၊ ဆယ်-ဆယ်ပေလောက်-လောက်-ရှိ-ရှိတယ်၊ ဆံ-ဆံ-ပင်-ဖား-လျားကြီး-ချ-ချထားတာ-မျက်-လုံး-အ-အ-ကြီး-ကြီးပဲ-မြူး-မြူး-တြိး-ထ-ထဘီ-အ-အ-နက်-အ-ကျီ-အ-အ-နက်-ဝတ်-ဝတ်တယ်-သချိုင်း-တွေ-တွေ-ကို-သူ-သူ-ပိုင်-ပိုင်-တာ-တာ-ကွ"

"ဟေ ဟုတ်လား၊ မင်း ဒါတွေ ဘယ်လိုလုပ်သိတာတုံး"

"ငါ့-ငါ့-ဆ-ဆရာ-ရာ-တော်-ပြော-ပြော-တာ-ကွ၊ ဆ-ဆ-ရာ-တော်-လည်း-မ-မ-ဖဲဝါကို သိ-သိ-တယ်"

"သြော် ဒီလိုကိုး၊ မင်း မဖဲဝါကြီးကိုတွေ့တော့ မကြောက်ဘူးလားကွ"





"တာ-တာ-တေက-က-လည်း မ-မ-ကြောက်ဘဲ နေ-နေ-မ-မလားကွ၊ ကြောက်-ကြောက်-တာပေါ့၊ ဒါ-ဒါပေမဲ့-ခဏ-ခဏ-ခ-ခဏ-တွေ့တော့ မ-မ-ကြောက်-တော့-ဘူး-ပေါ့-ပေါ့ကွ"

ဘထစ်နဲ့ လိုက်လာခဲ့တာ မှားပြီလားလို့ ကျုပ် တွေးလိုက်မိတယ်ဗျ။ လိုက်လာပြီးမှတော့ မထူးပါဘူးလို့ပဲ တွေးလိုက်ရတာပေါ့ဗျာ။ ကျုပ်တို့နှစ်ယောက် လျှောက်ရင်းနဲ့ ကုက္ကိုပင်လမ်းဆုံးကာနီးမှာ သချိုင်းဇရပ်ဖြူဖြူကြီးကို တွေ့လိုက်ရတယ်ဗျ။ ဇရပ်မရောက်ခင်မှာ သုသာန်ကျောင်းဗျ။ ရေနံ့ဝအောင် သုတ်ထားတဲ့ သစ်သားခြေတံရှည်ကျောင်းဗျ။ ဘထစ်က ကျောင်းပေါ်တက်ပြီး သူတို့ကျောင်းသားကလေး သုံးယောက်နေတဲ့ အခန်းထဲကိုသွားပြီး လွယ်အိတ်ထားတယ်။ ကျောင်းထဲမှာ ဦးပဥ္စင်းတစ်ပါးနဲ့ ကိုရင်နှစ်ပါးတွေ့တယ်။ ဘထစ်က ဦးပဥ္စင်းတစ်ပါးကို မေးတယ်ဗျ။

"ဦးပဥ္စင်း-ဆ-ဆ-ရာ-တော်-ဘယ်-ဘယ်-ကြွ-သွား-တုံး"

"ဟိုဘက်လမ်းက ဦးပြုံးတို့အိမ်ကို ကြွသွားတယ်၊ ဦးပြုံးမိန်းမ ဒေါ်မယ်လှကြီး နေမကောင်းလို့၊ သတင်းလည်းမေးရင်း ပရိတ်လည်း ရွတ်ပေးရင်းပေါ့ကွာ"

"တင်-တင်-ပါ့ဘုရား၊ ကဲ-လာ-တာ-တာ-တေ-သွား-သွားကြမယ်"

ပြောပြောဆိုဆိုနဲ့ ဘထစ်က ကျောင်းပေါ်ကနေ အပြေးဆင်းသွားတယ်။ ကျုပ်လည်း နောက်က ခပ်သုတ်သုတ်လိုက်ရတာပေါ့ဗျာ။ ဘထစ်က အုတ်ဇရပ်ကလေးကိုကျော်ပြီး သချိုင်းကုန်းထဲဝင်တယ်။ ကျုပ်လည်း သူ့နောက်ကို လိုက်ရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဘထစ်က အုတ်ဂူတွေဘက်ကို မသွားဘူးဗျ။ အလောင်းတွေကျင်းတူးပြီး မြှုပ်တဲ့ဘက်ကိုသွားတာ။ ကျုပ်ကလည်း သူနောက်က လိုက်ရတာပေါ့ဗျာ။ တစ်နေရာရောက်တော့ ဘထစ်က ရပ်လိုက်ပြီး ကျုပ်ကို ပြောတယ်။

"ဒီနေရာတွေမှာ အလောင်းတွေမြှုပ်တာ ထပ်လာတော့ အောက်ကမြှုပ်ထားတဲ့ အရိုးတွေကို ဖော်ပစ်ရတာပေါ့ကွာ၊ အဲဒီလို ဖော်ပစ်တဲ့ ခေါင်းခွံတွေထဲမှာ လူတွေ ကူးတို့ခ ထည့်ပေးလိုက်တဲ့ ပိုက်ဆံစေ့တွေ ရှိနေတာပေါ့ကွ"

အခု ကျုပ်ပြန်ပြောပြသလိုတော့ မဟုတ်ဘူးပေါ့ဗျာ။ သူ ခါတိုင်းပြောသလို အ,ထစ် အ,ထစ်နဲ့ပြောတာပေါ့။

"ဟေ ဒါဆိုရင် မင်း ယူလာတဲ့ပိုက်ဆံစေ့တွေက ကူးတို့ခ ပိုက်ဆံတွေပေါ့ ဟုတ်လား"

"အေး-အေး-လေ-ဘာ-ဖြစ်-ဖြစ်-တုံး၊ ပိုက်-ပိုက်-ဆံ-က-ပိုက်-ပိုက်-ဆံ-ဆံ-ပဲ-ပေါ့-ပေါ့ကွ"

"အေး ဟုတ်တော့ဟုတ်ပါတယ်လေ"

ဘထစ်က ပြောပြောဆိုဆို မြေပုံတွေကြားထဲ လျှောက်သွားပြီး ခေါင်းခွံတွေကို လိုက်ရှာနေတယ်ဗျ။

"မင်း-မင်း-မ-မ-လိုက်-လိုက်နဲ့၊ ဒီ-ဒီမှာ-နေ-သံ-သံ-စူး လိမ့်မယ်-ဒီ-သံ-သံတွေ-တွေက-စူး-စူး-ရင်-အ-အ-ဆိပ်-ပြင်း-တယ်-ကွ"

"အေး အေး ငါ မလိုက်တော့ဘူး ဒီကပဲ မင်းကို ကြည့်နေမယ်"





ဘထစ်က တော်တော်ကို ကျွမ်းကျင်တာဗျို့။ မြေပုံတွေကြားထဲမှာ လှစ်ခနဲ လှစ်ခနဲ နေတာပဲဗျာ။ ခေါင်းခွံတွေကို ဆတ်ခနဲ ကုန်းကောက်လိုက်၊ ခေါက်ကြည့်လိုက်၊ ပြီးရင် အထဲကပိုက်ဆံစေ့ကို ခေါက်ထုတ်၊ ထုတ်လို့မရရင် တုတ်ချောင်းကလေးနဲ့ ထိုးထုတ်တာဗျ။ အရိုးခေါင်းတွေကို ကောက်ယူလိုက်၊ အုန်းသီးခေါက်သလို ခေါက်လိုက်၊ အထဲက ပိုက်ဆံကို နှိုက်ယူလိုက်နဲ့ တစ်ယောက်တည်း အလုပ်တွေ ရှုပ်နေလိုက်တာဗျာ။ ခဏနေတော့ ဘထစ် ပြန်လာတယ်။ လက်ဝါးထဲမှာ ပိုက်ဆံစေ့တွေ ဆုပ်ထားတယ်ဗျ။ မတ်စေ့၊ ငါးမူးစေ့ကလေးတွေ ငါးစေ့၊ ခြောက်စေ့လောက် ရှိမယ်ဗျ။

"ကဲ တာ-တာ-တေ-တွေ့ပြီ-လား-ငါ-ငါ-ပိုက်-ဆံ-ဘယ်-ဘယ်လို-ရ-ရ-တယ် ဆို-ဆိုတာ-မြင်-မြင်-ပြီမို့လား"

"အေး မြင်ပါပြီကွာ၊ မြင်ပါပြီ၊ ဒါထက် အခု မဖဲဝါ ရှိသလားကွ ဘထစ်ရ"

"မ-မတွေ့တာ ကြာ-ကြာပြီ-ကွ-သူ-သူ-မ-မ-ရှိ-ရင်-ဒီ-ဒီ-သင်္ချိုင်း-ကို-သ-သ-ဘက်-ကြီး တစ်-ကောင်-အ-အစောင့်ထား-ထားတယ်ကွ၊ နား-နားရွက်-အ-အ-ကြီး-တဲ့-ကွ-ငါ-ငါတော့ မ-မမြင်-ဖူး-ဘူး၊ မြင်-မြင်-ဖူး-တဲ့-တဲ့ လူ-လူတွေ-ရှိ-ရှိတယ်"

"ဟာ ဟုတ်လားကွ၊ သူတို့က ဒီသင်္ချိုင်းကုန်းမှာ ဘာကို စောင့်နေတာတုံးကွ ဘထစ်ရ"

"တာ-တာ-တေ-ရ-မှော်-မှော်-ဆ-ဆရာတွေ၊ အောက်-အောက်လမ်း ဆ-ဆရာ-တွေ-က-သ-ချိုင်းထဲ-ထဲမှာ-မ-မဟုတ်တာ-တာတွေ-လာ-လာပြီး စီ-ရင်-ရင်-ကြတာကွ။ ခြောက်-ခြောက်



www.burmeseclassic.com

www.burmeseclassic.com



လှန့်-ထုတ်-ထုတ်ရ-ရတယ်၊ မ-မရ-ရင်-အ-အ-သေ-သတ်-သတ်ပစ်-ရ-တာ-ကွ"

"ဟော ဟုတ်လား၊ ဒီသချိုင်းထဲမှာ အောက်လမ်းဆရာတွေ သေဖူးသလားကွ"

"ဟော သေ-သေ-တာ-ပေါ့-ပေါ့ကွ၊ တစ်-နှစ်-နှစ်-ကို သုံး-သုံး-ယောက်-လောက်-လောက် သေတယ်-ကွ"

"ဟင် ဟုတ်လားကွ ဘထစ်ရ ခြော် မင်းပြောတာ ဟုတ်တာပဲကွ၊ သချိုင်းကုန်းဆိုတာ စိတ်ဝင်စားစရာတွေ ရှိနေတာပဲ"

ကျုပ် ဘထစ်ဆီက ပြန်လာတော့ တစ်လမ်းလုံး တွေးလာတာပေါ့ဗျာ။ မနက်ကမှ ကူးတို့ခပိုက်ဆံတွေနဲ့ ဝယ်စားထားတဲ့ ဝက်သားဟင်းနဲ့ ထမင်းကြော်တို့ သတိရပြီး ရင်ထဲမှာ ပျို့သလိုတောင် ဖြစ်သွားတယ်ဗျို့။ ကျုပ်မျက်စိထဲမှာတော့ အရိုးခေါင်းတွေ ကောက်လိုက်၊ ခေါက်ကြည့်လိုက် လုပ်နေတဲ့ ဘထစ်ကိုပဲ မြင်နေတော့တာဗျ။ ဒီအကြောင်းကို ကျန်တဲ့အကောင်တွေကို ပြန်ပြောပြသင့်၊ မပြသင့် တွေးမိတယ်။ ဒါပေမဲ့ ဘထစ်ရဲ့ သူငယ်ချင်းတွေကို ကျေးချင် မွေးချင်တဲ့ စေတနာတွေကို တွေးမိပြီး ကျုပ် ဘယ်တော့မှ မပြောဘူးလို့ ဆုံးဖြတ်လိုက်တယ်ဗျ။ တကယ်လည်း မပြောခဲ့ပါဘူးဗျာ။

တစ်ရက်တော့ ဘထစ် ကျုပ်အိမ်ကို အစောကြီး ရောက်လာတယ်ဗျ။ လွယ်အိတ်လည်း ပါလာတယ်။ လက်ထဲမှာတော့ သတင်းစာစက္ကူနဲ့ ပတ်ထားတဲ့ ပုလင်းကြီးတစ်လုံးကို ပွေ့ထားတယ်ဗျ။





"ဟော့ကောင် ဘထစ် မင်း ကျောင်းလာတာ စောလှချည်လားကွ"

လို့ ကျုပ်က ဘထစ်ကို မေးလိုက်တယ်။

"အေး-ငါ-ဈေးထဲ-ကို-ကို-သွား-သွား-စရာ-ရှိ-ရှိလို့ကွ၊ မင်း-မင်းကို-ဝင်-ဝင်-ခေါ်-တာ"

"ဟေ ဘာလုပ်ဖို့လဲကွ ဘထစ်ရ၊ မင်းဆရာတော်က ဖိုထိုးဖို့ လုံတွေ ဝယ်ခိုင်းလိုက်လို့လား"

"မ-မဟုတ်ပါ-ပါဘူးကွာ၊ လိုက်-သာ-လိုက်-လိုက်ခဲ့-စမ်းပါ၊ လမ်း-ကျတော့-ငါ-ငါ-ပြော-ပြမှာ-မှာပေါ့ကွ"

"အေး အေး ငါ လိုက်ခဲ့မယ်"

လို့ပြောပြီး ကျုပ်က ဘထစ်နဲ့ လိုက်ခဲ့တယ်။

"မင်းလက်ထဲက ဘာပုလင်းကြီးတုံး ဘထစ်ရ"

"ပြ-ဒါး-တွေ-ကွ"

"ဘာ ပြဒါး ဟုတ်လား၊ အလေးကြီးလား"

"မင်း-မင်း-မ-မ ကြည့်-လေ"

ကျုပ်က ဘထစ်လက်ထဲက ပုလင်းကိုယူပြီး မကြည့်တယ်"

"ဟာ အလေးကြီးပါလား"

"အေး-ဟုတ်-ဟုတ်-တယ်၊ ည-က-နှင်း-တွေ-ကျ-ကျတော့-ပြ-ပြ-ဒါး-တွေ အ-အ-များ-ကြီး ကျ-ကျ-လာ-လာ-တာ-ကွ"

"ဘယ်လိုကွ ဘထစ်ရ ညက နှင်းကျတာနဲ့ ပြဒါးနဲ့ ဘာဆိုင်လို့တုံးကွ"

"ပြ-ဒါး-ဒါး-ဆို-ဆိုတာ-အ-အ-ပုပ်-စား-စားတာ-ကွ-



www.burmeseclassic.com

www.burmeseclassic.com



နှင်း-နှင်းတွေ-ကျ-ကျ-ရင်-ပြ-ပြ-ဒါးတွေ-ပါ-လာတာ-ကွ၊ သချိုင်း-မြေ-မြေပုံ-ပေါ်-မှာ-ရေ-ရေ-အင်-အင်-တုံ-ချထားရင်-ပြ-ပြဒါးတွေ မိ-နေ-တာပေါ့-ကွ"

"ဟာ ဒါဆိုရင် ဒီပြဒါးတွေကို မင်းဖမ်းလာတာပေါ့၊ ညက သချိုင်းကုန်းထဲကို မင်းတစ်ယောက်တည်း သွားဖမ်းတာလား၊ မင်း မကြောက်ဘူးလား၊ မဖဲဝါကြီးကိုရော တွေ့သေးလား"

"တွေ့-တွေ့-တယ်ကွ-မ-ဖဲ-ဖဲ-ဝါက ပြ-ပြဒါးကျမယ့်-နေ-နေ-ရာကို-ငါ-ငါ့ကို ပြ-ပြတာ-ကွ၊ ဒါ-ဒါ-ကြောင့်-အ-အ-များကြီး-ရ-ရတာပေါ့-တာ-တာ-တေရ"

"ငါတော့ မင်းကို အံ့သြတာပဲ ဘထစ်ရာ၊ မင်း ဒါတွေကို ဘယ်လိုသိတာလဲကွ"

"ငါ ငါတို့ သုသာန်-ကျောင်းကို-ဆ-ဆရာတွေ ခ-ခဏ ခဏ လာ-လာတယ်-ကွာ၊ ပြ-ပြဒါး ဖမ်း-ဖမ်း-နည်းကို-သူ-သူတို့ ပြော-ပြော-တာလေ"

"ပြဒါး အများကြီးကျမယ့်နေရာကို မဖဲဝါကြီးက မင်းကို ပြတယ်ဆိုတော့ မင်းပြောသလို မဖဲဝါက မင်းကို ခင်လို့နေမှာပေါ့"

"အေး-အေး-ပေါ့ ပေါ့ ကွ"

ဈေးထဲရောက်တော့ ဘထစ်နဲ့ ကျုပ်နဲ့ ပရဆေးဆိုင်တစ်ဆိုင်ကိုသွားပြီး ပြဒါးတွေ ရောင်းတယ်။ ငွေလေးဆယ်တောင် ရတယ်ဗျ။ ဘထစ်လည်း ပျော်နေတာပေါ့ဗျာ။

"လာ-လာ-တာ-တာ-တေ-တေ၊ မင်း-နဲ့ငါ ခေါက်-ခေါက်-ဆွဲ-ဆွဲကြော် သွား-စား-စား-ကြ-မယ်"





ပြောပြောဆိုဆိုနဲ့ ဘထစ်က ကျုပ်လက်ကိုဆွဲပြီး တရုတ်ဖိုးခွေးခေါက်ဆွဲကြော်ဆိုင်ကို ခေါ်သွားတယ်ဗျ။ သူနဲ့ ကျုပ်နဲ့ ခေါက်ဆွဲ တစ်ယောက်တစ်ပွဲစီ စားကြရင်း ကျုပ်စိတ်ထဲမှာ တွေးနေမိတယ်ဗျ။ ဒါ မဖဲဝါကျွေးတဲ့ ခေါက်ဆွဲကြော်ပါလားလို့ပေါ့ဗျာ။ ကြက်သီးတွေတောင် တဖျန်းဖျန်း ထလာတယ်ဗျ။ ဘထစ်ကို အကဲခတ်ကြည့်လိုက်တော့ ဘာမှကို ဂရုစိုက်ပုံ မပေါ်ဘူးဗျ။

ဖိုးခွေးခေါက်ဆွဲဆိုင်ထဲက ထွက်လာတော့ ဘထစ်က ဖိနပ်တစ်ရံ ဝယ်တယ်၊ ပြီးတော့ ဦးထုပ်တစ်လုံးလည်း ဝယ်ဆောင်းလိုက်တယ်ဗျ။

"နေ-နေ-ပူ-လာ-လာပြီ-ကွ-တာ-တာ-တေ-ရ"

"အေး အေး ဟုတ်တယ်၊ ဟုတ်တယ်"

လို့ ကျုပ်က ဘထစ်ကို ပြောလိုက်တော့ သူကျေနပ်သွားတဲ့ပုံပဲဗျ။ အိတ်ထောင်ထဲမှာလည်း ငွေစတွေ ထည့်ထားတော့ အိတ်ကလည်း ခပ်ဖောင်းဖောင်းပဲဗျ။ ဒါပေမဲ့ ကျုပ်သူငယ်ချင်း ဘထစ်က အိတ်ဖောင်းပေမယ့် စိတ်ပြောင်းတဲ့ကောင်တော့ မဟုတ်ဘူးဗျ။ သူငယ်ချင်းတွေကို ကျွေးလိုက် မွေးလိုက်နဲ့ ပျော်နေတာဗျ။

ကျုပ်သိတာပေါ့ဗျာ၊ ဘထစ်ဆိုတဲ့ကောင်က အိတ်ကပ်ထဲက ပိုက်ဆံကုန်သွားရင် အရိုးခေါင်းတွေထဲမှာ လိုက်နိုက်မယ်၊ ပြဒါးဖမ်းမယ်၊ ပိုက်ဆံရလာရင် သူငယ်ချင်းတွေကို ကျွေးမယ်။ စေတနာကလည်း လွှတ်ကောင်းတဲ့ အကောင်ပါဗျာ။

အင်းလေ ပြောလက်စနဲ့ ဘထစ်အကြောင်းကို ဆက်ပြောဦးတော့မှာပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်-တာ-တာ-တေ-မင်း-အား-အား-လား"

တစ်ရက် ဘထစ် ကျုပ်ဆီကို ပေါက်ချလာပြန်တယ်ဗျ။

"ဘာလဲကွ၊ ဘထစ်ရ၊ ပြဒါး သွားရောင်းဦးမလို့လား"

လို့ ကျုပ်က မေးလိုက်တော့ ဘထစ်က. . .

"အေး-ဟုတ်-ဟုတ်-တယ်-တာ-တာ-တေ-ရ"

"နို့ ပြဒါးပုလင်းလည်း မပါပါလား၊ ဘယ်မှာထားခဲ့တုံး"

"ပါ-ပါ-တာ-တာပေါ့-ကွ၊ လာ-လာ-သာ-လာ-ပါ"

ကျုပ်လည်း သူနောက်လိုက်ခဲ့ရတာပေါ့ဗျာ၊ ဘထစ်က ဒီတစ်ခါ ဈေးထဲကို မသွားဘူးဗျ။ (၁၁)လမ်းကို သွားတာ။ (၁၀)လမ်းအတိုင်း အောက်ဘက်ကို ဆင်းသွားတယ်။ နှစ်ထပ်တိုက်ကြီး တစ်လုံးရှိတဲ့ ဝိုင်းကြီးထဲကို ဝင်သွားတယ်၊ ကျုပ်လည်း သူနောက်က လိုက်ရတာပေါ့ဗျာ။

"အိမ်-အိမ်-ရှင်-ရှင်တို့"

ပိတ်ထားတဲ့ ဘာဂျာတံခါးကြီးနားမှာရပ်ပြီး ဘထစ်က သူရဲ့ အ,ထစ် အ,ထစ် အသံနဲ့ ခေါ်တယ်ဗျ။

"ဟာ နေစမ်းပါ ဘထစ်ရာ၊ ငါ ခေါ်ပေးစမ်းပါမယ်"

လို့ ပြောပြီး ကျုပ်က ဘာဂျာတံခါးနားမျက်နှာကပ် ခေါ် လိုက်တယ်။

"ဗျို့ အိမ်ရှင်တို့၊ အိမ်ရှင်တို့"

"လာပြီဟေ့၊ လာပြီ"

အိမ်နောက်ဘက် အသံကြားလိုက်ရတယ်။ ခဏနေတော့ အသက် ၅၀ ကျော်လောက် လူကြီးတစ်ယောက် ထွက်လာတယ်။





ကျုပ် သေသေချာချာ ကြည့်လိုက်တော့ အဲဒီလူကြီးရဲ့လက်မှာ ရွှံ့တွေပေနေတယ်ဗျ။ ကျုပ်နဲ့ ဘထစ်ကို သေသေချာချာ ကြည့်လိုက်ပြီးမှ. . .

"ဟာ မောင်ဘချစ်ပါလား၊ လာ လာ၊ အဆင်ပြေရဲ့လား"

"ဟုတ်-ဟုတ်-ကဲ့၊ အ-အ-ဘ-စိန်"

"အေး အတော်ပဲကွ၊ ကိုဘမောင်နဲ့ ကိုအုန်းဖူးတို့လည်း ရောက်နေတယ်၊ ငါလည်း လုံကို ဖော်ကိုင်နေတာကွ"

ကျုပ်နဲ့ ဘထစ်ကို တံခါးဖွင့်ပေးလို့ ကျုပ်တို့ အိမ်ထဲဝင်ခဲ့ကြတယ်။

"အေး အဲဒီမှာ ထိုင်ကြဦးဟေ့"

လို့ပြောပြီး အဘစိန်ဆိုတဲ့လူကြီးက အိမ်ထဲဝင်သွားတယ်။

"ဒါ ဆ-ဆရာတော် မိတ်-မိတ်-ဆွေ-တွေကွ၊ သူ-သူတို့က ဓာတ်ရတ်-သ-သမားတွေ တွေ-ကွ၊ ဓာတ်-ဓာတ်-လုံး-ထိုး-ထိုးကြ-တာ"

ခဏနေတော့ အဘစိန်က လက်ဆေးပြီး ထွက်လာတယ်။ သူ့နောက်က သူ့အသက်လောက်ရှိတဲ့ လူကြီးနှစ်ယောက် ပါလာတယ်။ ကြည့်ရတာတော့ သူငွေးတွေနဲ့ တူတယ်ဗျ။ ဧည့်ခန်းထဲမှာ ဝင်ထိုင်ကြပြီးတော့. . .

"ဘယ်လိုလဲ မောင်ဘချစ်ရဲ့၊ ဆရာတော့်ထံခွက်မှာ ပြဒါး တင်ခဲ့ပြီလား"

"ဟုတ်-ဟုတ်-ကဲ့-တင်-ခဲ့-ပါ-ပြီ၊ နှစ်-ကျပ်-သား-သား-"



www.burmeseclassic.com

www.burmeseclassic.com



"ဟော. ပြစမ်း၊ ပြစမ်း"

အဘစိန်က တော်တော်ကို စိတ်ဝင်စားသွားတဲ့ပုံပဲဗျ။ ဘထစ်က သူ့လွယ်အိတ်ထဲကိုနှိုက်ပြီး တစ်ခုခုကို ရှာနေတယ်။ ပြီးတော့ ဆွဲထုတ်လိုက်ပြီး အဘစိန်ကို လှမ်းပေးတယ်။ သတင်းစာစက္ကူနဲ့ ထုပ်ထားတဲ့ အထုပ်ကလေးဗျ။ အဘစိန်က ကမ္ဘာကယာ ဖြည် ကြည့်တယ်။ ခပ်ဖြူဖြူ အလုံးလေးတစ်ခုပဲဗျ။

"ဟာ ကောင်းလိုက်တဲ့ ပြဒါးဗျာ၊ ဖွေးဆွတ်ပြီး ဘော်သာ ဆိုက်မတတ် မြစ်နေတာကိုး၊ ဒါကြောင့်လည်း ဆရာတော်ရဲ့ ထုံခွက် က နာမည်ကြီးပေတာကိုး"

"ဖွေးဆွတ်တာတော့ ဟုတ်ပ ကိုစိန်ရယ်၊ မီးထိုးရော ခံ မလားဗျ"

အဘစိန်ရဲ့ မိတ်ဆွေတစ်ယောက်က ဝင်မေးတယ်ဗျာ။

"အို ကိုဘမောင်နှယ်၊ အသားအနားကြည့် သိမှာပေါ့၊ ကိုဘမောင် ဖိုထိုးလာတဲ့ သက်တမ်းလည်း နည်းတော့တာမှ မဟုတ် တာ"

"ဟုတ်တယ်ဗျ၊ ကိုဘမောင်ရဲ့ ဒါ မီးထိုးခံ ပြဒါးအစစ်ပဲဗျ"

နောက်တစ်ယောက်ကလည်း ဝင်ပြောတယ်။

"ဟဲ မောင်ဘချစ် ကျေးဇူးတင်တယ်ကွာ၊ ဆရာတော် မသိအောင် လုပ်ခိုင်းရတာတော့ စိတ်မကောင်းပါဘူးကွာ၊ ဒါပေမဲ့ ငါတို့မှာ ပြဒါးမီးနေအောင် လုပ်လို့ကို မရတာကွ၊ ငွေငါးဆယ်ယူ"

ဗိုလ်ချုပ်အောင်ဆန်းပုံနဲ့ တစ်ဆယ်တန်ငါးရွက်ဗျ။ ဘထစ် က ငွေငါးဆယ်ကိုယူပြီး အိတ်ထဲ ထည့်လိုက်တယ်။



"မောင်ဘချစ် ဒီကိစ္စ မပေါက်ကြားစေနဲ့နော်၊ ဆရာတော် သိသွားရင် မင်းလည်း အရိုက်ခံရမယ်၊ ငါတို့လည်း ဆရာတော်နဲ့ မျက်နှာပျက်ကြမယ်"

"စိတ်-စိတ်-ချ-ချ-ပါ-မ-မပေါက်-ကြား-ကြား-ပါ-ဘူး"

"အဘစိန်တို့ကလည်း ဒါကို ဓာတ်လုံးထိုးကြမှာပါ၊ မကောင်း ကာလုပ်မှာ မဟုတ်ပါဘူးကွာ"

ခဏနေတော့ ဘထစ်နဲ့ ကျုပ်နဲ့ ပြန်လာခဲ့ကြတယ်။

"ဟေ့ကောင် ဘထစ်၊ မင်း ဘာတွေလုပ်ပြန်ပြီလဲကွ"

"ဟာ-ဟာ-မ-မ-လုပ်ပါဘူး-ကွ၊ ငါ-ဆ-ဆရာ-ရာ-တော်-ဆီ-ဆီ-မှာ-မှာ-ပြ-ပြဒါး-ခဲ-ခဲတဲ့ ထုံ-ထုံခွက်-ရှိ-ရှိတယ်၊ အဲ-အဲဒါ ကို အ-အ-ဘစိန်တို့က-ပြ-ပြ-ဒါး-ခဲ-ခဲ-ခိုင်းတာ-ပါ-ပါကွ"

"မင်းက အဲဒါတွေလည်း လုပ်တတ်တာပဲလား"

"လုပ်-လုပ်တတ်-တတ်-တာ-ပေါ့-ပေါ့-ကွ၊ ဆ-ဆ-ရာ-တော်-ကို ငါ-အ-အမြဲ-ဖို-ထိုး-ထိုး-ပေး-နေ-ကြ-ကွ-တာ-တာ-တာ-ရ"

"ငါတော့ မင်းကို တော်တော်ကို အံ့သြသွားတာပဲကွာ၊ မင်းအရွယ်ကလေးနဲ့ ဒါတွေကို သိနေ တတ်နေတာကို ငါ အံ့သြ တာကွ"

"တာ-တာ-တေ-မင်း-မင်းတို့-မ-မသိတာ-တာ-တွေ-အ-များကြီး ရှိ-ရှိတယ်ကွ"

"အမယ်၊ ဘာတွေများ ရှိလို့လဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း-မင်းတို့-လူ-လူ-ကို-ဟား-ဟား တိုက်တာ-မြင်-မြ
ဖူး-သ-သလား"

"ဘာကွ၊ ဟားတိုက်တာ ဟုတ်လား၊ ငါဖြင့် ကြားတော
မကြားဖူးဘူး၊ ဟားတိုက်တယ်ဆိုတာ ရယ်တာပဲ မဟုတ်လား"

"ဟား ဟား ဟား ဟား"

ဘထစ်က ကျုပ်စကားကိုကြားတော့ အော်ရယ်တယ
ဒီကောင်က ရယ်တာကျတော့ မထစ်ဘူးဗျ။

"ဟား-ဟားတိုက်-တာ-ဘာ-ရယ်-ရယ်-တာ-တာ-မ-
ဟုတ်-ဟုတ်-ဘူးကွ၊ လူ-လူ-ကို ပက်-ပက်လက်-လှန်-အိပ်-အိ
ခိုင်း-ပြီး-လက်-လက်ညှိုး-နဲ့ နဲ့ မ-မ-လိုက်-တာ၊ လေ-လေ-ထဲမှ
မြောက်-မြောက်-သွား-တာ-တာကွ လူ-လူ-က ပေါ့-ပေါ့ က-က
လေး ဖြစ်သွား၊ သွား-တာ"

"ဟေ ဟုတ်လားကွ၊ ငါတော့ ကြားတောင် မကြားဖူးပါ
ကွာ၊ ဒါတွေ မင်း ဘယ်က တတ်တာတုံး"

ကျုပ်က တကယ်ကို အံ့ဩပြီး မေးမိတာဗျ။ ဘထစ်
ကျုပ်ကို လှည့်ကြည့်ပြီး ပြုံးနေတယ်။

"အဲ-အဲ-ဒါကြောင့်-မင်း-ကို့-မ-မသိ-တာ-တွေ ရှိ
တယ်-တယ်လို့-ပြော-တာပေါ့။ ဒီ-ဥ-ညာ-ညာကို၊ သချိုင်း-ဇ
ရပ်မှာ-အ-အ-စီ-အ-ရင်-လာ-လာ-လုပ်တဲ့-အောက်-အောက်
လမ်း-ဆ-ဆရာ-သာ-သာဂရ-သင်-သင်ပေးသွား-သွားတာကွ"

"မင်း ငါ့ကို လုပ်ပြမလား၊ ငါ အဲဒါကို တော်တော်စိတ်ဝ
စားတယ်ကွ ဘထစ်ရ"





ကျုပ်က ဘထစ်ကို သူပြောတဲ့ ဟားတိုက်တယ်ဆိုတာ
လုပ်ပြဖို့ ပြောရောဗျ။

"အေး-အေး-ပါ-တစ်ရက်-လောက်-တော့ ငါ-ငါ လုပ်ပြ-
ပါ-ပါမယ်"

ကျုပ်က သူပြောတာကို သေသေချာချာ တွေးနေမိတာဗျ။

"လူကို လက်ညှိုးနဲ့ မ,ရင်-လူကပေါ့ပြီး လေထဲကို မြောက်
တက်သွားမယ် ဟုတ်လား ဘထစ်"

"ဟုတ်-ဟုတ်-ပါ ပါတယ်-ဆို-ဆိုမှကွာ"

"ဒါဆိုရင် မင်း ဘယ်တော့ လုပ်ပြမှာတုံး"

"အ-အ-ခြေ-အ-နေ-ပေး-ပေးတဲ့-နေ့-နေ့ပေါ့-ပေါ့ကွာ၊
လူ-ရှာ-ရ-ရ-ဦး-မှာ-ကွ"

"လူရှာရမယ်၊ ဟုတ်လား၊ ဘာလုပ်ဖို့တုံး"

"ခုနှစ်-နေ့-နေ့၊ ခုနှစ်-နံ-နံ စုံ-စုံ-မှ-ရ-ရတာ-တာ-ကွ"

"ဟေ ဟုတ်လား၊ ခုနှစ်ရက်သားသမီးစုံမှ ရမှာပေါ့ ဟုတ်
လား ဘထစ်"

"အေး-အေး-ဟုတ်-ဟုတ်-တယ်-ကွ"

ဟားတိုက်တဲ့ကိစ္စက ဒီမှာပဲ စကားပြတ်သွားရောဗျ။ အဲဒီ
နေ့က ဘထစ်က ပြဒါးနှစ်ကျပ်သားခဲပြီး ရောင်းလို့ရတဲ့ ပိုက်ဆံတွေ
နဲ့ ကျုပ်ကို ခါတိုင်းလိုပဲ ကျွေးမွေးတော့တာပေါ့ဗျာ။ ကျုပ်ကလည်း
ပေါက်ပေါက်ရှာရှာလုပ်ပြီး ပိုက်ဆံရှာတတ်တဲ့ ဘထစ်ကို ဂုဏ်ပြုတဲ့
သဘောနဲ့ ပိုက်ကားအောင်ကို စားပေးလိုက်တာပေါ့ဗျာ။

ကျုပ်တို့အုပ်စုက ကျောင်းမှာ ဘောလုံးဆိုလည်း ကန်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြတာပဲဗျ။ ခြင်းလုံးဆိုလည်း ခတ်လိုက်ကြတာပဲဗျ။

အခုလည်း ကျောင်းကပွဲမှာ 'ဗွေးတုတ်' ယိမ်းကဖို့ ကျုပ်တို့အဖွဲ့ကို ရွေးလိုက်သဗ။ အောင်သိန်းက ယိမ်းခေါင်းဆောင်။ အားလုံး ၁၅ ယောက်ယိမ်း။

ကြက်တောင်စည်း ပန်းတစ်ပွင့်ပန်၊ ပါးမှာ ပါးကွက်,ကွက်ပြီးတော့ ပုဆိုးစလွယ်သိုင်းပေါ့ဗျာ။

အောင်သိန်းက ခေါင်းဆောင်ပြီး ညနေကျောင်းဆင်းရင် ကျောင်းခန်းလွတ်တစ်ခုမှာ အကတိုက်ကြရတယ်။ ညရှစ်နာရီလောက်မှ အိမ်ပြန်ကြရတာပေါ့ဗျာ။ ဘထစ်ကလည်း ဒီတော့မှ သုသာန်ကျောင်းကို ပြန်တာ။ ဒါပေမဲ့ ဒီကောင်က ကြောက်တဲ့ကောင်မှ မဟုတ်တာ။ အေးအေးဆေးဆေးပဲဗျ။

နေ ကဲ်တော့ ကျောင်းကပွဲက နီးနီး လာတဲ့အခါ ယိမ်းခေါင်းဆောင် အောင်သိန်းက တစ်ပတ်ကို တစ်ည ကျောင်းမှာအိပ်ပြီး ညဥ့်နက်တဲ့အထိ ယိမ်းတိုက်ဖို့ ပြောသဗျ။ အားလုံးက သဘောတူတယ်။ ဆရာတွေရော၊ မိဘတွေတပါ သဘောတူကြတယ်ဗျ။ ဘထစ် ဘုန်းကြီးကလည်း ခွင့်ပေးတယ်။

ကျုပ်တို့အဖွဲ့ ည ၁၁ နာရီအထိ ယိမ်းတိုက်ကြတယ်။ ပြီးမှ ကျောင်းဆောင်ကြီးအပေါ်ထပ်မှာ ဖောင်လေးတွေခြံပြီး ကွေးကြတာပေါ့ဗျာ။ ဒီမှာတင် ဘထစ်က ကျုပ်ကို မေးတော့တာပဲဗျ။

"တာ-တာ-တေ-မင်း-ကို-ငါ-ငါ-ပြော-ထားတဲ့ ကိစ္စ လုပ်-လုပ်ရင် ရပြီ-ပြီ-ကွ"

"ဟေ ဘာကိစ္စတုံးကွ ဘထစ်ရ"





"ဟာ-တာ-တာ-တေ-ကလည်း မေ့-မေ့-သွား-သွားပြီ-ထင်-ထင်-တယ်"

"အေးပါ ဘထစ်ရာ၊ ငါ့ကို ပြောပါဦးကွ၊ ဘာကိစ္စတုံးဆိုတာ"

"ဘာ-ဘာ-ကိစ္စ-ရ-ရ-မှာ-လဲ-လဲ၊ ဟား ဟား တိုက်-တိုက်-တာ၊ တာ-လေ-မင်း-မင်း-ကြည့်-ကြည့်-ခြင်-လို့-လို့-ဆို"

"ဟာ ဟုတ်သားပဲကွာ၊ ငါ မေ့နေတာကွ၊ အေး မင်းအဲဒါလုပ်လို့ရမလား၊ ခုနစ်ရက်သား စုံမှရတယ်ဆို"

"ငါ-ငါ-မေး-ကြည့်-ကြည့်ပြီး-ပြီ၊ တို့-အ-အ-ထဲ-မှာ ခု-ခုနစ်-ရက်-ရက်-စုံ-စုံတယ်-ကွ"

"ဟာ ဒါဆို လုပ်ကွာ ဘထစ်၊ ငါ ကြည့်ချင်တယ်ကွ"

"အေး-အေး-ပါ-ငါ-ငါ-လုပ်-လုပ်ပြ-ပါ့မယ် မင်း ဒီ-ဒီ-ကောင်-တွေကို ပြော ပြော-ထား-လိုက်"

"အေး အေး စိတ်ချ၊ ဘထစ် ဒီကောင်တွေ စိတ်ဝင်စားသွားအောင် ငါပြောပြမယ်၊ ဟား ဟား ဟား ဟား ဆရာကြီးဘထစ်ရဲ့ အစွမ်းကို တွေ့ရတော့မှာပေါ့ကွာ"

နောက်နေ့ကစပြီး ကျုပ်က ယိမ်းအဖွဲ့ကကောင်တွေကို တဖြည်းဖြည်း ပြောပြပြီး စည်းရုံးတာပေါ့ဗျာ။ ဒီကောင်တွေကလည်း ကျုပ်လိုပဲဗျ။ ဘထစ်ပြောတဲ့ ဟားတိုက်တဲ့ကိစ္စကို တော်တော်စိတ်ဝင်စားကြတာဗျို့။ ကျုပ်ကလည်း ဒီကောင်တွေ စိတ်ဝင်စားအောင် အမျိုးမျိုး ပြောပြတာပေါ့ဗျာ။

"ကဲ ဘထစ်ရေ၊ ငါ့တာဝန်တော့ ပြီးပြီနော်၊ မင်းတာဝန်ပဲ ရှိတော့တယ်"

"အေးပါ ဒီ-တစ်-တစ်ပတ်-ကျောင်း-ကျောင်းမှာ ည-



www.burmeseclassic.com

www.burmeseclassic.com



ညအိပ်ရင်-ငါ-ငါ-လုပ်-ပြ-ပြ-မယ်"

ကျုပ်က ဘာမဆို စပ်စုချင်တဲ့ကောင်ဆိုတော့ အရမ်းကို ပျော်နေတာဗျ။ အဲဒီည မြန်မြန်ရောက်ပါစေလို့တောင် ဆုတောင်းနေတာဗျ။

ဒီလိုနဲ့ ညအိပ်ရမယ့်နေ့ကို ရောက်ပြီဗျို့။

ဘထစ်က လိုတဲ့ပစ္စည်းကလေးတွေ ဝယ်တယ်ဗျ။

တခြားတော့ မဟုတ်ပါဘူးဗျာ။ အမွှေးတိုင်၊ ဖယောင်းတိုင်၊ လက်ဖက်ဗျ။

အဲဒီညရောက်တော့ ည ၁၁ နာရီလောက်မှာ ဗွေးတုတ်ယိမ်းတိုက်တာ ပြီးရော့ဗျ။ ဒီမှာတင် ဘထစ် အလုပ်စ,တော့တာပေါ့ဗျာ။

ဘထစ်ခိုင်းတဲ့အတိုင်း ကျုပ်ဘို့က လုပ်ပေးရတာပေါ့ဗျာ။ စားပွဲကြီးတစ်လုံးကို အခန်းအလယ် ချကြတယ်။ ပြီးတော့ လူကောင်ခပ်သေးသေး မျက်မွေးကို စားပွဲပေါ်မှာ ပက်လက်အိပ်ခိုင်းတယ်ဗျ။ ပြီးတော့ ခေါင်းတည့်တည့်မှာ ခုံတစ်လုံးချပြီး အမွှေးတိုင်၊ ဖယောင်းတိုင်ထွန်း၊ လက်ဖက်ပွဲ တင်လိုက်တယ်။ ပြီးတော့ တနင်္ဂနွေသား အောင်သိန်း၊ တနင်္လာသား ချစ်သောင်း၊ အင်္ဂါသား စံပ၊ ဗုဒ္ဓဟူးသား ရန်ပိုင်၊ ကြာသပတေးသား မြို့သာ၊ သောကြာသား သောင်းဖေ၊ စနေသား တက်ခါး၊ အစဉ်အတိုင်း နေရာချလိုက်တယ်ဗျ။ ကျန်တဲ့လူတွေက ဘေးကပဲ ဝိုင်းကြည့်နေကြတာပေါ့ဗျာ။ ကျုပ်နဲ့ ဘထစ်ကလည်း ဘေးကပဲကြည့်နေတာဗျ။ ဘထစ်ကတော့ ဆရာကြီးပေါ့ဗျာ။





"ကဲ နား-နားယောင်-မင်းတို့ရဲ့ လက်-လက်-ညှိုး-ညှိုး-နှစ်-ချောင်းကို-ကို-မျက်-မွေး မွေး-ရဲ့ ကျော-ကျော-ကုန်း-ကုန်းအောက်-အောက်ကို ထိုး-သွင်း-သွင်းထားကြ၊ ပြီး-ပြီး-ရင် တနင်္ဂနွေသားက-စ-စပြီး ဟော-ဟော-ဒီလို-ခေါင်း ငုံ့-ငုံ့-ပြီး-ဟား-လို့ခေါင်း-က-စ-စပြီး၊ အောက်-အောက်-ဘက်-ကို-လုပ်-လုပ်လိုက်၊ သူ-ဆုံး-ဆုံးသွားတဲ့နေရာက-တနင်္လာသား-သားက ဆက်-ဆက်ပြီး-ဟား-လို့-လုပ်-ခြေ-ခြေထောက်ဘက်ကို-လုပ်-လုပ်သွား-ပြီး-ပြီးရင် အင်္ဂါသား-နောက်-ဗုဒ္ဓ-ဟူး-ဟူး၊ ကြာ-ကြာ-သ-ပ-ပတေး၊ သော-ကြာ-ကြာ၊ စ-စ နေ အဲ-အဲ ဒီလို ဆက်-ဆက်-လုပ်-အဆက်-မ-မ-ပြတ်-ရ-ရဘူး၊ ခုနစ်ပါတ်-ထိ-တိ-လုပ်-လုပ်-ရ-မယ်"

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ငါတို့ သိပြီ၊ ကဲ ငါ စမယ်"

လို့ အောင်သိန်းက ပြောပြီး မျက်မွေးရဲ့ ခေါင်းနားကိုကပ်ပြီး 'ဟား' လို့ ပါးစပ်ဟပြီး လုပ်တယ်။ ပြီးတော့ ချစ်သောင်း၊ ပြီးတော့ စံပ၊ ပြီးတော့ ရန်ပိုင်၊ ပြီးတော့ မြို့သာ၊ ပြီးတော့ သောင်းဖေ၊ ပြီးတော့ တက်ခါး။

"ဟုတ်-ဟုတ်ပြီ-တစ်ပါတ်"

အောင်သိန်းက ပြန်စတယ်၊ ပြီးတော့ အစဉ်အတိုင်း။

"ဟုတ် ဟုတ်ပြီ-နှစ်ပါတ်"

အောင်သိန်းက ပြန်စ။

"ဟုတ်-ဟုတ်ပြီ သုံးပါတ်"

"လေးပါတ်"

"ငါးပါတ်"



www.burmeseclassic.com

www.burmeseclassic.com



"ခြောက်ပါတ်"

"ခုနစ်ပါတ်"

"ဟုတ်-ဟုတ်-ပြီ-ပြီ-မ-မ-လက်-လက်ညှိုးနဲ့ မ-ဟုတ်-ဟုတ်ပြီ"

ဟာ မျက်မှေးက အိပ်ပျော်သွားပြီး စန့်စန့်ကြီး ဖြစ်နေတာ ဗျို့။ တောင့်တောင့်ကြီးဖြစ်ပြီး လေထဲကို ကြွလာတယ်ဗျ။ ဟိုကောင်တွေက သူတို့ရင်ဘတ်နဲ့တည့်တည့်လောက်အထိ မ,ထားကြတယ်။

"ဖြည်း ဖြည်း ပြန်-ပြန်-ချ-ချ"

ဘထစ်က ညွှန်ကြားနေတာပေါ့။ ဘထစ်ခိုင်းတဲ့အတိုင်း လိုက်လုပ်ကြရတာပေါ့ဗျာ။ ကျုပ်ဖြင့် အံ့ဩလိုက်တာဗျာ။ မျက်မှေးက လေထဲမှာ ပေါ့ပေါ့ပါးပါးနဲ့ ပေါလောပေါ်နေသလို ပုံစံဗျ။

"ပြန်-ပြန်-ပြန်-မ"

ဟော နောက်တစ်ခါ မ,တြွပြန်ပြီဗျ။ မြောက်လာတာပဲ။

"ချ-ချ-ဖြည်း-ဖြည်း ပြန်ချ"

"ဟုတ်-ဟုတ်-ပြီ ပြီ-ပြန် မ-မ"

ဒါဆိုရင် သုံးကြိမ်မြောက် မ,တာပဲဗျ။ မျက်မှေးကတော့ ဘာမှကို သိပုံမပေါ်ဘူးဗျ။ တောင့်တောင့်ကြီးဖြစ်နေတာ။

"ချ-ချ-ဖြည်း-ဖြည်း-ချ-ချ"

ဘထစ်က ဆက်ပြီးညွှန်ကြားနေတယ်ဗျ။

"ဟာ"

ကျုပ်ရော ကျန်တဲ့သူတွေရာဆီက တစ်ပြိုင်တည်း ထွက်လာတဲ့အသံဗျ။ အားလုံး အံ့ဩသွားကြတယ်။ ဘာဖြစ်လို့လဲဆိုတော့





ဒီတစ်ခါ ပြန်အချမှာ မျက်မှေးက လုံးဝပြန်မကျတော့ဘဲ လေထဲမှာ မြောက်ကျန်ရစ်ခဲ့တာဗျ။

အားလုံး လန့်ဖျတ်ကုန်ရောပေါ့ဗျာ။

ဘထစ်ကို အားလုံးဝိုင်းကြည့်ကြတာပေါ့။ ဘထစ်လည်း မျက်လုံးအပြူးသား ဖြစ်နေပြီဗျို့။ ကျုပ်တို့လည်း ဘာလုပ်ရမှန်း မသိတော့ဘူးဗျ။

"ဟေ့ကောင်တွေ မျက်မှေးကို အောက်ဆွဲချကြကွာ"

အောင်သိန်းက ပြောလိုက်တော့ စောစောက ဟားတိုက်တဲ့ ခုနစ်ယောက်က မျက်မှေးကို အောက်ကို ဆွဲချကြတာ နည်းနည်းမှကို ဆွဲလို့ မရတာဗျို့။

အဲဒီတုန်းမှာပဲ ကြည့်နေတဲ့အထဲက မြင့်ဦးဆိုတဲ့အကောင်က 'ဟီး'ခနဲ ထငိုပါရောဗျာ။

"ဟာ ဘာဖြစ်တာတုံး"

လို့ ကျုပ်က အော်ပြောလိုက်တယ်။ ကျုပ်စကားတောင် မဆုံးသေးပါဘူးဗျာ။ နောက်တစ်ယောက် ထပ်ငိုတယ်။ တစ်ယောက်ပြီးတစ်ယောက် ငိုလိုက်ကြတာ၊ ခုနစ်ယောက်ဗျ။

"ဟာ ဒါ-ဒါ-ခု-ခု-နစ်-စဉ်-တိုက်-တိုက်တာကွ"

ဘထစ်က ပြောတယ်။ ဒါ ခုနစ်စဉ်တိုက်တာတဲ့။ ကျုပ်တို့က သူပြောတဲ့ ခုနစ်စဉ်တိုက်တာကို ကြားတောင် မကြားဖူးဘူးဗျ။

"ဒါဆို ဘယ်လိုလုပ်မလဲ ဘထစ်၊ တော်တော်ကြာ မျက်မှေး သေသွားဦးမယ်"

မျက်မှေးကတော့ လေထဲမှာ စန့်စန့်ကြီးပဲဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ရ-ရ-တယ်၊ ငါ-ငါ-မ-ဖဲ-ဝါ-ဝါကို ခေါ်-ခေါ်မယ်-မင်း-မင်းတို့ မျက်-စိ-မှိတ်-မှိတ်-ထား-မ-မကြည့်နဲ့"

ပြောပြောဆိုဆို ဘထစ်က တံခါးပေါက်နားသွားပြီး အ,ထစ် အ,ထစ်နဲ့ ပြောတယ်ဗျ။

"မ-မ-မ-ဖဲ-ဖဲ-ဝါ-အ-ခု-ချက်-ချင်း ကျုပ်-ဆီ-ဆီကို-လာ-ပါ-ကျုပ်-ကို-ကူ-ကူ-ညီ-ပါ၊ ကျုပ်-ကျုပ်က ဘ-ဘ-ချစ်-ချစ်-ပါ-ပါ"၏

အားလုံး မျက်စိမှိတ်ပြီး ခေါင်းတွေ ငုံ့ထားတယ်။ ငိုတဲ့ကောင်တွေကတော့ ငိုလို့ပေါ့ဗျာ။ ကျုပ်ကတော့ အင်မတန်စပ်စုတဲ့ကောင်မို့လား၊ မျက်စိပိတ်မယ့်အစား မှုက်တောင်မခတ်ဘဲ ကြည့်နေတာပေါ့ဗျာ။

"ဟာ"

တံခါးပေါက်ကနေ ဝင်လာတာဗျို့။ ဖြူဖြူကြီးဗျ။ သဲသဲကွဲကွဲတော့ ကျုပ် မမြင်ရဘူး။ လူပုံစံပဲဗျ။ အရပ်ဆယ်ပေလောက်ရှိမယ်ထင်တယ်။ လက်ကြီးနှစ်ဖက် ရှေ့ကိုတန်းပြီး လေထဲမှာ ရမ်းလိုက်တယ်ဗျို့။

"ဟော"

လေထဲမြောက်နေတဲ့ မျက်မှေးလည်း အောက်ကို ဖြည်းဖြည်းကလေး ကျလာတယ်။ ငိုနေတဲ့ကောင်တွေလည်း တိတ်သွားပြီဗျ။ ငိုနေတဲ့ကောင်တွေက သူတို့ ဘာဖြစ်သွားမှန်းကို မသိတာဗျ။ ဟာ ဖြူဖြူကြီး ထွက်သွားပြီဗျို့။ တံခါးပေါက်ကပဲ ပြန်ပြီးထွက်သွားတာ။ ကျုပ် ဘထစ်ကို လှမ်းကြည့်လိုက်တော့ သူလည်း ကျုပ်လိုပဲဗျ။ အဲဒီဖြူဖြူကြီးကို လိုက်ကြည့်နေတယ်။ မျက်မှေးလည်း ငုတ်တုတ်





ကလေး ထိုင်နေတယ်ဗျ။

ဘထစ်က ကျုပ်ကို လှမ်းကြည့်ပြီး ရယ်နေတယ်ဗျို့။ ကျုပ်လည်း ဒီတော့မှ ရင်ထဲက အလုံးကြီးကျသွားတာပေါ့ဗျာ။ အားလုံးလည်း တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ကျွက်စီ ကျွက်စီနဲ့ ပြောနေကြရောဗျို့။

အဲဒီညက အိပ်သာအိပ်ကြတယ်၊ ဘယ်အိပ်ရဲတော့မလဲဗျာ။ အခန်းတံခါးတွေ အကုန်ပိတ်ပြီး အလှည့်ကျ ကင်းချကြရတယ်ဗျ။ ပြီးတော့ အားလုံးပဲ ဘုရားတွေဘာတွေ ရှိခိုးပြီးမှ အိပ်ကြရတာပေါ့ဗျာ။

ဘထစ်က ကျုပ်နားကိုကပ်ပြီး မေးတယ်ဗျ။

"မင်း-မင်း မ-မ-ဖဲ-ဝါ-ဝါကို တွေ့လိုက်ရ-ရတယ်မို့လား"

"အေး ငါ တွေ့လိုက်တယ် ဘထစ်၊ အရပ်အမြင့်ကြီးပဲကွ"

"ဟုတ်-ဟုတ်တယ်-ငါ မင်း-မင်းကို-ပြော-ပြောထား-သား-ပဲ မ-မ-ဖဲ-ဖဲ-ဝါ-နဲ့-ငါ-ငါနဲ့ ခင်-ခင်-ပါ-ပါတယ်-လို့"

"အေး ငါ အခုတော့ ယုံသွားပါပြီ ဘထစ်ရာ၊ နောင်ကိုလည်း ဘယ်တော့မှ ဟားမတိုက်တော့ပါဘူးကွာ။ မင်းလည်း ဒါမျိုးနောက်ဘယ်တော့မှ မလုပ်နဲ့တော့ကွ၊ မဖဲဝါသာ ရောက်မလာရင် ငါတို့ ဒုက္ခရောက်တော့မှာကွ"

ကျုပ်စကားကို ဘထစ်က သေသေချာချာ နားထောင်ပြီး လေးလေးနက်နက် ခေါင်းညိတ်ပြတယ်ဗျ။

ဒီညဖြစ်ခဲ့တဲ့ကိစ္စတွေ အပြင်မှာ မပေါက်ကြားဖို့ ကျုပ်က အားလုံးကို သတိပေးတယ်။ အားလုံးကလည်း စိတ်ချ တာတေ၊



www.burmeseclassic.com

www.burmeseclassic.com



လုံးဝအမြင်ကို မပေါက်ကြားစေရဘူးလို့ ကတိခပေးကြတယ်။

ဒါပေမဲ့ နောက်နေ့ ကျောင်းတက်တဲ့အခါ ကြိမ်လုံးကြီးကိုင်ပြီး အဆင်သင့်စောင့်နေတဲ့ အတန်းပိုင်ဆရာ၊ ဆရာထွန်းကို တွေ့ရတော့တာပါပဲဗျာ။

"ကဲ 'ဟား'ဆရာကြီးတွေ ဒီဘက်ကြွပါဦး"

ဆိုပြီး ကျုပ်ရယ်၊ ဘထစ်ရယ်၊ မျက်မှေးရယ်၊ အောင်သိန်းရယ်ကို ကြိမ်စာကျွေးတော့တာပေါ့ဗျာ။ ဒါကြောင့်လည်း ဘုရားတစ်ရာအပေါက်ထက် ပိုဆိုးတဲ့ လူတစ်ယောက်ပါးစပ်ပေါက်လို့ ပြောကြတာပဲဆိုတာ ကျုပ်တွေးလိုက်မိတယ်ဗျ။

တာတေ

◆◆◆





# မဖဲဝါသိုက်

မဖဲဝါသိုက်လို့ ကျုပ်ကပြောလိုက်တော့ သိပ်ကိုအံ့သြသွားမှာပေါ့။ မဖဲဝါက ဥစ္စာစောင့်မှ မဟုတ်တာ၊ ဘယ်လိုလုပ်ပြီး ...တ်ရှိမှာတုံး။

တကယ်တော့ သချိုင်းတစ်ရာကို အပိုင်စားရထားတဲ့ မဖဲဝါ ...ာ သူအပိုင်စားရတဲ့ သချိုင်းတွေထဲကို ရောက်လာတဲ့ ဥစ္စာ



www.burmeseclassic.com

www.burmeseclassic.com



မှန်သမျှ သူပိုင်ပြီးသားဗျ။ အားလုံးဟာ သူပိုင်တဲ့ဥစ္စာ ဖြစ်သွားတာ ကျုပ်လည်း အစက မသိပါဘူးဗျာ။

ငွေတွင်းကုန်းက ကိုဘပွား၊ ကျုပ်ဆီကို ရောက်လာရာက စခဲ့တာပေါ့။ ကိုဘပွားနဲ့ ကျုပ်နဲ့က နဂိုကတည်းက ခင်တာဗျ။ လူက အရပ်ရှည်ရှည်၊ ကိုယ်လုံးတောင့်တောင့်၊ နှာတံပေါ်ပေါ် ဥပမိရုပ်ကောင်းကောင်းပါပဲ။ ဒါပေမဲ့ ကိုဘပွားက သနားဖို့ကောင်းတယ်ဗျ။ ငွေတွင်းကုန်းသားတွေက သူ့ကွယ်ရာမှာဆိုရင် သူ့ကို နှာခေါင်းရှုံ့ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုဘပွားတို့အဖေ ဦးစံဖေဆိုတဲ့ အဘိုးကြီးက သွက်သွက်လည်အောင် ရူးနေတာကိုး။

ကိုဘပွားတို့က ဒီဒေသတာလည်း မဟုတ်ဘူးလေ။ ဘယ်ဇာတိဆိုတာလည်း ဘယ်သူမှ တိတိကျကျ မသိကြဘူးဗျ။ ဘယ်က ပြောင်းလာမှန်းလည်း မသိကြဘူး။ ငွေတွင်းကုန်းမှာ ယာကွက်တွေ ဝယ်ပြီး ပြောင်းလာကြတာပဲ။ ပြောင်းလာကတည်းက ကိုဘပွားအဖေကြီးက ရူးနေတာဗျ။

ကိုဘပွားက အိမ်ထောင်မရှိဘူးဗျ၊ လူပျိုကြီး။ သူ့ညီ ကိုလှပွားက အိမ်ထောင်နဲ့၊ သားသမီးတွေ ရှိတယ်။ ညီအစ်ကိုတွေ အလုပ်တော့ လွတ်လုပ်ကြတာဗျ။ ခုပ်ရေးရှာရေးဆိုရင်လည်း အမြဲ ပါကြတာ။ လူချစ်လူခင်လည်း ပေါပါတယ်။ စိတ်ထားမကောင်းတဲ့ လူတွေကတော့ သူတို့ကွယ်ရာမှာ အရူးဖေကြီးသားတွေ၊ ဘာညာ နဲ့ပြောတာတော့ ရှိတာပေါ့ဗျာ။

အဲဒီနေ့က နေကလည်းပြင်းတော့ ကျုပ် ဘယ်မှမသွား ဘူး။ မန်ကျည်းပင်အောက်က ကွပ်ပျစ်မှာထိုင်ပြီး အမေ ခိုင်းထား





တာ ထိုင်လုပ်နေတာဗျ။ အမေက မြေပဲဆံထွက်ခိုင်းထားလို့လေ။ နဂါးဆေးပေါ့လိပ်ကလေး ကောက်ဖွာလိုက်၊ ပြန်ချထားလိုက်၊ မြေပဲ ဆံကလေး ထွက်လိုက်ပေါ့ဗျာ။

"ဟာ တာတေ အလုပ်တွေ လွတ်လုပ်နေတာကိုး"

ဝိုင်းပေါက်ဝက အသံကြားလို့ ကျုပ် လှမ်းကြည့်လိုက်တယ်။

"ဟာ ကိုဘပွားပါလား၊ လာလေဗျာ"

ကျုပ်က ကိုဘပွားကို လှမ်းခေါ်လိုက်တယ်။ ဝိုင်းဝမှာ မားမားကြီးရပ်နေတဲ့ ကိုဘပွားက သူ့ခေါင်းက ဝါးဖတ်ဦးထုပ်ကို ချွတ်လိုက်ပြီး ဝိုင်းထဲဝင်လာတယ်ဗျ။

"တာတေတို့အိမ်က ဒီမန်ကျည်းပင်ကြီးက အရိပ်လွှတ် ကောင်းပါလားကွ"

ကျုပ်ထိုင်နေတဲ့ ကွပ်ပျစ်မှာ ကိုဘပွားက ဝင်ထိုင်ရင်း ပြောလိုက်တယ်။

"ဟုတ်ပ။ ဒါထက် ကိုဘပွား ကျုပ်တို့ ထနောင်းကုန်းကို လာခဲ့ပါတယ်"

"အေးကွ တာတေရဲ့ လာခဲ့ဆို ယာလုပ်ငန်းကတစ်ဖက်၊ ရုပ်ရေးရှာရေးကတစ်ဖက်၊ သွက်သွက်လည်အောင် ရူးနေတဲ့ အဖေ ကြီးကတစ်ဖက်မို့လားကွာ"

"ဟုတ်တာပေါ့ဗျာ၊ ကိုဘပွားတို့ ကိုလှပွားတို့ ညီအစ်ကိုက အဖေကြီးကို တော်တော်ကို ဂရုစိုက်ကြတာပါဗျာ။ နို့ ဘိုးစံဖေကြီး နေကောင်းရဲ့မို့လား"

"ဆုံးသွားပြီ တာတေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



“ဗျာ ဘယ်တုန်းကလဲ၊ ကျုပ်ဖြင့် သတင်းမကြားပါလားဗျာ”

“မနေ့ကပဲ ရက်လည်တာကွ၊ သတင်းမကြားဆို ရက်လည် မထားဘူးလေကွာ၊ အားချင်းပဲ သင်္ဂြိုဟ်လိုက်တာ”

“အို ဘာဖြစ်လို့တုံးဗျ”

“ဒီလိုကွ တာတေရ၊ ရွာထဲက တချို့လူတွေက သူတို့ရွာကို ငါတို့ပြောင်းလာတာ သိပ်မကြိုက်ကြဘူးကွ”

“ဟာ ဘာလို့တုံး”

“အဖေက ရှုးနေတာကိုးကွ၊ သူတို့ရွာကို အရှူးပြောင်းလာတယ်ဆိုတော့ မကြိုက်ကြဘူးကွ၊ အခုလည်း အရူးသေတယ်ဆိုတော့ ပြောကြဆိုကြမှာစိုးလို့ဟေ့၊ ရက်မထားတော့ဘဲ ချက်ချင်းသင်္ဂြိုဟ် လိုက်တာ။ သေမှတော့ ရက်ထားနေလည်း မထူးတော့ပါဘူးကွာ”

“ဟုတ်ပါတယ် ကိုဘပွားရာ၊ ခင်ဗျားတို့လည်း ဒီအဖေကြီး ကို ပြုစုခဲ့တာ နှစ်ပေါင်း နည်းသေးတာမှ မဟုတ်တာ”

“အနှစ် နှစ်ဆယ်တိတိပဲကွ တာတေရ”

ကိုဘပွားက ကျုပ်မီးညှိပြီး ဘည်ထားတဲ့ ဆေးပေါ့လိပ်ကို အားရပါးရ ဖွာနေတယ်ဗျ။

“နို့ ကိုဘပွား၊ ထနောင်းတုန်းကိုလာတာ ဘယ်သူ့အိမ်တုံး”

“ဘယ်သူ့အိမ်မှ မဟုတ်ဘူးကွ ခင်းဆီကိုပဲ သက်သက်လာ ခဲ့တာ”

“ဟင် ဟုတ်လား၊ ကိုဘပွား ဘာကိစ္စများရှိလို့တုံး”

“အေး ကိစ္စကတော့ နည်းနည်းရှင်းပြမှ မင်းသိမှာကွ”

“ဒါဆိုလည်း နေဦးဗျာ၊ ကျုပ်အိမ်ပေါ်တက်ပြီး လက်ဖက်





ယူဘ်လိုက်ဦးမယ်”

လို့ပြောပြီး အိမ်ပေါ်တက်တယ်။

“ဘယ်သူတုံး တာတေ”

လို့ အဘက မေးတယ်။ ကျုပ်က. . .

“ငွေတွင်းကုန်းက ကိုဘပွားလေ အဘ၊ ကိုဘပွားအဖေ ကြီးတောင် ဆုံးသွားပြီတဲ့ဗျ”

“ဟေ ဟုတ်လား၊ ဟို အရူးစံဖေကြီးလား”

“ဟုတ်တယ်ဗျ၊ မနေ့က ရက်လည်သတဲ့၊ ရက်မထားဘဲ ချက်ချင်းသင်္ဂြိုဟ်လိုက်တာတဲ့”

“ဩော် အေးလေ၊ ဒီလူကြီး ဝင်္ကျွတ်သွားတာပေါ့လေ၊ နို့ အခု ဘာလုပ်မလို့တုံး”

“လက်ဖက်ကလေး အကြမ်းလေး လုပ်မလို့ဗျ”

“ဩော် သွား၊ သွား၊ အမေ ယူလာခဲ့မယ်”

လို့ အမေကပြောတော့ ကျုပ် ဝိုင်းထဲကို ဆင်းလာခဲ့တယ်။ ခဏနေတော့ အမေက အကြမ်းအိုးနဲ့ လက်ဖက်ပွဲ လာပို့တယ်။ ပြီးတော့ ကိုဘပွားကိုလည်း သူ့အဖေသတင်း မေးပါတယ်။

“အေးပေါ့ ဘပွားရယ်၊ ဝင်္ကတစ်ခု ကျွတ်သွားတာပေါ့။ ခင်တို့ညီအစ်ကိုတွေ တော်ကြပါတယ်။ အဖေကို သေတဲ့အထိ စောင့်ရှောက်ကြတာပါ”

အမေက အားပေးစကားပြောပြီး အိမ်ပေါ် ပြန်တက်သွား တယ်။

“ကဲ ကိုဘပွား၊ လက်ဖက်စား၊ အကြမ်းသောက်ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



ကိုဘပွားက ကျုပ်တည့်တဲ့ လက်ဖက်ကို နှစ်ဇွန်းခပ်စာ
တယ်။ ရေနွေးကြမ်းပူပူ တစ်ပန်းကန်ငှဲ့ပြီး တဖူးဖူးနဲ့ မှုတ်သောက်
လိုက်တယ်။ ရေနွေးတစ်ပန်းကန်သောက်ပြီးတော့ စောစော
ချထားတဲ့ နဂါးဆေးပေါ့လိပ်ကလေးကို ကောက်ယူပြီး မီးညှိသွ
အောင် ဖွာလိုက်တယ်ဗျ။

"ကဲ ကိုဘပွား ပြောပါဦးဗျ စောစောကပြောတဲ့ အေးအေး
ဆေးဆေး ပြောရမယ့်ကိစ္စဆိုတာ"

ကျုပ်က စကားစမေးလိုက်တယ်။ ဒီတော့ ကိုဘပွားက
ခေါင်းညိတ်လိုက်ပြီး မန်ကျည်းပင်ကြီးကို တစ်ချက်မော့ကြည့်တယ်

"အေး ဒီလိုကွ၊ တာတေရ ငါတို့အဖေကြီး ဦးစံဖေဟာ
တစ်သက်လုံး ရူးနေတဲ့ အရူးကြီးတစ်ယောက်ဆိုတာ မင်းလည်း
သိတာပဲလေ။ လူတွေအားလုံးလည်း ဒီအတိုင်း သိကြတာပေါ့ကွာ
ဒါပေမဲ့ တို့အဖေ မသေခင် အိပ်ရာထဲမှာ ဘုန်းဘုန်းလဲတဲ့အချိန်
အရူးရောဂါပျောက်သွားပြီး ပြန်ကောင်းသွားတာကို ဘယ်သူမှ မသိ
လိုက်ကြဘူးကွ"

"ဟင် ဟုတ်လား၊ ကိုဘပွား ဘကြီးစံဖေ ပြန်ကောင်းသွား
တယ် ဟုတ်လား"

"အေး ဟုတ်တယ် တာတေ"

"ဒို့ နေပါဦးဗျ ကိုဘပွားရဲ့ ဘကြီးစံဖေက ဘယ်တုန်း
ကတည်းက ရူးနေတာတုံး"

"ငါ ဆယ်နှစ်၊ ဆယ့်တစ်နှစ်မှာ ရူးသွားတာကွ"





"ဟင် ဟုတ်လား၊ ဘကြီးစံဖေက အစက ဘာအလုပ်လုပ်တာတုံးဗျ"

"ငါရော ငါ့အမေရော၊ ငါတို့တစ်ရွာလုံးရော သိထားတာက ကုန်သည်ပေါ့ကွာ။ တစ်ခါ တစ်ခါ အောက်ပြည်အထိဆင်းပြီး အညာကုန်တွေ ရောင်းတယ်ကွ။ အောက်ပြည်က ပြန်လာရင် ငါးပိတို့၊ ငါးခြောက်တို့ ယူလာပြီး ရွာတွေလှည့်ရောင်းတယ်ကွ။ အိမ်က ယာကလေး နည်းနည်းရှိတာကိုတော့ အမေကပဲ ဦးစီးပြီးလုပ်ရတာ"

"ဩော် ကိုဘပွားတို့မိသားစုက စီးပွားရေး အဆင်ပြေမှာပေါ့နော်"

"လွှတ်ပြေတာပေါ့ တာတေရာ၊ ဒါပေမဲ့ ငါတို့အဖေဟာ ကုန်သည်မဟုတ်မှန်းကို အဖေ သေခါနီးမှ ငါသိလိုက်ရတာကွ"

"ဗျာ ကိုဘပွားပြောတော့ ကုန်သည်ဆို"

"အေး ကုန်သည်တော့ ဟုတ်တယ်၊ ဒါပေမဲ့ ဒါက ဟန်ပြအလုပ်ကွ၊ တကယ်လုပ်တာက ဒါမဟုတ်ဘူး"

"ဟင် ဟုတ်လား၊ ကျုပ်တောင် နားနည်းနည်းထွေးသွားပြီ ကိုဘပွားရဲ့"

"ဒီလိုကွ၊ တာတေရဲ့၊ အဖေ အရူးကြီးဘဝနဲ့ ရှိနေတဲ့ တစ်လျှောက်လုံးမှာ မကြာခဏ အော်အော်ပြောတဲ့ လင်္ကာလိုလို တဘောင်လိုလို တစ်ခုရှိတယ်ကွ"

"ဟင် ဘာများတုံးဗျ ကိုဘပွားရဲ့"

"ဒီလိုကွာ ဘာတဲ့ မန်ကျည်းပင်မြောက်၊ ဆယ်လှမ်းလျှောက်၊ စန္ဒီမာကိုရောက်၊ စန္ဒီမာနောက် ဆယ်လှမ်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com



အောင်ဗလကိုရောက်၊ အောင်ဝလခေါင်း၊ ခြောက်အိမ်ပြောင်း ပွဲစားကိုကံ့ကောင်းတဲ့"

"ဟား ဟား ဟား ဟား၊ ဒါ ဘာတုံးဗျ ကိုဘပွားရဲ့"

"အေး အဲဒါ ငါ့အဖေ ရှုံးပြီးလျှောက်အော်နေတဲ့ဟာလေကွာ၊ ရွာထဲက ကလေးတွေ အကုန်လုံးတောင် အလွတ်ရနေတာလေ"

"အေးပေါ့ဗျ၊ ဘကြီးစံဖေက မကြာခဏရွတ်နေတော့လည်း ကလေးတွေက ရတော့မှာပေါ့"

"ကြားနေကျဆိုတော့လည်း ဘယ်သူကမှ ဂရုမပြုကြတော့ဘူးပေါ့ကွာ။ ငါတို့ကိုယ်တိုင်လည်း ဂရုမပြုမိတော့ဘူးပေါ့"

"နို့ နေပါဦးဗျ၊ ဘကြီးစံဖေဟာ ဘယ်လိုကြောင့် ရှုံးသွားတာတုံး"

"ကုန်တွေယူပြီး အောက်ပြည်ကို သွားရောင်းတာမဲ့ကွ၊ ပြန်ကိုရောက်မလာတော့တာ။ ငါ့အမေကလည်း အဖေ့ကို သေပြီပဲ ထင်တာ။ နှစ်နှစ်လောက်ကြာတော့မှ ဘကြီးစံငွေက မန္တလေးကို သွားပြီး အလှူအတွက် ပရိက္ခရာတွေဝယ်တော့ အဖေ့ကို မန္တလေးမှာ တွေ့တာကွ။ ဒါနဲ့ ရွာကိုပြန်ပြီးခေါ်လာတာ။ ဘကြီးစံငွေ ဆိုတာ အဖေ့အစ်ကိုလေကွာ။ အဖေက သွက်သွက်လည်အောင် ရှုံးနေတာ၊ ရွာကို လုံးဝမပြန်တတ်တော့ဘူး။ ဘကြီးနဲ့ တွေ့လို့သာ အိမ်ပြန်ရောက်လာတာကွ။ လူတွေပြောတာကတော့ အဖေ့ကို စုန်းပြုစားသလိုလိုပေါ့ကွာ။ ဒါပေမဲ့ အဖြစ်မှန်ကို ငါတို့ညီအစ်ကို အဖေမသေခင်ကမှ သိလိုက်ကြတာကွ"

"ဘယ်လိုဖြစ်တာတုံးဗျ ကိုဘပွားရဲ့"





ကျုပ်ရော ကိုဘပွားရော လက်ဖက်တစ်ဇွန်းစီ ခပ်စားပြီး အကြမ်းတစ်ပန်းကန်စီ သောက်ကြတယ်ဗျ။ ပြီးမှ ကိုဘပွားက စကားကိုဆက်တယ်။

"အေးကွာ မင်းကို ဒီအကြောင်းတွေပြောပြီး တိုင်ပင်စရာ ရှိလို့လာတာဆိုတော့လည်း ပြောရတော့မှာပေါ့ တာတေရာ။ ဒီလိုကွ အဖေ မသေခင်ပြောပြတာက သူက ကုန်သည်အစစ် မဟုတ်ဘူးတဲ့၊ ကုန်သည်ယောင်ဆောင်ထားတဲ့ ဓားပြတဲ့ကွ"

"ဗျာ ဓားပြ ဟုတ်လား၊ ကိုဘပွား"

"ဟုတ်တယ် တာတေ၊ အဖေ့မှာ အဖွဲ့ရှိတယ်တဲ့၊ အင်မတန် ညီကြတာတဲ့။ အားလုံးက လက်ရဲဇက်ရဲ ရှိသလောက် အနေအထိုင် လည်း ပိရိကြတယ်ဆိုပဲ။ အမြဲတမ်း တိုက်ကြတာ မဟုတ်ဘူးတဲ့ကွ။ သေသေချာချာ သတင်းထောက်လှမ်းပြီးမှ တစ်နှစ် နှစ်နှစ်ကို တစ်ကြိမ်ပဲ တိုက်ကြတာတဲ့ကွ။ သူတို့အဖွဲ့က အားလုံးငါးယောက် ရှိတယ်တဲ့။ အဖေကတော့ ဗိုလ်မဟုတ်ပါဘူး၊ သူတို့ဗိုလ်က တော်တော်ထက်မြက်တယ်ဆိုပဲကွ"

"ဩော် ဒီလိုကိုး"

"အဲဒါနဲ့ တစ်နေ့ကျတော့ သူတို့တွေ မိုးကုတ်က ကျောက်တွင်းသူဌေးအိမ်ကိုတိုက်တာ ပတ္တမြားတွေရော၊ ရွှေတွေရော တော်တော်ကို ရလာခဲ့တယ်တဲ့ကွ။ သူတို့ဗိုလ်က ဒါတွေကို ချက်ချင်းမသုံးဖို့ပြောသတဲ့။ ဒီလောက်များတဲ့ပစ္စည်းတွေကို ပုလိပ်ဘက်က ခြေရာခြင်းထပ်အောင် လိုက်မှာပဲဆိုတာကို သူတို့အားလုံး သိနေကြတယ်တဲ့။ ဒါနဲ့ပဲ သူတို့အားလုံး တိုင်ပင်ပြီး မန္တလေးက သချိုင်းတစ်ခုထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မြှုပ်ကြတယ်။ အဲဒီသချိုင်းထဲက ပွဲစားကြီး ဦးကံကောင်းရဲ့ဂူကို ဖောက်ပြီး ပစ္စည်းထုပ်တို့ ဂူထဲထည့်ပြီး ခြေရာလက်ရာ မပျက်အောင် ပြန်ပိတ်ခဲ့ကြသတဲ့။ အဲဒီနေရာကို မမေ့အောင် ငါတို့အဖေက သူ့ရွတ်ရွတ်နေတဲ့ လင်္ကာနဲ့ မှတ်ထားတာတဲ့ဟေ့။ ရှူးသွားတော့ ပါးစပ်က ဒီလင်္ကာကိုသာ ရွတ်နေတာ၊ ဘာအဓိပ္ပာယ်မှန်း သူဖာသာ မသိတော့ဘူးပေါ့ကွာ။ သူမသေခင် ပြန်ကောင်းသွားတော့မှ ဒါတွေကို သတိရပြီး ပြောခဲ့တာကွ"

"နေ့ နေပါဦး ကိုဘပွားရဲ့၊ အကြီးစံဖေက ဘာဖြစ်လို့ သွက်သွက်ခါအောင် ရှူးသွားရတာတုံး"

"အဲဒီညကပေါ့ကွာ၊ အဖေတို့ငါးယောက် ဂူဖောက်ပြီး ဂူထဲကို ပစ္စည်းထုပ် ထည့်တယ်။ ပြီးတော့ ဂူပိတ်ကြတယ်။ ပြီးတော့မှ သူတို့ဗိုလ်က ဒီဂူကို အမှတ်အသား လုပ်သတဲ့။ အမှတ်အသားကတော့ . .

"မန်းကျည်ပင်မြောက်၊ ဆယ်လှမ်းလျှောက်
စန္ဒိမာကိုရောက်၊ စန္ဒိမာနောက်ဆယ်လှမ်းလျှောက်၊
အောင်ဗလကိုရောက်၊
အောင်ဗလခေါင်း၊ မြောက်အိမ်မြှောင်း
ပွဲစား ကိုကံကောင်း"

တဲ့ကွ။ ဆိုလိုတာက အဲဒီသချိုင်းထဲမှာ ပင်စည်လူတစ်ဖက်မကကြီးတဲ့ ထူးထူးခြားခြား မန်ကျည်းပင်ကြီး ရှိသတဲ့။ လှမ်းသွားရင် ဘုန်းကြီးဦးစန္ဒိမာရဲ့ဂူ ရှိသတဲ့။ အဲဒီဘုန်းကြီးဂူရဲ့ အနောက်ဘက် ခြေဆယ်လှမ်းအကွာမှာ ကိုအောင်ဗလ ဆိုတဲ့လူရဲ့ဂူကို ရောက်





မယ်။ အဲဒီကိုအောင်ဗလဂူရဲ့ ခေါင်းရင်းဘက် မြောက်ဂူမြောက်မှာ ပွဲစားကြီး ဦးကံကောင်းရဲ့ဂူ ရှိသတဲ့။ အဲဒီဂူထဲမှာ ပစ္စည်းတွေရှိတယ်ဆိုတာကို အမှတ်အသားလုပ်ပြီး ခေါင်းထဲစွဲအောင် မှတ်ကြတာတဲ့ကွ။ ပြီးတော့မှ သူတို့ငါးယောက် ဂူကိုဝိုင်းပြီးတော့ သစ္စာဆိုကြသတဲ့။ ငါးယောက် သဘောတူပြီးမှ ဒီပစ္စည်းတွေကို အတူဖော်ယူကြဖို့ပေါ့ကွာ။ အဲဒီလို သစ္စာဆိုနေကြတုန်းမှာ သူတို့နဲ့ မလှမ်းမကမ်းက တဟားဟားနဲ့ ရယ်သံကြီး ထွက်လာသတဲ့။ အဖေတို့လည်း ကြက်သီးဖျန်း တဖျန်းဖျန်းထကုန်ရောတဲ့ဟေ့။ ဟိုကြည့် သည်ကြည့် ကြည့်ကြတော့ ဖေတာ သွားတွေ့ရောတဲ့ဟေ့"

"ဟင် ဘာကိုတုံးဗျ"

"အရပ်ကြီး အရှည်ကြီးတဲ့ကွ၊ ဂူကြီးတစ်လုံးပေါ်မှာ မားမားကြီးရပ်နေတာတဲ့ကွ၊ ဆံပင်ကြီးဖားလျားချလို့တဲ့ကွ။ မျက်လုံးကြီးတွေက လက်ဖက်ရည်ပန်းကန်လောက် ရှိသတဲ့။ မှောင်ထဲမှာကို အရောင်တောက်နေတာတဲ့ကွ။ နီနီကြီးတွေတဲ့။ အဖေက ကုန်သည်ယောင်ဆောင်ပြီး နယ်အနှံ့ သွားနေတော့ ကြားဖူးနားဝရှိတာပေါ့ကွာ။ အဲဒီမှာတင် အဖေက တအားကြောက်သွားပြီး မဖဲဝါ၊ မဖဲဝါ၊ ဟိုမှာ ဟိုမှာလို့ လက်ညှိုးနဲ့ ထိုးပြတယ်။ ကျန်တဲ့ လေးယောက်က လိုက်ကြည့်ကြပေမယ့် မမြင်ကြဘူးတဲ့ကွ။ ဒါပေမဲ့ အဖေ မေ့သွားတာ တစ်ခုရှိသတဲ့ကွ။ အဲဒါက မဖဲဝါကိုတွေ့ရင် လက်ညှိုးနဲ့ မထိုးရဘူးတဲ့ တာတေရ။ ထိုးရင် သွက်သွက်ခါအောင် ရှူးတတ်တယ်ဆိုပဲ"

"ဟာ ဒါတော့ မဟုတ်ပါဘူးဗျာ၊ ကျုပ်လည်း မဖဲဝါကို တွေ့ဖူးပါတယ်၊ လက်ညှိုးနဲ့လည်း ထိုးဖူးပါတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ မင်းက ကံမြင့်နေလို့ ဖြစ်မှာပေါ့ကွာ။ အဖေကတော့ မင်းမြင်တဲ့အတိုင်း သွက်သွက်လည်အောင်ကို ရူးတော့တာပဲကွာ"

"နေပါဦး ကိုဘပွားရဲ့ ဟိုကျန်တဲ့လေးယောက်ကရော ဘာဖြစ်သွားတုံး၊ ရူးသွားကြသလား"

"ဟာ မရူးဘူးကွ၊ သူတို့က မဖဲဝါကို မြင်ကြတာမှ မဟုတ်တာ။ ဒါပေမဲ့ မဖဲဝါ ဘာလုပ်လိုက်တယ် မသိဘူးဟေ့၊ လူစိတ်ပျောက်ကုန်ကြပြီး တစ်ယောက်နဲ့တစ်ယောက် ဓားနဲ့ထိုးကြတာ လေးယောက်စလုံး သေကုန်ရောဆိုပဲဗျ။ မဖဲဝါကြီးကတော့ အဲဒါကိုကြည့်ပြီး တဟားဟားနဲ့ကို အော်ရယ်တာတဲ့ဟေ့။ အဖေလည်း ကြောက်လန့်ပြီး ထွက်ပြေးလိုက်တာ ဘယ်ရောက်လို့ ရောက်သွားမှန်းကို မသိတာတဲ့ဟေ့။ နောက်ဆုံးတော့ ဆက်မပြေးနိုင်တော့ဘဲ သတိလစ်ပြီး လဲသွားသတဲ့။ သတိလည်း ပြန်ရရော ဘာမှမသိတော့ဘဲ သွက်သွက်ခါအောင် ရူးနေတော့တာပေါ့ကွာ"

"ဟာ ဖြစ်မှဖြစ်ရလေဗျာ"

ကိုဘပွားက နဂါးဆေးပေါ့လိပ်ကို မီးခတ်နဲ့ခတ်ပြီး မီးညှိတယ်ဗျ။ ဆေးလိပ်နှစ်ဖွာလောက် ဖွာပြီးမှ စကားကို ဆက်ပြောတာ။

"သူ့ရှေ့တင် အမေဆုံးခဲ့တာကိုလည်း သူ ဘာမှမသိဘူး။ မင်းတို့အမေ မပန်းနုရောလို့ မေးတယ်။ ဆုံးပြီလို့ပြောတော့ ဘယ်တုန်းက ဆုံးတာတုံးလို့ မေးတယ်။ ပြီးတော့ သူတို့ မြှုပ်ထားတဲ့ ပစ္စည်းတွေက တော်တော်များတာလို့လည်း ပြောတယ်ကွ။ ပတ္တမြားအရိုင်းတွေရော၊ သွေးပြီးသားတွေရော ပါတယ်လို့ ပြောတယ်။





ဒါပေမဲ့ မသန့်စင်တဲ့ ပစ္စည်းတွေမို့လို့ မလိုချင်ကြနဲ့လို့ ပြောတယ်ကွ"

"ဒီအကြောင်းတွေကို ကိုလှပွားရော သိသလား"

"ဟာ သိတာပေါ့ တာတေရ၊ တို့ညီအစ်ကိုနှစ်ယောက်စလုံးကို ပြောပြတာပေါ့ကွ"

"အင်း အခု ကိုဘပွား ကျုပ်ဆီကိုလာတာက ဘာအတွက်တုံး"

"သချိုင်းထဲက ဂူထဲမှာ အလဟဿဖြစ်နေတဲ့ ပစ္စည်းတွေကို ငါ သွားယူချင်တယ် တာတေ၊ ပြီးတော့ ဒီပစ္စည်းတွေဟာ သန့်ဘယ်ပဲပြောပြော၊ မသန့်ဘူးပဲပြောပြော ငါတို့အဖေ တစ်သက်လုံး အရူးကြီးဖြစ်အောင် ရင်းနှီးခဲ့ရတာကွ၊ ဒီတော့ အဖေ့အစား ငါ သွားယူချင်တယ်"

"ကိုလှပွားကရော ဘာပြောတုံး"

"လှပွားကတော့ ဖျက်တာပေါ့ကွာ၊ မသန့်စင်တဲ့ပစ္စည်း ဘာညာပြောတာပေါ့ကွာ။ ပြီးတော့ မင်းသိတဲ့အတိုင်းပေါ့ တာတေရာ၊ လှပွားက အားကြီးရိုးတာကွ၊ ပြီးတော့ ကြောက်လည်း သိပ်ကြောက်တတ်တယ်ကွ။ ဒါပေမဲ့ ငါက ဒီကိစ္စကို စိတ်အားထက်သန်နေတော့ သူ မဖျက်တော့ပါဘူးကွာ။ ဒါပေမဲ့ အစ်ကိုကြီးတစ်ယောက်တည်းတော့ မသွားနဲ့တဲ့၊ သူလည်း လိုက်မယ်လို့ ပြောတယ်၊ ပြီးတော့ ကျုပ်တို့ချည်းတော့ မဖြစ်ဘူးဗျ၊ အတွေ့အကြုံများတဲ့ ကိုကြီးတာတေလည်း အကျိုးအကြောင်းပြောပြီး ပါအောင်ခေါ်ခဲ့ပါလို့ ပြောတယ်ကွ။ ဒါကြောင့် မင်းဆီကို ငါလာခဲ့တာကွ၊ တာတေရဲ့"

"ဩော် ဒီလိုလား"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကိုဘပွား စကားဆုံးမှပဲ ကျုပ်လည်း ဇာတ်ရည်လည်တော့တာပျို့။

“ဒါဆိုရင် ကျုပ်တို့ မန္တလေးကို သွားကြရမှာပေါ့၊ ဘယ်တော့လောက် ဖြစ်မလဲ”

“လှပွားတို့ နှမ်းထောင်တွေ ခါနေကြတယ်ကွ၊ အဲဒီနှမ်းတွေ အားလုံးသိမ်းဆည်းပြီးရင် ကိစ္စတွေ ပြီးပါပြီ၊ ဒီတော့ ဒီလကုန်လောက်ဆို သွားနိုင်ပါပြီ”

“ဗမာလနဲ့ကျတော့ရော ဘယ်လိုနေတုံး”

“ဟာ ဗမာလနဲ့ဆို လက်ွယ်သောက် သွားကျမယ်ကွ၊ ဘာဖြစ်လို့တုံး တာတေ”

“ကိုဘပွားကလည်း သချိုင်းထဲမှာ ဂူဖောက်ရမှာဗျ၊ လသာရက်ဆို ဘယ်ကောင်းမှာတုံး၊ လမိုက်ရက်မှ ကောင်းမှာပေါ့ဗျ”

“အေး ဟုတ်သားပဲကွ၊ ဒါကြောင့်လည်း လှပွားက မင်းကိုလွှတ်ပြီးအားကိုးတာကိုး၊ အေး မင်း ကောင်းသလိုသာ စီစဉ်ကွာ”

“ခက်တာက ဘကြီးစံဖေဘာ မန္တလေးက ဘယ်သချိုင်းဆိုတာ အတတ်မပြောခဲ့နိုင်တာ ခက်နေတာဗျ”

“အဲဒီကိစ္စကို ငါလည်း အဘန်ဘန်မေးပါတယ် တာတေရာ၊ အဖေက သချိုင်းကို မှတ်ကို မမှတ်မိတော့တာကွ၊ မန်ကျည်းပင်ကြီးနဲ့ အုတ်ဂူတွေပဲ မှတ်မိနေတာ”

“အင်း ခက်တော့လည်း ခက်သားလားဗျာ၊ သူ့ခမြာ တစ်သက်လုံး ရူးသွားတာမို့လား၊ ဘယ်မှာလာပြီး အကုန်မှတ်မိတော့မလဲဗျာ။ ဒီလောက်မှတ်မိတာပဲ အံ့သြစရာ ဖြစ်နေတာ”





“ငါလည်း ပထမတော့ မေးသေးတာကွ၊ ဒါပေမဲ့ အဖေက ကျပ်ကျပ်စဉ်းစားလိုက်ရင် ခေါင်းတွေ မူးလာရောကွ။ ဒီတော့ ငါလည်း သိပ်မမေးရဲတော့ဘူးပေါ့ကွာ”

“ဟာ ဟုတ်တာပေါ့ ကိုဘပွားရဲ့၊ သိပ်စဉ်းစားလို့ ရောဂါပြန်ဖြစ်ရင် ခက်ရောမဟုတ်လား”

“ဟုတ်တယ်လေ တာတေရာ”

“အင်း ဟိုရောက်မှပဲ ကြည့်ပြီးစုံစမ်းရတော့မှာပေါ့ဗျာ၊ ဒါပေမဲ့ ကျုပ်စိုးရိမ်တာက နှစ်တွေ ဒီလောက်ကြာနေတော့ သချိုင်းအနေအထား ပြောင်းသွားမှာရယ်၊ ပစ္စည်းကို တစ်ယောက်ယောက်များ ရသွားပြီလား ဆိုတာရယ် တွေးပူတာပါ”

“ဒါတော့ ဘယ်တတ်နိုင်မှာလဲ တာတေရာ၊ တခြားသူရသွားပြီဆိုတော့လည်း ပြန်လာကြရုံပေါ့ကွာ၊ ငါကတော့ ဒီအတိုင်းတော့ မေ့မပစ်လိုက်ချင်ဘူးကွာ”

“ဟာ ဒါတော့ ဟုတ်ပါတယ် ကိုဘပွားရဲ့၊ သွားတော့ ရှာကြည့်သင့်ပါတယ်။ ရလာတော့လည်း ကိုယ့်သဘောပေါ့ဗျာ။ လှူသင့်တာ လှူရတန်းရှုတာပေါ့။ ကိုဘပွားပြောသလို သချိုင်းတစ်ခုထဲမှာ ဒီအတိုင်း ဖြစ်နေမယ့်အစား ရှာတော့ရှာသင့်တာပေါ့ဗျာ”

“အေး ဒါဆိုရင် ငါပြန်မယ်၊ လှပွားလည်း မျှော်နေမှာကွ၊ အစီအစဉ် အသေးစိတ်အတွက် ငါ သုံးလေးရက်ကြာရင် ပြန်လာခဲ့မယ်လေကွာ၊ အဲဒီကျတော့ လှပွားလည်း ခေါ်ခဲ့မယ်။ ဟိုမှာ ရှာတဲ့ဖွေတဲ့ရက်အတွင်း စားရေးသောက်ရေးအတွက်တော့ မပူနဲ့နေ

www.burmeseclassic.com



ငါ အားလုံးစီစဉ်ခဲ့မယ်။ တည်းဖို့ ခိုဖို့အတွက်တော့ တစ်ခုခုစီစဉ်ရမှာပေါ့ကွာ။ ငါတို့ လာမှပဲ မင်းနဲ့တိုင်ပင်ကြမယ်၊ ဒီအတွင်း မင်းလည်း စဉ်းစားထားလေကွာ"

ကိုဘပွား ပြန်တော့ ညနေတောင်တော်တော်စောင်းနေပြီဗျ။ ကျုပ်လည်း ကိုဘပွား ပြောသွားတဲ့ကိစ္စကို တော်တော်လေးကို စိတ်ဝင်စားသွားတာဗျ။ တာတေအကြောင်းကို ခင်ဗျားတို့လည်း သိကြတာပဲဗျာ။ ဒီလိုကိစ္စမျိုးဆိုရင် တာတေဆိုတဲ့ကောင်က စွန့်စားဖို့ အဆင်သင့်ပဲဗျို့။ ခါးမှာဝတ်ထား ပုဆိုးကို အခုချက်ချင်းတောင် ခါးထောင်းထကြိုက်ပစ်လိုက်ချင်တာဗျ။

အဘနဲ့ အမေကို ကျုပ်ကြိုပြောထားလိုက်တယ်။ ကိုဘပွားတို့ ညီအစ်ကိုနဲ့ မန္တလေးကို လိုက်သွားမယ့်အကြောင်းပေါ့ဗျာ။ တစ်ပတ်လောက်ကြာတော့ ကိုဘပွား ကျုပ်ဆီကို ပြန်ရောက်လာတယ်။ သူတို့ နှမ်းသိမ်းတာ အားလုံးပြီးသွားတဲ့အကြောင်း၊ ခရီးထွက်ဖို့ အဆင်သင့်ဖြစ်တဲ့အကြောင်း ကျုပ်လိုက်ဖို့ သေချာသလားလို့ လာမေးတာဗျ။

သေချာရင် မန္တလေးကားလက်မှတ် မှာတော့မယ့်အကြောင်း လာပြောတယ်။ ကျုပ်က အခုချက်ချင်းတောင် ထသွားချင်နေတဲ့ကောင်ဆိုတော့. . .

"ကျုပ်ကတော့ အဆင်သင့်ပဲ"

လို့ ပြောလိုက်တာပေါ့ဗျာ။ နောက်နှစ်ရက်ကြာတော့ ကျုပ်ရယ်၊ ကိုဘပွားတို့ညီအစ်ကိုရယ် ခရီးစထွက်ခဲ့ကြတယ်။

မန္တလေးရောက်တော့ ဘုရားကြီးဘက်က ဘုန်းကြီးကျောင်း





မှာ တည်းကြတယ်။ ကိုဘပွားတို့ အသိဘုန်းကြီးပေါ့ဗျာ။ အဲဒီမှာ တည်းပြီး နေ့တိုင်း အပြင်ထွက်၊ သင်္ချိုင်းတွေ လိုက်ရှာကြတာပေါ့ ခက်တာက ဘကြီးစံဖေက ဘယ်သင်္ချိုင်းဆိုတာ အငေါ့အကျ မမှတ်မိတော့လည်း ခက်သားလားဗျာ။

ဘကြီးစံဖေ ရှူးနေတုန်းက အမြဲရွတ်နေတဲ့ တအောင်လိုလို သိုက်စာကိုတော့ ကျုပ်စိတ်ထဲမှာ အမြဲရွတ်နေတာဗျ။ ဘာတဲ့ မန်ကျည်းပင်မြောက်၊ ဆယ်လှမ်းလျှောက်၊ စန္ဒီမာကိုရောက်။ စန္ဒီမာ နောက် ဆယ်လှမ်းလျှောက်၊ အောင်ဗလကိုရောက်။ အောင်ဗလ ခေါင်း ခြောက်အိမ်ပြောင်း ပွဲစားကိုကံကောင်း။

ရွတ်လို့တော့ ကောင်းသားဗျို့။

သင်္ချိုင်းရှာမတွေ့သေးတာက ခက်နေတာဗျ။ မန်ကျည်းပင်လည်းရှာရ၊ အုတ်ဂူတွေလည်း လိုက်ရှာရ။ တချို့ဂူတွေက ရေညှိတွေတက်ပြီး မည်းနေလို့ မနည်းကို ပွတ်တိုက်ပြီး စာဖတ်ရတာ။ တချို့ကျတော့ အင်္ဂတေတွေ ကွာနေကြလို့ စာလုံးတွေ ပျက်နေပြီ၊ ဖတ်လို့ကို မရတာဗျ။

သုံးယောက်သား သင်္ချိုင်းကုန်းတစ်ခုပြီးတစ်ခု လိုက်ရှာနေတာနဲ့ တစ်နေ့ကုန်တော့တာပါပဲဗျာ။ မနက်စောစောထပြီး သုံးယောက်စုံစမ်းကြရတော့တာပေါ့ဗျာ။ ဒီနေ့တော့ ကျုပ်တို့သုံးယောက်လုံး စိတ်ပျက်သွားကြပြီဗျို့။ ဘာဖြစ်လို့လဲဆိုတော့ မန္တလေးက သင်္ချိုင်းတွေလည်း ကုန်ပြီလေ။ ဘကြီးစံဖေ ပြောတာတွေလည်း သုံးဝမတွေ့ဘူးဗျ။

"အစ်ကိုရာ စိတ်လျှော့လိုက်ပါတော့ဗျာ၊ အဖေက မသေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ခင် ပြန်ကောင်းတယ်ဆိုပေမယ့် စိတ်က လုံးလုံးကောင်းတာ ဟုတ် ချင်မှဟုတ်မှာဗျ၊ တစ်ချက် တစ်ချက် ပြန်ပြန်ပြီးဖောက်သွားတာ လည်း အစ်ကို သိတာပဲလေ"

ကိုလှပွားက သူ့အစ်ကိုကို စိတ်လျှော့လိုက်ဖို့တောင် ပြော ပြီဗျ။ ကိုဘပွားကတော့ ခေါင်းအမာသားဗျ၊ လျှော့ချင်ပုံ မရဘူး ကျုပ်နဲ့ ကိုလှပွား တောင်သမန်အင်းက မယ်ဇယ်ပင်တစ်ပ အောက်မှာ ထိုင်နေတုန်း ကိုဘပွား ထွက်သွားတယ်။

"အစ်ကို ဘယ်တုံး"

လို့ ကိုလှပွားက မေးလိုက်တော့. . .

"ဒီနားတင်"

လို့ပဲ ပြောခဲ့တယ်။ ကျုပ်နဲ့ ကိုလှပွားလည်း ကိုဘပွားကို စောင့်နေလိုက်ကြတာ ညနေကို ခေါင်းရောတို့။ ကိုလှပွားလည် သူ့အစ်ကိုကို စိတ်တိုတော့တာပေါ့ဗျာ။ ပါးစပ်က ဗျစ်တောက် ဗျ တောက်နဲ့ ပြောနေရောတို့။

နောက်တော့ ကိုလှပွား သုတ်သုတ် သုတ်သုတ်နဲ့ ပြန် ရောက်လာတယ်ဗျ။

"အစ်ကို ဘယ်သွားနေတာတုံး"

လို့ ကိုလှပွားက ခပ်ဆတ်ဆတ် မေးတော့တာပေါ့ဗျာ

"ငါအကြံ ရလို့ကွ၊ သက်ကြီးရွယ်အိုတစ်ယောက်လောက် ကို မေးမှရလိမ့်မယ်ထင်လို့ မြင်းလှည်းသမားတစ်ယောက်ကို ပေါင် ပြီး အသက်ကြီးကြီး နှံ့နှံ့စပ်စပ် အဘိုးကြီးတစ်ယောက်ကို စုံစမ်း တာပေါ့ကွာ။ အဲဒီမြင်းလှည်းသမားက အသက် ၉၀ ကျော် အဘိုး





ကြီးတစ်ယောက်ဆီကို လိုက်ပို့တယ်ကွ။ အဘိုးကြီးနာမည်က ဦးမြတဲ့၊ တော်တော်ဝဟုသုတရှိပြီး ဒီဒေသကို နှံ့စပ်တဲ့လူကြီးကွ။

ငါက ဥပါယ်တစ်မျည်နဲ့ ပြောရတာပေါ့ကွာ။ အဘိုးကြီးက တော်တော်လေးစဉ်းစားပြီးမှ ငါ့ကို ပြောတယ်ကွ။ ပွဲစားဦးကံ ကောင်းကို သူသိတယ်တဲ့ကွ။ မန္တလေးက မဟုတ်ဘူးတဲ့။ အမရပူရ ကတဲ့။ ဦးကံကောင်းဆုံးတော့ သူတောင် အသုဘလိုက်ပို့သေးတယ် ဆိုပဲ။ အမရပူရသချိုင်းမှာပဲ သင်္ဂြိုဟ်တာပါတဲ့။ မန္တလေးမှာ သင်္ဂြိုဟ် တာ မဟုတ်ပါဘူးတဲ့ကွ"

"ဟာ ဟုတ်လား ကိုဘပွား၊ ဒါဆိုရင် ကျုပ်တို့ အမရပူရ သချိုင်းမှာ ရှာရမှာပေါ့။ ဖြစ်နိုင်တာပေါ့ဗျာ။ ဘကြီးစံဖေက အမရ ပူရနဲ့ မန္တလေးကို အမှတ်မှားသွားတာ ဖြစ်မှာပေါ့ဗျာ။ စိတ်ရောဂါ ကလည်း တစ်သက်လုံး ခံစားသွားရတာဆိုတော့ အမှတ်တွေလည်း လွဲလို့ရှိမှာပေါ့ဗျာ။ ဒါဆိုရင် မနက်ဖြန်ခါ အမရပူရကို သွားကြတာ ပေါ့ဗျာ"

ကျုပ်က ဝင်ပြောတော့မှ ညီအစ်ကိုနှစ်ယောက် ကျေနပ်ပြီး ဘည်းခိုတဲ့ ဘုန်းကြီးကျောင်းကို ပြန်ခဲ့ကြတာဗျ။

နောက်နေ့ကျတော့ အိပ်ရာက ခပ်စောစောထပြီး တောင် မြို့ကို လာခဲ့ကြတာပေါ့ဗျာ။ အမရပူရကို တောင်မြို့လို့ ကျုပ်တို့ အညာမှာ ခေါ်ကြတယ်လေဗျာ။

နေသိပ်မမြင့်ခင် သချိုင်းထဲကို ဝင်ခဲ့ကြတယ်။ သုံးယောက် သား ဟိုကြည့် သည်ကြည့်ပေါ့ဗျာ။

"ဟာ ဟိုမှာ ဟိုမှာ မန်ကျည်းပင်ကြီး တစ်ပင်ဗျ။ တော်



www.burmeseclassic.com

www.burmeseclassic.com



တော်ကို ကြီးတာဗျို့။ လူနှစ်ဖက်စာလောက်ကို ရှိမှာဗျ"

ကျုပ်က ပြောပြောဆိုဆိုနဲ့ လက်ညှိုးထိုးပြတယ်ဗျ။ ကိုဘပွားတို့ ညီအစ်ကိုလည်း ကျုပ်ပြောတဲ့ဘက်ကို ကြည့်ကြတာပေါ့ ဗျာ။

"ဟုတ်တယ်ဟေ့၊ တာတေရေ့ ကဲ လာ အဲဒီအပင်ကြီးဆီ ကို သွားကြရအောင်"

ကိုဘပွားက ဦးဆောင်ပြီး ရှေ့က သွားတယ်ဗျ။ ကျုပ်နဲ့ ကိုလှပွားက နောက်က လိုက်ရတာပေါ့ဗျာ။ မန်ကျည်းပင်ကြီးဆီ ရောက်တော့ ကျုပ်နဲ့ ကိုလှပွားက မန်ကျည်းပင်ကို လက်နဲ့ ဟိုဘက် သည်ဘက်ကို ဖက်ကြည့်ကြတယ်။ ယောကျ်ားနှစ်ဖက်တောင် ကျော် သေးတယ်ဗျို့။

"ကဲ ကျုပ်တို့ရှာကြစို့ဗျာ၊ မြောက်ဘက်ကို ဆယ်လှမ်း လျှောက်ပြီဗျို့။ တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း၊ လေးလှမ်း၊ ငါးလှမ်း၊ ခြောက်လှမ်း၊ ခုနစ်လှမ်း၊ ရှစ်လှမ်း၊ ကိုးလှမ်း၊ ဆယ်လှမ်း ရောက်ပြီ၊ ဂူပျက်ကြီးတစ်လုံး၊ စာတွေတောင် ပျက်နေပြီဗျ"

ကျုပ်က အနားက ခြုံတွေထဲက သစ်ပင်တစ်ပင်ကိုချိုးပြီး စာလုံးတွေပေါ်က ချေးတွေကို ခြစ်ချလိုက်တယ်။ ဟော ပေါ်လာပါ ပြီ။ ဦးစန္ဒိမာ၊ သက်တော် ၈၀၊ ဝါတော် ၄၂ အင်း ဘုန်းကြီးဂူသွင်း တာတော့ ရှားသားဗျ။ ကျုပ်လည်း ဝမ်းသာအားရ လှမ်းပြောလိုက် တယ်။

"ဟုတ်ပြီဗျို့၊ ဒါ ဦးစန္ဒိမာဂူပဲဗျ၊ အစတော့တွေ့ပြီ ကိုဘပွား ရေ"





"အေး ဟုတ်ပြီဟေ့ တာတေ"

"ပြီးတော့ ဘာတဲ့ ကိုဘပွား၊ စန္ဒိမာ ပြီးတော့လေ"

"စန္ဒိမာနောက် ဆယ်လှမ်းလျှောက်တဲ့ကွ"

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဦးစန္ဒိမာဂူရဲ့ အနောက်ဘက်ကို ဆယ် လှမ်း တစ်လှမ်း၊ နှစ်လှမ်း၊ ........"

"ဦးအောင်ဗလ၊ အသက် ၆၀ တဲ့၊ တာတေရေ"

ကျုပ် ခြေလှမ်းဆယ်လှမ်းအရောက်မှာ တွေ့ရတဲ့ ဂူပေါ် က ကမ္ပည်းစာတန်းကို ကိုဘပွားက အသံကျယ်ကျယ်နဲ့ ဖတ်လိုက် တယ်။

"ဟာ ဒါဆိုရင် ဟုတ်ပြီပေါ့ဗျ၊ ကဲ ပြီးရင် ဘာတဲ့တုံး"

"အောင်ဗလခေါင်း ခြောက်အိမ်ပြောင်း၊ ပွဲစားကိုကံ ကောင်းတဲ့ကွ"

"ဟုတ်ပြီ၊ ဦးအောင်ဗလရဲ့ဂူ ခေါင်းရင်းဘက်ကို လျှောက် ယ်။ ကဲ တစ်ဂူ၊ နှစ်ဂူ၊ သုံးဂူ၊ လေးဂူ၊ ငါးဂူ ဟော ဒါ ခြောက်ဂူ မြောက် ကဲ ကြည့်စမ်းဗျာ၊ ဘယ်သူတဲ့တုံး"

"ဟာ ဟုတ်ပြီဟေ့၊ တာတေရေ့ ပွဲစားကြီး ဦးကံကောင်း အသက် ၇၀ တဲ့ကွ။ တွေ့ပြီကွ၊ တွေ့ပြီ"

ကိုဘပွားရော ကိုလှပွားရော မျက်နှာတွေ ဝင်းသွားကြ တယ်ဗျ။ ကျုပ်လည်း ဝမ်းသာသွားတာပေါ့ဗျာ။ ကျုပ်က ပွဲစားကြီး ဂူကို တစ်ပတ်လှည့်ကြည့်တယ်။ ဒီဂူကို ဘကြီးစံဖေတို့အဖွဲ့ ဘယ် နေရာကဖောက်ပြီး ပစ္စည်းတွေထည့်တာလဲဆိုတာကိုပေါ့ဗျာ။ အခု တော့ ဂူက ခြေရာလက်ရာ မပျက်သေးဘူးဗျ။ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖောက်ထားတဲ့ပုံစံတော့ မပေါ်ဘူး။ ဒါဆိုရင် ဘကြီးစံဖေ တို့အဖွဲ့ ဝှက်ထားတဲ့ရတနာတွေ ဒီဂူထဲမှာ ရှိနေနိုင်သေးတာပေါ့ ဗျာ။

"တာတေ တို့အလုပ် ဘယ်တော့လုပ်မလဲ"

ကိုဘပွားက မေးတယ်ဗျ။ ကိုလှပွားကလည်း ကျုပ် ဘာ ပြောမလဲလို့ ကြည့်နေတယ်လေ"

"ဟာ ကိုဘပွားကလည်း ဒီညပေါ့ဗျ၊ ဒီည လမိုက်တယ် လေဗျ၊ ဒါမှ အလုပ်လုပ်လို့ ကောင်းမှာလေ"

"အေး ဟုတ်ပြီ၊ ဒါဆိုရင် တို့ အခု မန္တလေးသွားပြီး လိုတာ တွေ ဝယ်ကြရအောင်ကွာ၊ ဘာတွေလိုမလဲ မင်းပဲ စဉ်းစားကွာ လိုတဲ့ငွေ ငါပေးမှာပါ"

ကျုပ်တို့သုံးယောက် ဂူအခြေအနေ၊ သချိုင်းရဲ့ အခြေ အနေ၊ ဝင်လမ်း ထွက်လမ်း၊ သစ်ပင်တွေရဲ့ အနေအထားတွေက အစ အားလုံးကြည့်ရှုမှတ်သားကြရတာပေါ့ဗျာ။ ပြီးမှ ပြန်ခဲ့ကြ တယ်။ မန္တလေးဘက်ကို ပြန်ရောက်တော့ တည်းခိုတဲ့ ဘုန်းကြီး ကျောင်းကိုသွားပြီး ကျုပ်တို့အိတ်တွေယူပြီး ကျောင်းထိုင်ဆရာ တော်ကို ရွာပြန်တော့မယ့်အကြောင်း တစ်ခါတည်း လျှောက်ထားပြီး ထွက်ခဲ့ကြတယ်။ ပြီးတော့မှ ဈေးကိုသွားပြီး တူရယ်၊ သံစို့ရယ် ဂေါ်ပြားတစ်လက်ရယ်၊ လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲတွေ ဝယ်ရတာ ပေါ့ဗျာ။

အားလုံးစုံအောင်ယူပြီး အမရပူရဘက်ကို ထွက်ခဲ့ကြ တယ်။ ကျုပ်တို့တည်းတဲ့ကျောင်းက ဆရာတော်ကတော့ ကျုပ်တို့





မြန်သွားပြီးပြီလို့ ထင်မှာပေါ့လေ။

သချိုင်းထဲကိုရောက်တော့ ညရှစ်နာရီထိုးပြီဗျ။ ကြယ် ရောင်ကလေးကို အားပြုပြီး ကျုပ်တို့သုံးယောက် သချိုင်းထဲကို ဝင်ခဲ့ကြတာပေါ့။ နေ့ခင်းက မှတ်ထားတဲ့အတိုင်း ပွဲစားကြီး ဦးကံ ကောင်းရဲ့ဂူကို တန်းလာခဲ့ကြတယ်။ ဂူဘေးမှာ ကျုပ်တို့သုံးယောက် ထိုင်ပြီး ငြိမ်နေကြရတာပေါ့ဗျာ။ အချိန်က စောနေသေးတာကိုး။

တစ်စပြင်တစ်ခုလုံး တိတ်ဆိတ်နေတာဗျ။ တစ်ချက် တစ်ချက်တော့ လေအေးအေးကြီးက တိုက်နေတယ်။ လေအဝှေ့မှာ မှောင်ထဲက သစ်ပင်တွေ ယိမ်းထိုးလှုပ်ရှားသွားတာကိုကြည့်ပြီး ဘနဝ္ဘာဝတွေ လမ်းလျှောက်နေသလို ထင်မိတာဗျ။

တစ်ချက် တစ်ချက်ကျရင် သစ်ပင်မှာ ကပ်နေတဲ့ ပိုးစုန်း ကြူးကလေးတွေ တလက်လက်ဖြစ်နေတာကို တွေ့ရတယ်ဗျ။ သချိုင်းထဲမှာ ငြိမ်ပြီးထိုင်နေတော့ ကြက်သီးတွေ တဖျန်းဖျန်းထနေ တာဗျို့။ ကျုပ်ရော ကိုဘပွားတို့နှစ်ယောက်ရော တောင်ကြည့် မြောက်ကြည့်နဲ့ လျှောက်ကြည့်နေတာဗျ။

ဒီလိုနဲ့ပဲ သန်းခေါင် ကြက်တွန်သံကို ကြားလိုက်ကြတယ်။

"သန်းခေါင်ကြက်တွန်ပြီကွ တာတေ"

"ဟုတ်တယ် ကိုဘပွား လုပ်ငန်းစကြစို့"

ပြောပြောဆိုဆိုနဲ့ ကျုပ်က အိတ်ထဲက စွပ်ကျယ်တစ်ထည် ကိုထုတ်ပြီး လက်နှိပ်ဓာတ်မီးကို အုပ်ပတ်လိုက်တယ်။ ဒီတော့မှ အလင်းရောင်က ဝပ်သွားတာဗျ။

ပြီးတော့မှ သံစို့နဲ့ တူကို ယူတယ်။ သံစို့ကြီးကိုလည်း စွပ်



www.burmeseclassic.com

www.burmeseclassic.com



ကျွယ်တစ်ထည်နဲ့ ပတ်လိုက်တယ်။ ဒါမှ တူထုရင် အသံမပြည်မှာဗျ။

"ကဲ ကိုလှပွားက ကျုပ်ကို မီးထိုးပြဗျာ၊ ဂူကို ခြေရင်းက ဖောက်မယ်။ ဘကြီးစံဖေတို့ ဖောက်ပြီး ပစ္စည်းထုပ်ထည့်တာ ခြေရင်းကပဲ ဖြစ်လိမ့်မယ်"

ကိုလှပွားက မီးကို ခပ်အုပ်အုပ်ထိုးပြထားတယ်။ ခြုံပုတ်တွေကွယ်နေတော့ အလင်းရောင်ကို ဘေးကမြင်ရစရာ မရှိပါဘူး။ ပြီးတော့ ကျုပ်တို့ဖောက်မယ့်ဂူရဲ့ ဘေးပတ်လည်မှာ တခြားဂူတွေ ကွယ်နေတာဆိုတော့ တော်တော်လုံခြုံပါတယ်။

"ဝူး ဝူး ဝူး ဝူး ဝူး"

ကျုပ်က သံစို့ကို ဂူမှာထောက်လိုက်ပြီး တူနဲ့ထုဖို့ဟန်ပြင်ရုံရှိသေးတယ်။ သစ်ပင်အုပ်အုပ်ကြီးတွေရှိတဲ့ဘက်က ဆွဲဆွဲငင်ငင် အူလိုက်တဲ့ခွေးအူသံကြီးတစ်သံ ထွက်လာရောဗျာ။

ဟိုညီအစ်ကိုတော့ မသိဘူး ကျုပ်တော့ ကြက်သီးတွေ ဖျန်းခနဲ ထသွားတယ်ဗျို့။ ကိုဘငွားနဲ့ ကိုလှပွားလည်း ဟိုကြည့် သည်ကြည့် ကြည့်နေကြတယ်ဗျ။

ကျုပ်က ဘာကိုမှ စဉ်းစားမနေတော့ဘဲ လုပ်စရာရှိတာကို ဆက်လုပ်လိုက်တယ်။

"ဒုတ်၊ ဒုတ်၊ ဒုတ်၊ ဒုတ်"

အဝတ်ပတ်ထားတဲ့ သံစို့ပေါ်ကို တူနဲ့ ခပ်ဆတ်ဆတ်ထုလိုက်တယ်။ အင်္ဂတေစတွေ ဖွားခနဲ ဖွားခနဲ လွင့်ထွက်လာတယ်။

"ဝူး ဝူး ဝူး ဝူး"

ခွေးအူသံကြီးက ကျုပ်တို့ဘက်ကို နီးလာသလိုပဲဗျ။ ကျုပ်





ဆိုတာ ဆံပင်တွေတောင် ထောင်သွားသလိုပဲဗျို့။

"ဒုတ် ဒုတ် ဒုတ် ဒုတ်"

ကျုပ်က တူကို ခပ်အုပ်အုပ်တလေး ဆက်ထုလိုက်တယ်။

"ဝူး ဝူး ဝူး ဝူး ဝူး"

ဒီတစ်ခါခွေးအူသံက ကျုပ်တို့နဲ့ကပ်ပြီး ထွက်လာတာဗျ။ အလွန်ဆုံးကွာမှ ဂူးလေးငါးလုံးလောက်ကဗျ။ ကျုပ်လည်း သံစို့ကြီးကို ယောင်ပြီးလွှတ်ချလိုက်တယ်။ တူကိုတော့ လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်တယ်။ ကိုဘငွားက ကျုပ်တို့ယူလာတဲ့ ဂေါ်ပြားကို လက်ထဲမှာ ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ကျုပ်တို့သုံးယောက်စလုံး ပြိုင်တူထရပ်လိုက်ကြတယ်။ ဓာတ်မီးကိုတော့ ပိတ်လိုက်ပြီး ကိုလှပွားက ကိုင်ထားတယ်။

ကျုပ်တို့သုံးယောက် ဟိုကြည့် သည်ကြည့်နဲ့ လျှောက်ကြည့်ကြတာပေါ့ဗျ။

"ဟာ ဟိုမှာ"

ကိုလှပွားက ပြောလိုက်တော့ သူကြည့်တဲ့ဘက်ကို ကျုပ်တို့ ကြည့်လိုက်ကြတယ်။

"ဟာ မဖဲဝါကြီး"

ကျုပ်ပါးစပ်က လွှတ်ခနဲ ထွက်သွားတယ်။ ကျုပ်တို့ တောင်ဘက်က သုံးဂူကျော်မှာ တွေ့တာဗျ။ ဂူပေါ်မှာ မားမားကြီးရပ်နေတာ။ အရပ်ကြီးက ဆယ်ပေလောက်ရှိမယ်ထင်တယ်။ ကြယ်ရောင်နဲ့ဆိုတော့ မှောင်ထဲမှာ သဲသဲကွဲကွဲ မမြင်ရဘူးပေါ့။ ဆံပင်ဖားလျားကြီးနဲ့ မျက်လုံးနီနီကြီးတွေက ပြူးထွက်နေတာဗျို့။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ငါ့ကို့ပစ္စည်း၊ ငါ့အဖေရဲ့ပစ္စည်း ငါလာယူတာ၊ တ ...ခဲ့ယူကွ"

ကို...ပွား ပြောလိုက်တာဗျို့။ ကျုပ်တောင် အံ့အားသင့် ...ပြီ

"ဟီး ဟီး ဟီး ဟီး"

ဟာ မဖဲ့ဝါရဲ့ ရယ်သံကြီး ထွက်လာတာဗျ။ ကျုပ်ဖြင့် ...ကြီး ကြားလိုက်တာနဲ့ ဆံပင်တွေ ထောင်ကုန်ရောဗျို့။ ကို...ပွား ...နောက်ကို ဆုတ်သွားတယ်။

"ငါ့သင်္ချိုင်းထဲရောက်ရင် ငါ့ပစ္စည်း၊ ဒီသိုက်က ငါ့သိုက်၊ ...ငါ့သိုက်၊ ခုထွက်သွားကြ"

ဟာ အသံကြီးက ဝါးဝါး...ကျုပ် ကိုဘပွားကို လက် ကုတ်လိုက်တယ်။

"ပြေးကြစို့ ကိုဘပွား"

"မပြေးဘူး တာတေ၊ ဘာကြောင့်ပြေးရမှာလဲ၊ ဒါ ငါ့အဖေရဲ့ ပစ္စည်းကွ၊ ဒီကောင်မကြီးနဲ့ ဘာမှမဆိုင်ဘူး။ ငါ မပြေးဘူး၊ ဒင်းကို ငါလုပ်မယ်၊ ငါ့အဖေလည်း သူ့ကြောင့် ဒုက္ခ"

"ဗျာ"

ကျုပ် ဘာပြောရမှန်း မသိအောင် ...သွားတယ်။ ကိုဘပွား က ဂေါ်ပြားကို လက်ထဲမှာ ကျစ်ကျစ်ပါအောင်ဆုပ်ပြီး မဖဲ့ဝါကြီးဆီ ကို တစ်ရှိန်ထိုးပြေးသွားတော့တာပဲဗျို့။ ...ကိုဘပွား ဂေါ်ပြားကြီး ကို လွှဲလိုက်ပြီ၊ လွှဲလိုက်ပြီ၊ လွှဲလိုက်ပြီ၊ ခုတ်ပြီ ခုတ်လိုက်ပြီဗျို့။

"ဟာ"





ကိုဘပွား ခုတ်တဲ့ဂေါ်ပြားက မဖဲ့ဝါကို ထိပေမယ့် လေ...ကို ခုတ်လိုက်သလိုပဲ 'ဝှီး'ခနဲ မြည်သွားတာပဲ ရှိတယ်။ ကျုပ်ရော၊ ကိုလှပွားရော နောက်ကို ဆုတ်ပြီးခြေလှမ်း ငါးလှမ်းလောက် ပြေး လိုက်ကြတယ်။

"ဟာ ခုတ်ပြန်ပြီဗျို့၊ ကိုဘပွားက ထပ်ခုတ်ပြန်ပြီ၊ ဂေါ်ပြား ကို သူ့ခေါင်းပေါ်မှာ ဝှီးခနဲ ဝှီးခနဲ မြည်အောင်လွှဲပြီး မဖဲ့ဝါကို လိုက်ခုတ်နေတာဗျို့။

မဖဲ့ဝါက ဂူတစ်လုံးကနေ တစ်လုံး ခုန်ကူးပြီး ရှောင်နေ တယ်။ ကိုဘပွားကလည်း မရပ်မနားကို လိုက်ခုတ်နေတာဗျို့။

"အစ်ကို မလုပ်နဲ့"

ကိုလှပွားက အသံကုန်အော်လိုက်တယ်။ ကိုလှပွား အော် တဲ့အသံက သင်္ချိုင်းကုန်းတစ်ခုလုံးကို လွှမ်းသွားတာဗျ။

"ဝူး ဝူး ဝူး ဝူး ဝူး"

ခွေးအူသံကြီးက မဖဲ့ဝါကြီးရပ်နေတဲ့ ဂူဘေးက ထွက်လာ တာဗျို့။ ကိုဘပွားကတော့ လူစိတ်ပျောက်သလိုကို ဖြစ်နေတာဗျ။ ဂေါ်ပြားကြီးကို မနားတမ်းလွှဲပြီး မဖဲ့ဝါကို လိုက်ခုတ်နေတာဗျ။ မောလည်း တော်တော်မောနေပုံပဲ။

"ဟာ"

မဖဲ့ဝါကို ဂေါ်ပြားနဲ့ တအားလွှဲအခုတ်မှာ ကိုဘပွား ခြေ ချော်ပြီး ရှေ့ကို စိုက်ကျသွားတယ်ဗျို့။ မဖဲ့ဝါ ရပ်နေတဲ့ ဂူပေါ်ကို တည့်တည့်ကြီး စိုက်ကျသွားတာဗျ။

"အုန်း အုန်း အုန်း"



www.burmeseclassic.com

www.burmeseclassic.com



ဟာ မဖဲဝါ လက်ဝါးကြီးနဲ့ ကိုဘပွားရဲ့ကျောကုန်းကို ရိုက်လိုက်တာဗျို့။ တစ်ချက် နှစ်ချက် သုံးချက်၊ ဟာ သွားပြီ၊ ကိုဘပွား ကျောကြီးကော့ပြီး လဲကျသွားပြီဗျို့။ လက်ထဲက တူရွင်းကြီးလည်း လွတ်ကျသွားပြီ။ ဟော မဖဲဝါကြီးလည်း ပျောက်သွားပြီဗျ။ ဒီတော့မှ ကိုလှပွားနဲ့ ကျုပ်နဲ့ ပြေးပြီး ကိုဘပွားကို ပွေ့ထူလိုက်ကြတယ်။

ကိုဘပွားပါးစပ်က သွေးတွေ ဒလဟောစီးကျနေတယ်ဗျ။ တစ်ကိုယ်လုံးလည်း တဆတ်ဆတ်နဲ့ အကြောတွေ ဆွဲနေတယ်။

"အစ်ကို အစ်ကို"

ကိုလှပွားက သူ့အစ်ကိုကို ခေါ်ရင်းနဲ့ အသံတိမ်ဝင်သွားတယ်။ ကိုဘပွား ငြိမ်သွားပြီ။ ကျုပ် ဓာတ်မီးယူပြီး မျက်နှာကို ထိုးကြည့်လိုက်တော့ မျက်လုံးကြီးတွေပြူးထွက်ပြီး အသက်မရှိတော့ဘူးဗျ။

"ဟာ အစ်ကို အောင်မယ်လေး အစ်ကိုရဲ့"

ကိုလှပွား ချုံးပွဲချ ငိုတော့တာပဲဗျ၊ ကျုပ်လည်း ဘာဆက်လုပ်ရမှန်းကို မသိတော့တာဗျို့။ ကျုပ် မဖဲဝါကြီးကို လိုက်ရှာကြည့်သေးတယ်။ မတွေ့တော့ဘူးဗျ။ ခွေးအူသံကြီးလည်း ပျောက်သွားတယ်။

ကိုဘပွားကတော့ သေပြီ။ မနက်မိုးလင်းရင်တော့ ရဲတွေ ရောက်လာမှာ သေချာတယ်။ ကျုပ်တို့ ဒီကိစ္စကို ဘယ်လိုရှင်းပြရမလဲ။ ကျုပ်ဇောချွေးတွေ ပျံလာတယ်။ ကိုလှပွားလည်း ဘာလုပ်ရမှန်း မသိတော့ဘူး။ အခုဆိုရင် ည တစ်နာရီလောက် ရှိပြီဗျ။

ကိုလှပွားနဲ့ ကျုပ်နဲ့ တိုင်ပင်ကြတယ်။ ကိုဘပွားအလောင်း





ကို ရွာရောက်အောင်သယ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး။ အဲဒီအတူတူတော့ ဒီအတိုင်း ပစ်ထားခဲ့မလား၊ ကျုပ်တို့ကိုယ်တိုင်ပဲ သင်္ဂြိုဟ်ခဲ့မလားဆိုတာ စဉ်းစားကြတယ်။

နောက်ဆုံးတော့ သူ့ညီ ကိုလှပွားက သဘောတူတာနဲ့ ကျုပ်တို့နှစ်ယောက် သချိုင်းရဲ့ ချောင်ကျကျနေရာကိုရွေးပြီး မြေကျင်းနက်နက်တစ်ကျင်း တူးကြတယ်။ ပြီးတော့ ကိုဘပွားကို မြေကျင်းထဲမှာ ကျကျနန သင်္ဂြိုဟ်ခဲ့ကြတယ်။

ပြီးတော့မှ ခြေရာလက်ရာ ဘာမှမကျန်အောင် ဖျောက်ခဲ့ပြီး မနက်ဝေလီဝေလင်းမှာ သချိုင်းထဲကနေ ကျုပ်နဲ့ ကိုလှပွား ထွက်ခဲ့ကြတယ်။ ပြီးတော့ ရွာကို တန်းပြန်ခဲ့တာပေါ့ဗျာ။

ရွာရောက်တော့ ကိုဘပွား ပိုးထိပြီးဆုံးခဲ့တယ်ဆိုတဲ့ အကြောင်း သတင်းလွှင့်ရတာပေါ့။ ငွေတွင်းကုန်းဆရာတော်ကို ပင့်ပြီး သက်ပျောက်ဆွမ်းသွတ်ရတယ်။ ကျုပ်လည်း ရက်လည်တော့မှ ရွာကို ပြန်ခဲ့ရတာပေါ့ဗျာ။

တဖြည်းဖြည်းနဲ့ ရွာနီးချုပ်စပ်တွေအားလုံး ကိုဘပွား ပိုးထိလို့ဆုံးသွားပြီဆိုတာ သိသွားကြတာပေါ့လေ။

မဖဲဝါ ရိုက်သတ်လိုက်တာရယ်၊ အမရပူရသချိုင်းထဲမှာ ကိုဘပွားကို သင်္ဂြိုဟ်ခဲ့ရတာတွေကိုတော့ ကိုလှပွားနဲ့ ကျုပ်ကလွဲရင် ဘယ်သူ သိမှာတုန်းဗျာ။

အဲ အခုတော့ ခင်ဗျားပါ သိသွားပြီပေါ့လေ။ ကျုပ် တစ်ခုတော့ ပြောချင်တယ်ဗျ။ ခင်ဗျားတို့ ပိုင်ဆိုင်တဲ့ ပစ္စည်းတွေ ဘာတွေကို သချိုင်းထဲမှာ ဘယ်တော့မှ သွားပြီးမမြှုပ်မိစေနဲ့နော်၊ မြှုပ်မိရင်

www.burmeseclassic.com



တော့ မဖဲဝါ အပိုင်ဖြစ်သွားမှာတဲ့။ ဘာဖြစ်လို့လဲဆိုတော့ သချိုင်းတွေက သူပိုင်တာလေ။ ဒီတော့ သူ့ဥစ္စာသိုက် ဖြစ်သွားတာဆိုပဲ။ တာတေ့ကိုယ်ဇတ်တွေ့ပါဗျာ။ မယုံမရှိကြပါနဲ့။

တာတေ

◆◆◆





# မှန်ထဲက သရဲမ

ကိုဘဖွား ဆုံးသွားတဲ့နောက်မှာ တာတေဆိုတဲ့ ကျုပ်လည်း တော်တော်ခြေငြိမ်သွားတယ်ဗျို့။ ခေါင်းကလေးတောင် မပေါ်ဘဲ မြေကျင်းထဲမှာ ဒီအတိုင်း မြှုပ်ခဲ့ရတဲ့ ကိုဘဖွားကို ကျုပ် ခဏခဏ သတိရနေတာဗျ။ သတ္တိကလည်း ကောင်းလိုက်ပါဘိတော့ဗျာ။ မဖဲဝါကြီးကို မကြောက်မရွံ့ ဂေါ်ပြားနဲ့ လိုက်ခုတ်ရဲတဲ့လူဗျ။



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းကုန်းတစ်ခုရဲ့ ဂူတစ်လုံးထဲမှာ အလဟဿ ဖြစ်နေတဲ့ ရတနာတွေအကြောင်း တွေးမိတိုင်း ပွဲစားကြီးရဲ့ဂူကို သွားပြီး ဖောက်လိုက်ချင်တာဗျို့။ ဒါပေမဲ့ ကိုဘပွားကို ရက်ရက်စက်စက် ရိုက်သတ်လိုက်တဲ့ မဖဲဝါကြီးကို အခုထိ ကျုပ်မျက်စိထဲမှာ မြင်နေတုန်းဗျ။ တွေးမိတိုင်းလည်း ကြက်သီးတွေ တဖျန်းဖျန်း ထနေတာပါဗျာ။

သူညီ ကိုလှပွားကတော့ ဘယ်လိုရှိမယ်မသိဘူး။ ကျုပ်ကတော့ ကိုဘပွားကို မေ့ပစ်လို့ကို မရတာဗျို့။ မန်ကျည်းပင်အောက်က ကွပ်ပျစ်ပေါ်မှာ ဝါးပိုးခြမ်းကလေး ခေါင်းအုံးပြီး ဒီအကြောင်းတွေကို ကျုပ်တွေးနေတာဗျ။

ထမင်းစားပြီး တစ်မှေးလောက် အိပ်မယ်လို့ စိတ်ကူးထားတာပေါ့ဗျာ။ ဒါပေမဲ့ ဒီအကြောင်းတွေ တွေးနေမိတာနဲ့ အိပ်ချင်စိတ်တောင် ဘယ်ရောက်သွားမှန်း မသိတော့ပါဘူးလေ။

"ဟာ တော်ပါသေးရဲ့ကွာ၊ ခင်းနဲ့ တွေ့မှတွေ့ပါ့မလားလို့ စိတ်ပူနေတာ၊ လာသာလာရတာ စိတ်ထဲတော့ ပူသားကွ"

ကျုပ်မျက်စိဖွင့်ပြီး ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်တယ်။ ကျုပ်တို့ဝိုင်းထဲကို ဝင်လာတဲ့ လူနှစ်ယောက်ကို တွေ့လိုက်တော့ ဘယ်သူတွေပါလိမ့်လို့ ကျုပ် ကြည့်လိုက်မိတယ်။

"ဟာ ကိုကြီးကျောက်နီနဲ့ ကိုပေါ်လာကြီးပါလားဗျ၊ လာကြဗျာ၊ လာကြ၊ သံခနောက်သားတွေ ဘယ်ကများ ရောက်လာတယ် မသိဘူး"

ကိုကျောက်နီနဲ့ ကိုပေါ်လာဆိုတာ ကျုပ်တို့ ရွာဦးဘုရားပွဲ





မှာ ဒိုးပတ်လာပြိုင်နေကျ သံခနောက်ရွာသားတွေဗျ။ ကျုပ်နဲ့တော့ လွတ်ခင်တဲ့ လူတွေပေါ့ဗျာ။ ကျုပ်များ သံခနောက်ကို တစ်ခေါက်တစ်ကျင်းသွားရင် လွတ်ဧည့်ဝတ်ကျေတဲ့ လူတွေဗျ။ သံခနောက်သားတွေကိုက ခင်တတ်တာပါဗျာ။

ကိုကြီးကျောက်နီက အရပ်ပုပြတ်ပြတ်၊ ဝင်တိုတိုဗျ၊ မျက်လုံးကလည်း ခပ်ပြူးပြူး၊ အသက်ကတော့ လေးဆယ်လောက်ရှိပြီ၊ ကိုပေါ်လာကတော့ အရပ်ရှည်ရှည်ကြီးဗျ၊ မျက်နှာက အမြဲပြုံးပြုံးပြုံးပြုံးနဲ့ နေတဲ့လူ။

ကျုပ်ထိုင်နေတဲ့ကွပ်ပျစ်မှာ သူတို့နှစ်ယောက် ဝင်ထိုင်လိုက်ကြတယ်။ ကိုကျောက်နီတို့က အဘတို့ အမေတို့နဲ့တော့ သိပ်မရင်းနှီးကြဘူးဗျ။ ဒိုးတီးတဲ့လူတွေဆိုတော့ ကျုပ်တို့လူငယ်တွေနဲ့ပဲ ရင်းနှီးတာပေါ့ဗျာ။

ကျုပ်က နဂါးဆေးပေါ့လိပ် တစ်ယောက်ကို တစ်လိပ် တည်လိုက်တယ်။ ကိုကြီးကျောက်နီတို့နှစ်ယောက်က အမောပြေ ဆေးပေါ့လိပ်တွေ ဖွာကြတာပေါ့ဗျာ။

ဆေးလိပ်ဖွာရင်း အိမ်နဲ့ဝိုင်းကို အကဲခတ်ကြည့်နေကြတယ်။

"နို့ ဘယ်ကလှည့်ဝင်လာကြတာတုံး"

ကျုပ်က မေးလိုက်တော့ သူတို့နှစ်ယောက်မျက်နှာကို မြင်လိုက်ကြတယ်။

"ဘယ်ကမှ လှည့်ဝင်တာ မဟုတ်ဘူးဟေ့၊ မင်းဆီကိုပဲ ဘည့်တည့်လာခဲ့တာကွ၊ တာတေရ"



www.burmeseclassic.com

www.burmeseclassic.com



ဘာကိစ္စများရှိလိုပါလိမ့်လို့ ကျုပ် တွေးလိုက်မိတယ်။

"ဟုတ်လား ပြောပါဦး ကိုကြီးကျောက်နီရဲ့၊ ဘာကိစ္စများ တုံး"

ကိုကျောက်နီက မျက်မှောင်ကြီးကြုတ်လိုက်တယ်။ ကိုပေါ် လာကတော့ ခေါင်းတညိတ်ညိတ် လုပ်နေတယ်ဗျ။

"ဒီလို တာတေရေ၊ ငါတို့ရွာမှာ ထူးထူးဆန်းဆန်းကလေး တွေ ဖြစ်နေတယ်ကွ"

"ဟင် ဟုတ်လား၊ ဘာတွေဖြစ်လို့တုံးဗျ၊ ကိုကြီးကျောက်နီ ရဲ ပြောဗျာ၊ ကျုပ်ကလည်း ထူးထူးဆန်းဆန်းဆို လွှတ်စိတ်ဝင်စား တာဗျ"

ကျုပ်က အဲဒီလိုပြောလိုက်တော့ ကိုကြီးကျောက်နီက ပြော ဖို့ချိန်နေတယ်ဗျ။ ဘယ်က စပြောရမလဲလို့ တွေးနေတာ ထင်ပါရဲ့ ဗျာ။

"တို့ရွာမှာ ဆရာကြီးတစ်ယောက် ရောက်နေတယ်ကွ"

"ဟင် ဟုတ်လားဗျ၊ ဆေးဆရာကြီးလား"

"အေး ဆေးဆရာလို့ပဲ ပြောရမှာပေါ့ကွာ၊ ပယောဂလည်း နိုင်တယ်ကွ"

"ဟင် အဲဒါကောင်းတာပေါ့ ကိုကြီးကျောက်နီရ"

"အေး အပေါ်ယံကြည့်ရင်တော့ ကောင်းတာပေါ့ကွာ ဒါပေမဲ့ အဲဒီဆရာကြီးရောက်တာ တစ်လတောင် မရှိသေးဘူးကွ တို့ရွာမှာ ဖျားကြ၊ နာကြ၊ ဗိုက်အောင့်ကြ၊ ပိုးထိကြနဲ့ တစ်ရွာလုံးမှာ လူမမာတွေ ဖြစ်ကုန်ကြတယ်ကွ"





"ဪ ဒီလိုလား၊ နို့ ဆရာပုံကကော ဘယ်လိုတုံးဗျ"

"အသက်က ငါးဆယ်လောက်ရှိပြီကွ၊ အသားညိုညို၊ ဥပမိ နုပ်ကောင်းကောင်း၊ နှုတ်ခမ်းမွေးကြီးနဲ့ကွ၊ အဝတ်ကလည်း အပေါ် ဖြူ အောက်ဖြူပဲ အမြဲဝတ်တာ။ လည်ပင်းမှာလည်း စိပ်ပုတီး တစ်ကုံးက အမြဲဆွဲထားတယ်။ အချိန်ရရင် ပုတီးဖြုတ်ပြီး စိပ်နေ တော့တာ"

"နို့ နာမည်က ဘယ်လိုခေါ်တုံး"

"ဦးမှုံတဲ့ကွ၊ ဆရာမှုံလို့ ခေါ်ကြတယ်။ ဆေးကတော့ အလိုက်သားကွ၊ သူကုရင် ပျောက်တာချည်းပဲ"

"ဒါဆိုရင် ကိုကြီးကျောက်နီတို့က ဘာကို သံသယဖြစ်တာ တုံးဗျ"

"သူ ရောက်လာမှ ရွာမှာ အနာရောဂါတွေ ထူပြောလာ တာရယ်၊ နောက်ပြီးတော့ ဆရာမှုံက အမြဲသက်သတ်လွတ်စားတာ ကွ၊ ဒါပေမဲ့ တချို့ဖျားနာတဲ့လူတွေက ညဘက် ကယောင်ကတမ်း တွေပြောတာတို့ ယောင်ရမ်းအော်တာတို့ ဖြစ်ကြတော့ ဆရာမှုံက ရွာသူ မကျေနပ်ဘူးပေါ့၊ အမဲသားဟင်း ချက်ကြစမ်းဆိုပြီး ညဘက် ဘမင်းတွေ၊ ဟင်းတွေယူပြီး ရွာပြင်ကို ထွက်ထွက်သွားတတ်တယ်ကွ။ သူကတော့ ရွာသူမြှောက်တာလို့ ပြောတာပဲကွ။ ပြီးတော့ ရွာထဲက ဒိုးထောင်တို့တွေ ပြောတာကတော့ ဆရာမှုံဆိုတဲ့ မှန်ရှေ့မှာရပ်ပြီး တစ်ယောက်တည်း စကားပြောနေတတ်တယ်တဲ့ကွ"

"ဟင် ဟုတ်လား၊ မှန်ထဲမှာ ပေါ်နေတဲ့သူ့ပုံကို ကြည့်ပြီး ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးကွ၊ တခြားတစ်ယောက်နဲ့ ပြောနေတဲ့ပုံတ တာတေရ။ ဖိုးထောင်တို့ ပြောတာကတော့ မိန်းမတစ်ယောက် ပြောနေတဲ့ ပုံတဲ့ကွ။ တိုးတိုး တိုးတိုး ပြောတာပဲတဲ့။ ဒါပေ ဖိုးထောင်တို့က ချောင်းနားထောင်လို့ သိတာတဲ့ကွ"

"ခင်ဗျားတို့ဆရာမှူက စိတ်ရောမှန်ရဲ့လားဗျာ"

ကျုပ်က မေးလိုက်တော့ ကိုပေါ်လာက ဝင်ဖြေတယ်

"ဟာ စိတ်တော့မှန်ပါတယ် တာတေရ၊ ဆေးတွေ ဘာတေ ကုနေတာ ဘာအမှားအယွင်းမှ မရှိပါဘူးကွ"

"ဒါနဲ့ အဲဒီဆရာက ဘယ်မှာတည်းတာတုံးဗျ"

"မင်း သံခနောက်က ကိုဘိုဆန်းကို သိတယ်မို့လား"

"ဟာ သိတာပေါ့ ကိုကြီးကျောက်နီရဲ့"

"အေး ကိုဘိုဆန်းတို့အိမ်မှာ တည်းတာကွ၊ ကိုဘိုဆန်းတ မနှစ်ကနွေက ဘုရားဖူးသွားကြတယ်လေ၊ အဲဒီမှာ သိလာတာလို့ ပြောတာပဲကွ"

"ဘုရားဖူးသွားရင်း ခင်ခင်သွားတော့ ရွာကိုလာပါ၊ ဆေး လာကုပါ၊ ဘာညာ ပြောခဲ့မှာပေါ့ တာတေရာ"

ကိုပေါ်လာကြီးက သူ့အထင်ကို ပြောပြတယ်ဗျ။

"အဲဒါ ကျုပ်က ဘာလုပ်ပေးရမှာတုံး ကိုကြီးကျောက်နီ"

"ဒီလိုကွာ တာတေရာ၊ မင်းက အတွေ့အကြုံတွေရှိလို့ ငါတို့က မင်းကို အားကိုးတာကွ။ မင်း ငါတို့ရွာကို တစ်ခေါက် လောက်လာပြီး အနေအထားကို နည်းနည်းလောက် အကဲခတ် ကြည့်စေချင်လို့ကွ"





"ဩော် ဒီလိုလား၊ အင်း လာမှာပေါ့ဗျာ၊ ကျုပ်လည်း ဘယ် မသွားဖြစ်တာ ကြာပြီဗျ၊ ဒီလိုလုပ်ဗျာ၊ အခု ကိုကြီးကျောက်နီတို့ ပြန်တော့ အဲဒီဆရာရဲ့ အခြေအနေကို သေသေချာချာ အကဲခတ် ထား၊ ကျုပ် သန်ဘက်ခါကျတော့ ဆက်ဆက်လာခဲ့မယ်။ မနက်ဖြန် ကျတော့ အဘက မြို့သွားဦးမှာဆိုတော့ ကျုပ်က အိမ်မှာရှိဦးမှ ဖြစ်မှာဗျ။ သဘက်ခါကျတော့ အဘပြန်ရောက်တာနဲ့ ကျုပ် ထွက် လာခဲ့မယ်"

"အေး ကောင်းသားပဲကွ၊ ငါတို့ စောင့်နေမယ်၊ မင်းသာ ဆက်ဆက်လာခဲ့ပေတော့"

"ဟာ စိတ်ချပါ ကိုကြီးကျောက်နီရာ၊ တာတေဆိုတဲ့ကောင် က ဒီလိုကိစ္စမျိုးတွေဆိုရင် လွတ်စိတ်ဝင်စားတဲ့ကောင်ပါဗျာ၊ ကိုကြီး ကျောက်နီလည်း သိသားပဲဟာ၊ ကဲ စောင့်သာနေ၊ အဲဒီဆရာကိုသာ သေသေချာချာ ကြည့်ထား၊ သန်ဘက်ခါ ကျုပ်ရောက်အောင် လာ ယ်"

အဲဒီနေ့က ကိုကြီးကျောက်နီနဲ့ ကိုပေါ်လာကြီးတို့နှစ်ယောက် ကျုပ်တို့ရွာက ဘုရားပွဲအကြောင်း၊ ဒိုးပတ်ပြိုင်ပွဲအကြောင်း ရောက် ာတ်ရာရာတွေ ထိုင်ပြောလိုက်ကြတာ။ ညနေကို စောင်းရောဗျာ။ ေတော့မှ ပြန်သွားကြတာ။ ညရောက်တော့ သူတို့ပြောတဲ့ ဆရာမှု အကြောင်းကို ကျုပ်လည်း တွေးနေတော့တာပေါ့ဗျာ။

နောက်နေ့ရောက်တော့ အဘက မြို့ကို သွားတယ်။ ဈေး ယ်ပါပဲ။ အမေကလည်း သူပါ လိုက်ချင်တယ်ဆိုတော့ အဘက ခေါ်သွားတယ်။ ကျုပ်တို့ရွာက ကားက တစ်ရက်ကျော် ထွက်တာ



www.burmeseclassic.com

www.burmeseclassic.com



လေဗျာ။ ကားထွက်တဲ့နေ့ လိုက်ကြရတာပေါ့။ မြို့က ပွဲရုံမှာ တစ်ညတည်းကြမှာပေါ့။ နောက်နေ့စောစော ကားပြန်စီးပြီးရွာ ဆွမ်းခံဝင်ချိန် ပြန်ရောက်မှာပေါ့ဗျာ။

အဘတို့ အမေတို့ မြို့ကပြန်ရောက်တဲ့နေ့ပဲ ကျုပ် သံခနော ကို ထွက်လာခဲ့တယ်။ သံခနောက်က ငွေယားကုန်း အရှေ့ဘက် တယ်။ ငွေယားကုန်းကိုတော့ မဝင်ဘော့ဘူး။ ငွေယားကုန်းဝင်မိ သံခနောက်ကို ရောက်မှာမဟုတ်ဘော့ဘူးဗျ။ ငွေယားကုန်း သူငယ်ချင်းတွေက ဆွဲထားကြမှာ။ ဒါကြောင့် ရွာပြင်ကပဲ ပတ်သွ ခဲ့ရတယ်။ သံခနောက်ကိုရောက်ဘော့ ကိုကြီးကျောက်နီတို့အိမ် သွားရတယ်။ သံခနောက်ကို အနောက်အပေါက်နည်းတော့ ကျုပ် သိပ်မသိကြပါဘူး။

ကိုကျောက်နီတို့အိမ်က ရွာလယ်လမ်းမှာပဲဗျ။ သူတို့ဝိုင်း မှာ မန်ကျည်းပင် နှစ်ပင် သုံးပင် ရှိတယ်။ ကျုပ် ရွာလယ်လမ် အတိုင်း လျှောက်လာတယ်။ ဘော တွေ့ပြီ၊ ဒါ ကိုကြီးကျောက်နီ ဝိုင်းပဲဗျ။

"ဟာ တာတေ လာဟေ့ ငါတို့ မင်းကို မျှော်နေတာ"

အိမ်အောက်ထပ်မှာ ထိုင်နေတဲ့ ကျောက်နီနဲ့ ကိုပေါ်လာ က လှမ်းခေါ်ကြတယ်။ သူတို့နဲ့အတူတူ သံခနောက်သားနှစ်ယောက် လည်း ထိုင်နေတယ်ဗျ။ ကျုပ်ပါ ဝင်ထိုင်လိုက်တော့ ငါးယောက် ပေါ့ဗျာ။

"ဟား ဟား ငါတို့က မင်း လာနိုင်ပါ့မလားလို့ ပူနေကြတာ ကွ၊ တာတေရ"





ကိုပေါ်လာကြီးက ရယ်ပြီးပြောတယ်ဗျ။ လွှတ်ပွင့်လင်းတဲ့ လူတွေပါဗျာ။ ကျုပ်တို့တောသူတောင်သားတွေဆိုတာက အသိက လည်းနည်း၊ အရောက်အပေါက်ကလည်း နည်းတော့ ဗဟုသုတက လည်း သိပ်မရှိကြဘူးပေါ့ဗျာ။ အဲဒီလို လယ်လုပ် ယာလုပ်နဲ့ တစ်နေ ကုန် ပင်ပန်းကြတဲ့ အရိုး အ,အကြီးတွေကို လာပြီးလှုလှည်လုပ်တဲ့ သူတွေ၊ အ,တာကို အခွင့်ကောင်းယူချင်တဲ့သူတွေကလည်း တစ်ခါ တစ်ခါ ပေါ်လာတတ်သေးတယ်ဗျ။

"ဘာများထူးသေးတုံး"

ကျုပ်က ကိုကျောက်နီ ငှဲ့ပေးတဲ့ အကြမ်းတစ်ခွက်ကို မော့ သောက်လိုက်ရင်း မေးကြည့်လိုက်တယ်။

"အေး အဲဒါကို ပြောချင်တာကွ၊ မင်းက ငါနဲ့ ပေါ်လာကို မှာလိုက်တယ်လေ၊ ဆရာမှုကို သေသေချာချာ စောင့်ကြည့်ဖို့"

"ဟုတ်တယ်လေဗျာ"

"အဲဒါ ငါတို့လည်း ရွာကကောင်လေးနှစ်ယောက် သုံးယောက် ကို တာဝန်ပေးပြီး မသိမသာ-စောင့်ကြည့်ခိုင်းထားတာကွ။ မနေ့က တော့ ပေါက်စဆိုတဲ့ကောင်လေးက ဆရာမှု ဆေးသွားကုတဲ့အိမ်ကို မယောင်မလည်နဲ့ လိုက်သွားပြီး စောင့်ကြည့်တာကွ၊ ဆရာမှုက အဲဒီအိမ်က ကိုတောက်ထိန်ရဲ့မိန်းမ ဗိုက်အောင့်ပြီး အော်ဟစ်နေ ရတာ ကွင်းကိုင်တာလို့ပြောပြီး အမဲသားတစ်ပိဿာကို အတုံးကြီး ကြီးတုံးပြီး ချက်ခိုင်းထားသတဲ့။ အဲဒီဟင်းတွေကို ဇလုံကြီးထဲ အကုန် ထည့်ပြီး ကိုတောက်ထိန်တို့အိမ်က မှန်တင်ခုံပေါ် မှာတင်ပြီး ပါးစပ် က တိုးတိုး တိုးတိုးနဲ့ ပြောတာတဲ့။ ပေါက်စက ဘေးနားမှာ မသိ



www.burmeseclassic.com

www.burmeseclassic.com



မသာ ကပ်ပြီးနားထောင်တော့ ကြားရတာတဲ့ဟေ့၊ မရှင် စား စား၊ မင်းစားဖို့ ငါ ချက်ခိုင်းထားတာ စား စားလို့ ပြောတာတဲ့ကွ"

"ဟင် ဟုတ်လား၊ သူပြောတာ မိန်းမတစ်ယောက်ပေါ့ ဟုတ်လား၊ ကိုကြီးကျောက်နီ"

"အေး ဟုတ်တယ်၊ မိန်းမတစ်ယောက်ကို ကျွေးတာကွ"

ပေါက်စက မသိမသာနဲ့ တိုင်နောက်ကနေ ကပ်ပြီးကြည့်နေတာတဲ့ကွ။ အမဲသားဟင်းတုံးကြီးတွေက လျော့လျော့သွားတယ်ဆိုပဲ။ တစ်ချက်တော့ ပေါက်စ ဘာတွေ့လိုက်တယ် ထင်တုန်းကွ"

"ဟင် မသိဘူးလေဗျာ"

"မှန်ထဲက လက်ကြီးတစ်ဘက်ထွက်လာပြီး အမဲသားတုံးကြီးကို ယူသွားတာတဲ့ဟေ့"

"ဟာ ကြောက်စရာကြီးပါလားဗျာ၊ တခြားလူတွေကရော အဲဒါကို မတွေ့လိုက်ကြဘူးလား"

"မတွေ့ဘူးကွ၊ ဆရာမှုံက သူတို့ကို အာရုံလွှဲထားပုံ ရတယ်ကွ။ တခြားစကားတွေ ပြောနေတော့ မှန်တင်ခုံကို ဒီလူတွေ အာရုံ မရောက်ဘူးပေါ့ကွာ"

"အင်း လွယ်တော့ မလွယ်ဘူး ထင်တယ်ဗျ၊ ကိုကြီးကျောက်နီရ၊ မပိုင်ဘဲ သွားလုပ်ရင်တော့ ဒုက္ခရောက်သွားနိုင်တယ်"

"အေး အဲဒါကြောင့် မင်းကို ခေါ်ပြီးတိုင်ပင်ကြရတာပေါ့ တာတေရ၊ မင်းက အတွေ့အကြုံတွေရှိတယ်ဆိုတာကို ငါတို့အားလုံး သိထားကြတာပဲကွ"





"နေပါဦးဗျ၊ ကိုကြီးကျောက်နီရ၊ နောက်တော့ အဲဒီကောင်လေး ဘယ်သူ"

"ပေါက်စ၊ ပေါက်စ"

"အင်း ဟုတ်ပြီ၊ ပေါက်စ၊ **ပေါက်စ** အဲဒီကောင်လေး ဘာထပ်မြင်သေးတုံး"

"မမြင်တော့ဘူးကွ၊ မှန်ထဲကို ကြည့်တော့လည်း ဘာမှ မတွေ့ဘူးလို့ပဲ ပြောတယ်"

"အင်း ကိုကြီးကျောက်နီရေ၊ ကျုပ် တွေးကြည့်လို့ရသမျှကို ပြောရရင်တော့ ဒီဆရာမှုံဆိုတာ ဆေးဝါးအင်မတန် ကျွမ်းကျင်တဲ့ အထက်လမ်းဆရာကြီးတစ်ယောက် မဖြစ်နိုင်ဘူးဗျ။ အထက်လမ်းဆရာတစ်ယောက်**ဟန်**ဆောင်ထားတဲ့ အောက်လမ်းဆရာပဲ ဖြစ်မယ်။ အင်း ဒါဆို**ရင်တော့** လွယ်လွယ်နဲ့ လုပ်လို့ရမယ် မထင်ဘူးဗျို့"

ကျုပ်က**ပြောတော့ သူတို့**တွေ မျက်နှာပျက်သွားကြတယ်။

"နေပါဦး တာ**တေရေ ငါတွေး**မိတာ တစ်ခုတော့ရှိတယ်ကွ၊ ငါတို့ အထက်လမ်း**ဆရာ ခပ်ထက်**ထက်တစ်ယောက်ရှာပြီး ဒီ**အောက်**လမ်းဆရာကို **မောင်း**ထုတ်ခိုင်းရင် ကောင်းမလား"

ကိုပေါ်လာက သူတွေးမိတာကို ပြောတယ်ဗျ။ ကျုပ် သူ**ပြောတာကို** တွေးကြည့်လိုက်တယ်။ အထက်လမ်းနဲ့ အောက်လမ်း **တိုက်ပွဲ**တွေကို သူတို့ မတွေ့ဖူးသေးလို့ ပြောတာဗျ။ လွယ်တဲ့ကိစ္စ မ**ဟုတ်ဘူး**။ သူသေ ကိုယ်သေ တိုက်ကြ၊ ခိုက်ကြရင် ကြားထဲကရွာ ကြွေသွားမှာ၊ ရွာအရမ်းနာသွားလိမ့်မယ်။

"အဲဒီလိုလည်း မဖြစ်ဘူးဗျ၊ **ခင်ဗျား**တို့ရွာ **နာကျန်**ရစ်ခဲ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်။ ကျုပ် စဉ်းစားကြည့်ပါဦးမယ်ဗျာ၊ ဒီကိစ္စ မပြီးမချင်း ကျုပ် ရွာကို မပြန်ပါဘူး၊ ခင်ဗျားတို့နဲ့ပဲ နေမှာပါ"

"ဟာ နေရာကျပြီပေါ့ကွာ၊ မင်း လုပ်သင့်တယ်ထင်တာကို ပြောကွာ၊ ငါတို့အားလုံးဖြစ်အောင်လုပ်ပေးမယ်"

"ကိုကြီးကျောက်နီ၊ ကိုကြီးကျောက်နီ၊ ဟိုလူကြီး ဒီဘက်ကို လာနေပြီဗျ။ သူ့ကို လှည်းနဲ့ လာပင့်တာ၊ ရွာနောက်ပိုင်းက ဦးမန်ကျည်းသီးမိန်းမကြီး ဝိုက်အောင့်လို့တဲ့ဗျို့၊ လူးလိမ့်ပြီး အော်နေရတယ်တဲ့"

အသက်ဆယ်နှစ်လောက်ရှိတဲ့ ကောင်လေးတစ်ယောက်ဗျ။

"အဲဒါ ပေါက်စလေ တာတေ၊ ငါတို့ စောင့်ကြည့်ခိုင်းထားတာ သူလေကွာ၊ မင်း လိုက်မသွားဘူးလားကွ ပေါက်စ"

"ဟာ ကျုပ် မလိုက်ဘူးဗျ ကိုကြီးကျောက်နီရ၊ ကျုပ်က ဟိုနေ့က လိုက်ပြီးပြီလေဗျ၊ တော်တော်ကြာ ဒီလူကြီးက ကျုပ်ကို ရိပ်မိသွားလိမ့်မယ်။ အခု မျက်ပြူးသွားပြီ ဦးမန်ကျည်းသီးတို့အိမ်ကို ဖြတ်လမ်းကနေ မျက်ပြူး သွားပြီဗျ"

"ဩော် အေး အေး ဒါဆိုရင် မင်း အသာရှောင်နေ၊ လှည်းက ဘယ်နားကို ရောက်နေပြီလဲ"

"ဘိုးမင်းဒင်တို့ဝိုင်းနား ရောက်နေပြီဗျ"

"ကဲ တာတေ မင်း ဟိုခြံစည်းရိုးနားကထွက်ပြီး အကဲခတ်ပေတော့ကွာ၊ ဆရာမှုံဆိုတာ လှည်းပေါ်မှာ ပါလာလိမ့်မယ်"

"ကျွိ၊ ကျွိ၊ ကျွိ၊ ကျွိ"

ကျုပ် ခြံစည်းရိုးနားရောက်ပြီးလို့ သိပ်မကြာလိုက်ဘူးဗျ၊





နွားလှည်းက ကိုကျောက်နီတို့ဝိုင်းရှေ့ ရောက်လာတာ။ လှည်းပေါ်မှာ အခန့်သား ထိုင်လိုက်သွားတဲ့လူကို ကျုပ် သေသေချာချာ ကြည့်မိတယ်။ ဝတ်ဖြူစင်ကြယ်နဲ့ဗျ။ ခေါင်းပေါင်းတောင် အဖြူပေါင်းထားတာ၊ လည်ပင်းမှာလည်း ပုတီးကြီးတစ်ကုံးဆွဲလို့ဗျ။ အသက်ကတော့ ငါးဆယ်လောက်ပါပဲ။ ဥပဓိရုပ်လည်း ကောင်းသားဗျ။ နှုတ်ခမ်းမွေးကားကားနဲ့။ ဒါပေမဲ့ တင်ပလ္လင်ချိတ် ထိုင်နေတော့ ခြေဖဝါးတစ်ဖက် ပေါ်နေတာပေါ့။ အဲဒီခြေဖဝါးမှာ မှင်ကြောင်နဲ့ ထိုးထားတဲ့ အရုပ်ဗျ။ ကျုပ် သေသေချာချာ ကြည့်လိုက်မိတာပေါ့ဗျာ။ ကျုပ်ဆိုတာ တော်တော်ကို လန့်သွားတာဗျ။ ကိုကျောက်နီတို့ကတော့ လှည်းကိုမကြည့်ဘူးဗျ၊ မသိချင်ယောင်ဆောင်ပြီး ရေခဲ့နွေးသောက်နေကြတာ။ ကျုပ် သူတို့ဆီကို ပြန်ထိုင်တော့မှ. . .

"အဲဒါ ဆရာမှုံပဲ တာတေ၊ မင်း သေသေချာချာ အကဲခတ်လိုက်တယ်မို့လား"

"အင်း သေသေချာချာကို မြင်လိုက်ရတာပါဗျာ"

"ဟေ မင်း ဘာကိုမြင်လိုက်တာတုံး တာတေရ"

"တင်ပလ္လင်ခွေထိုင်နေတဲ့ ဆရာမှုံရဲ့ ခြေဖဝါးမှာ ဘုရားရုပ်ထိုးထားတယ်ဗျို့"

"ဟေ ဟုတ်လားကွ၊ ဒါဆိုရင် အောက်လမ်းဆရာဆိုတာ သေချာတာပေါ့"

"သေချာရုံတင် ဘယ်ကမလဲ ကိုကြီးကျောက်နီရ၊ အောက်လမ်းမှာမှ သေးသေးကွေးကွေး မဟုတ်ဘူးဗျို့၊ မဟာအဝိစိငရဲအထိ ဆင်းမယ်လို့ ကျိန်ထားတဲ့ လူတွေဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟုတ်လား တာတေ၊ အောင်မယ်လေးဗျ၊ ငါတို့ရွာတော့ ဒုက္ခရောက်ပါပေါ့၊ ငါတို့ကို ကူညီပါ တာတေရာ"

"ဘာမှမပူနဲ့၊ ဒီတစ်ရက် နှစ်ရက်အတွင်း ကျုပ်တို့ လုပ်ကြတာပေါ့ဗျာ"

"ဒီနေ့တော့ ခင်ဗျားကောင်လေးတွေ ဘယ်သူ၊ အဲပေါက်စတို့ မျက်ပြူးတို့ကို သေသေချာချာ စောင့်ကြည့်ခိုင်းထားဗျာ၊ ထူးတာနဲ့ ချက်ချင်းလာပြောခိုင်း၊ ကျုပ်တို့ကြံစည်နေတာကိုလည်း လုံးဝမပေါက်ကြားစေနဲ့ဗျ"

"စိတ်ချ တာတေ၊ စိတ်ချ"

အဲဒီညက ကျုပ်က ကိုကျောက်နီတို့အိမ်မှာ အိပ်တယ်။ ကိုပေါ်လာလည်း ကျုပ်တို့နဲ့ လာအိပ်တယ်ဗျ။ ညတော်တော်နက်တဲ့အထိ ကျုပ်တို့ တိုင်ပင်ကြတယ်။ ကိုကျောက်နီတို့ မိဘတွေကတော့ အိမ်ကြီးအပေါ်မှာပေါ့ဗျာ။ ကျုပ်တို့သုံးယောက်က အောက်ထပ်မှာ အိပ်ကြတယ်။

ကျုပ်လည်း ဘယ်လိုလုပ်ရမယ်ဆိုတာ မသိသေးပါဘူးဗျာ။ ဒါပေမဲ့ နတ်ကောင်းနတ်မြတ်တွေတာပဲ နှိုးဆော်သလား မပြောတတ်တော့ပါဘူးဗျာ၊ တစ်ရေးနိုးတဲ့အချိန် ကျုပ်ခေါင်းထဲမှာ အကြံတစ်ခု ပေါ်လာတယ်ဗျ။

ကျုပ် ချက်ချင်းထထိုင်ပြီး ဆေးလိပ်ခွက်ကို ယူလိုက်တယ်။ ပြီးတော့ ဆေးပေါ့လိပ်ကို မီးညှိပြီး ဖွာနေလိုက်တယ်။ ကျုပ်ခေါင်းထဲပေါ်လာတဲ့ အတွေးကို ချက်ချင်းအသေးစိတ် စဉ်းစားတယ်။ တခြားဆရာပင့်ပြီး ဒီအောက်လမ်းဆရာကို ရွာက နှင်ထုတ်ခိုင်းဖို့ဆိုတာ





ထက် ကျုပ်အတွေ့အကြုံအတိုင်း လုပ်ရရင်ကောင်းလိမ့်မယ်လို့ တွေးမိတယ်ဗျ။ ဒီတုန်းမှာပဲ ကိုကြီးကျောက်နီ လှုပ်လာပြီး. . .

"ဟင် တာတေ မအိပ်ဘဲ ဘာတွေစဉ်းစားနေတာတုံးကွ"

"ကျုပ် အကြံရပြီ ကိုကြီးကျောက်နီရေ"

"ဟာ ဟုတ်လားကွ၊ ဘယ်လိုလုပ်မှာတုံး"

"မနက်ဖြန် မနက်စောစော မြို့ကို လူလွှတ်ပြီး အမဲသားတစ်ပိဿာ ဝယ်ဗျာ"

"ဟော ဘာလုပ်မလို့တုံး၊ ဆရာမှုံကို ပေးဖို့လား"

"ဟာ တောက်တီးတောက်တဲ့ဗျာ၊ ဆရာမှုံကို ပေးမလား၊ ကိုကြီးကျောက်နီရာ၊ ကျုပ်မှာ တခြားအစီအစဉ် ရှိလို့ပါဗျာ"

"ဪ ဟုတ်ပြီ၊ ဟုတ်ပြီ၊ ငါရအောင် ဝယ်ပေးပါ့မယ်၊ စိတ်သာချပါကွာ"

ကျုပ်နဲ့ ကိုကျောက်နီ စကားပြောသံကို ကိုပေါ်လာကြီး ကြားပြီး နိုးလာတယ်ဗျ။

"ဟေ့ကောင် ကျောက်နီ အမဲသားဝယ်ဖို့ တခြားလူကို လွှတ်မနေနဲ့၊ သတင်းပေါက်ကြားသွားဦးမယ်၊ ငါကိုယ်တိုင် မြို့သွားဝယ်မယ်"

"ဟင် မင်းသွားမလား ပေါ်လာ၊ ဒါဆိုရင် ပိုစိတ်ချရတာပေါ့ကွ၊ ငွေယားကုန်းက စံဝတို့ကား မနက်ဖြန် ထွက်မှာကွ၊ မင်းစောစောထပြီး ငွေယားကုန်းကို ကားမီအောင် သွားစီးကွာ"

"အေးပါ ငါသိပါတယ်"

လို့ပြောပြီး ကိုပေါ်လာကြီးက ပြန်အိပ်ပျော်သွားတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးကျောက်နီ ခင်ဗျားတို့ရွာမှာ နတ်ဝင်သည် ရှိလားဗျ"

"ဟာ နတ်ဝင်သည်တော့ မရှိဘူးကွ၊ ဟိုဘက်က ကျားဟုန်းရွာမှာတော့ မိန်းမကြီးတစ်ယောက် ရှိတယ်၊ နေပါဦးကွာ၊ သူ့နာမည်က ဘာပါလိမ့်"

ကိုကျောက်နီက နတ်ဝင်သည်ရဲ့နာမည်ကို စဉ်းစားမရဖြစ်နေတုန်းမှာ ကိုပေါ်လာကြီး နိုးသွားပြီး. . .

"ဒေါ်ရှမ်းပါကွာ၊ ကျောက်နီရာ"

လို့ ဝင်ပြောသဗျ။ ပြီးတော့ တရှူးရှူးနဲ့ ပြန်ပြီးအိပ်ပျော်သွားပြန်ရောဗျို့။

"အေး အေး ဟုတ်တယ်၊ ဒေါ်ရှမ်း၊ ဒေါ်ရှမ်း၊ အေး အဲဒါ မင်း ဘာလုပ်ချင်လို့လဲကွ တာတေ"

"မနက်ဖြန် အဲဒီမိန်းမကြီးကို ရအောင်ခေါ်ဗျာ"

"ဟာ ရပါတယ်ကွ၊ ငါနဲ့ သော်တော်လေး မျက်မှန်းတန်းမိပါတယ်။ ငါသွားခေါ်ပေးမယ်၊ ကျားဟုန်းက ဒီနားလေးတင် ကပ်နေတဲ့ဥစ္စာ၊ အသွားအပြန်မှ တစ်နာရီပေါ့ကွာ"

"ဟုတ်ပြီ၊ မနက်ဖြန် ကိုကြီးကျောက်နီ သွားတော့ ကျုပ်ပါလိုက်ခဲ့မယ်၊ အပြန်မှာ ခင်ဗျားတို့ ရွာသချိုင်းကို ပြစမ်းဗျာ၊ ကျုပ်ကြည့်ချင်လို့"

"ဪ ရတယ်လေ၊ ထူးထူးခြားခြား လိုက်ပြဖို့ မလိုပါဘူးကွ၊ ကျားဟုန်းကိုသွားရင်း သံခနောက်သချိုင်းကို ဖြတ်သွားရမှာပဲဟာ။ မင်းစိတ်တိုင်းကျ ကြည့်လို့ရပါတယ်"





ကျုပ်တို့နှစ်ယောက်လည်း တစ်အောင့်လောက် စကားပြောပြီး ပြန်အိပ်ကြတာပေါ့ဗျာ။ မနက် နေတော်တော်မြင့်မှ ကိုကြီးကျောက်နီရဲ့အမေ ဒေါ်မယ်ဖော့ကြီး လာနှိုးမှ နိုးတာဗျ။ ကျုပ်တို့နိုးတော့ ကိုပေါ်လာကြီးကို မတွေ့တော့ဘူး။

"ဟဲ့ ကျောက်နီ ပေါ်လာတော့ အစောကြီးထပြီး ငွေယားကုန်းကိုသွားတယ်၊ ငွေယားကုန်းကားနဲ့ မြို့လိုက်မလို့ဆိုပဲ၊ နင်ခိုင်းထားတာ သွားလုပ်ရမှာလို့ ပြောသွားတယ်"

"ဟုတ်တယ် အမေရေ၊ ပေါ်လာကို ကျုပ်လွှတ်လိုက်တာ၊ သူထသွားတာတောင် ကျုပ်တို့ မသိလိုက်ဘူးဗျ"

"အေး ဟုတ်တယ်၊ သူကလည်း နင်တို့ မနိုးအောင် အသာတိတ်တိတ်သွားတာ၊ နင်တို့နှစ်ယောက် ညက တော်တော်နဲ့ မအိပ်ကြဘူးလို့ပြောတယ်၊ ထားလိုက် အရီး နေမြင့်မှသာ နှိုးလိုက်လို့ပြောသွားလို့ အခုမှ ငါလာနှိုးတာ"

"ဪ ကဲ တာတေရေ ရွာမြောက်ဘက်က ယင်းချောင်းထဲ ရေသွားချိုးစို့ကွာ၊ ငါရေစည်လှည်းလည်း တိုက်ရဦးမှာကွ၊ ရေစည်လှည်းနဲ့ တစ်ခါတည်း သွားလိုက်ကြရအောင်"

"သွားလေဗျာ"

သံခနောက် မြောက်ဘက်မှာ ယင်းချောင်းရှိတယ်ဗျ။ ဆင်ခေါင်းတို့၊ သာယာကုန်းတို့ကိုဖြတ်ပြီး စီးလာတဲ့ချောင်းပေါ့ဗျာ။ နွေရာသီတောင် ရေမခမ်းတဲ့ ယင်းဗျ။

ကျုပ်တို့နှစ်ယောက် ရေစည်တိုက်ပြီး ရေတစ်ခါတည်း



www.burmeseclassic.com

www.burmeseclassic.com



ချီးခဲ့ကြတာပေါ့ဗျာ။ ရွာပြန်ရောက်တော့ ထမင်းစားချိန်တောင် ရောက်ပြီဗျ။

ကိုကျောက်နီအမေ ပြင်ကျွေးတဲ့ ထမင်းပွဲကို ကျုပ်တို့ နှစ်ယောက် စားသောက်ပြီးတာနဲ့. . .

"ကဲ တာတေရေ တို့ ကျားဟုန်းသွားကြစို့ဟေ့၊ ဒေါ်ရှမ်းကြီးကို သွားခေါ်ကြရအောင်၊ ဪ အမေရေ ပေါ်လာ ပြန်ရောက်ရင် အမဲသား ချက်ခိုင်းထားဗျာ၊ ဘယ်သူမှ နှိုက်ပြုမစားစေနဲ့လို့လည်း မှာထားဦး အမေရေ၊ ကျုပ်ဘို့ အသုံးရှိလို့ ချက်ထားတာဗျ"

"အေးပါ ငါ သိပါတယ် ကျောက်နီရာ၊ မပူနဲ့၊ သွားမှာသာ သွား၊ ငါကိုယ်တိုင် ချက်ပေးမယ်၊ ပြီးတော့ ဟင်းအိုးလည်း ငါ သိမ်းထားလိုက်မယ်"

ကျုပ်နဲ့ ကိုကျောက်နီ ကျားဟုန်းကို ထွက်လာခဲ့ကြတယ်။ ဟုတ်သားပဲဗျ၊ သံခနောက်သချိုင်းကို ဖြတ်သွားရတာဗျ။ သံခနောက်သချိုင်းက သစ်ပင်ကြီးတွေနဲ့ ညို့မှိုင်းနေတာဗျို့၊ မန်ကျည်းပင်၊ ထနောင်းပင်၊ ကုက္ကိုပင်တွေနဲ့ ညို့နေတာဗျ။ အုတ်ဂူတွေလည်း ရှိတယ်ဗျ။ ဇရပ်ကလေးတစ်ဆောင်ကလည်း တော်တော်ကောင်းသားပဲ။ ကျုပ်တို့ ကျားဟုန်းကိုရောက်တော့ နတ်ဝင်သည် ဒေါ်ရှမ်းကို အခန့်သင့်ပင် တွေ့ပါတယ်။

"ကဲ ပြော ဒေါ်ရှမ်း ဘာလုပ်ပေးရမလဲ"

"ဒီလို ဒေါ်ရှမ်းရာ၊ သံခနောက်မှာ အောက်လမ်းဆရာတစ်ယောက် ရောက်နေတယ်၊ ပြီးတော့ မကောင်းဆိုးဝါးနဲ့ပေါင်းပြီး ရွာထဲမှာ လူတွေ နေမကောင်းအောင်လုပ်တယ်၊ ပြီးတော့ အဲဒီ





ဆရာက ကုပေးတယ်။ ပြီးရင် ရွာသူမြှောက်ရမယ်၊ ကွင်းတာဝ်ရမယ်၊ ကွင်းကိုင်တာလို့ပြောပြီး အမဲသား ချက်ချက်ပြီး အဲဒီ မကောင်းဆိုးဝါးကို ကျွေးတာဗျ"

"ဟောတော်၊ ငါတို့ကြားထားတာက အထက်လမ်းဆရာကြီးဆို ဆေးကုတာ အားကြီးစွမ်းတာပဲလို့ ပြောကြလို့ ငါတို့ရွာကတောင် အဲဒီဆရာကြီးကို သွားပင့်ဖို့ ပြောနေကြတာ ကျောက်နီရဲ့"

"အောင်မယ်လေး ဒေါ်ရှမ်းရေ ခင်ဗျားတို့ရွာကို ပင့်လို့ကတော့ တစ်ရွာလုံး ကြေသွားမယ်သာ မှတ်ပေတော့ဗျို့"

"ဪ ဒီလိုလား၊ ဒါဆို ငါက ဘာလုပ်ပေးရမလဲပြော"

"ကဲ တာတေ ဒေါ်ရှမ်းကို မင်းပဲ ပြောပြလိုက်ပါကွာ"

"ကျုပ်တို့ ဒီအောက်လမ်းဆရာကို နှင်ထုတ်မယ်ဗျ ဒေါ်ရှမ်းရဲ့၊ ဒါပေမဲ့ အထက်လမ်းဆရာတွေ ဘာတွေ ပင့်ရင်လည်း ဆရာနှစ်ယောက် တိုက်တာနဲ့ ရွာနာလိမ့်မယ်"

"အေး ဒါတော့ ဟုတ်တယ်ဟဲ့"

"ဒီတော့ ကျုပ်တို့နည်း၊ ကျုပ်တို့ဟန်နဲ့ပဲ ဒီကိစ္စကို ရှင်းကြမလို့ဗျ"

"အေး ဟုတ်ပြီ၊ ဘယ်လိုရှင်းမှာတုံး"

"မဖဲဝါကြီးကို အကူအညီတောင်းရမှာပဲဗျာ"

"ဪ ဒီလိုလား၊ မင်းက မဖဲဝါကို နိုင်လို့လား၊ သူ့ကို ခေါ်ခိုင်းတယ်ဆိုတာ သူ့ကိုနိုင်မှ ဖြစ်တာနော်၊ အဲဒီလိုမဟုတ်ရင် နင်တို့ သံခနောက်ရွာ ပိုဆိုးသွားလိမ့်မယ်"

"မဖဲဝါကို နိုင်ဖို့မလိုပါဘူး၊ မဖဲဝါနဲ့ အဆင်ပြေဖို့ပဲလိုတာပါ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရှမ်းရာ၊ အဲဒါ ကျုပ်တာဝန်ထားပါဗျာ"

"အေး ဒါဆိုလည်း ပြီးတာပဲ၊ ငါက ဘာလုပ်ပေးရမှာတုံး"

"ဒေါ်ရှမ်းက မဖဲဝါ ဝင်ပေးဖို့ပါ"

"ဩော် ဒါတော့ ရပါတယ်၊ ငါ လုပ်ပေးမှာပေါ့၊ ဒါထက် မဖဲဝါကို လာအောင်ရော ခေါ်နိုင်ပါ့မလား"

"ရပါတယ်ဗျာ၊ အဲဒါ ကျုပ် လုပ်နိုင်ပါတယ်"

"ဩော် မင်းက ဆရာလား"

"မဟုတ်ဘူး ဒေါ်ရှမ်းရဲ့၊ ဒါ ကျုပ်နဲ့သိပ်ခင်တဲ့ ထနော ကုန်းက တာတေပါ"

ကိုကျောက်နီက ဝင်ပြောတော့ ဒေါ်ရှမ်းက မျက်လုံးကြီး ပြူးပြီး ကျုပ်ကို တအံ့တဩ ကြည့်နေတယ်ဗျ။

"တာတေဆိုတာ မင်းကြီး မင်းနာမည်တော့ ငါ ကြား နေတာ ကြာပါပြီ၊ လူသာ ခုမှတွေ့ဖူးတာပါ၊ မောင်တာတေ ဆရာသမားတွေ တော်တော်များများနဲ့ ကြုံဖူး၊ ဆုံဖူးထားတာ ဖြစ်မှာပါ။ ကဲ သံခနောက်ကို ဘယ်တော့ သွားမှာတုံး"

"ဒေါ်ရှမ်း ဒီမှာ ဘာကိစ္စရှိသေးတုံး၊ ဒေါ်ရှမ်းကိစ္စရှိတာ လုပ်ပါ၊ ကျုပ်တို့ကတော့ တခြားဘာကိစ္စမှ မရှိဘူး၊ ဒေါ်ရှမ်းတို့ လာခေါ်ရုံသက်သက်ပဲ"

"အေး ဒါဆိုရင်တော့ ခဏစောင့်ကြဦး၊ ဒေါ်ရှမ်းရွာ နောက်ပိုင်းကို ခဏသွားစရာရှိသေးတယ်၊ မကြာဘူး၊ ပြန်လာခဲ့ မယ်"

ညနေလေးနာရီလောက်မှာ ဒေါ်ရှမ်းကိုခေါ်ပြီး သံခနောက်





ကို ပြန်ခဲ့ကြတယ်။ သံခနောက်ကိုရောက်တော့ ညနေ ငါးနာရီ လောက် ရှိပြီပေါ့ဗျာ။ ကိုကျောက်နီတို့အိမ်မှာ ကိုပေါ်လာကြီးက စောင့်နေတာဗျ။

"ဘယ်လိုလဲကွ ပေါ်လာ အဆင်ပြေရဲ့လား"

ကိုကြီးကျောက်နီက ကိုပေါ်လာကို မေးတယ်ဗျ။

"ပြေတာပေါ့ ကျောက်နီရ၊ ဟင်းတောင်ကျက်လို့ အရီးဖော့ ဟင်းအိုး သိမ်းထားတယ်၊ တစ်ယောက်ယောက် နှိုက်စားမိမှာစိုးလို့ တဲ့"

"ကဲ ကိုကျောက်နီရေ ညမိုးချုပ်တာနဲ့ ကျုပ်တို့ သချိုင်း ကို သွားကြမယ်၊ နေ့ဦးဗျူး ငှက်ပျောဖက် နှစ်ရွက်လောက် ခုတ်ထား ဗျာ"

"ငှက်ပျောဖက်လား၊ ရတယ်၊ ရတယ်၊ ငါ အခုသွားခုတ် လိုက်မယ်၊ ဘကြီးပျော့တို့ဝိုင်းထဲမှာ ငှက်ပျောပင် ရှိတယ်လေ၊ ကျောက်နီရာ"

ပြောပြောဆိုဆို ကိုပေါ်လာက ဆေးပေါ့လိပ်ကလေး နှုတ် ခမ်းချိတ်ပြီး ထွက်သွားတယ်ဗျ။ ခဏကြာတော့ ငှက်ပျောဖက် နှစ်ရွက် ပါလာတယ်။

"အရီးဖော့ ထမင်းရော ပို့ချက်ထားရဲ့လား မသိဘူး ကိုကျောက်နီ"

"ဟေ ချက်ထားပါတော်၊ တစ်အိုးကြီးပဲ မောင်တာတေရေ"

ကျုပ်ပြောတာကို အိမ်ပေါ်က အရီးဖော့က ကြားသွားပြီး လှမ်းအော်တယ်ဗျ။ ညရှစ်နာရီလောက်ရှိတော့ တစ်ရွာလုံး တိတ်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ။ ကျုပ်က ထမင်းထုပ်ကို သေသေချာချာ ထုပ်လိုက်တယ်
ဒီကိစ္စတွေက တာတေ့အဖို့ ရိုးနေပါပြီဗျာ။

ကိုကြီးကျောက်နီရယ်၊ ကိုပေါ်လာရယ်၊ ဒေါ်ရှမ်းရယ်
ကျုပ်ရယ်၊ သံခနောက်သချိုင်းကုန်းကို ထွက်ခဲ့ကြတယ်ဗျ။ မှော
ရိပ်ခိုပြီး ထွက်လာလိုက်တာ ဘယ်သူမှတောင် တွေ့ပုံမပေါ်ဘူး

သချိုင်းထဲကိုရောက်တော့ ကျုပ်က နေရာကောင်းကော
က အုတ်ဂူကြီးကြီးတစ်လုံး လိုက်ရှာတယ်ဗျ။ ဟော တွေ့ပြီဗျ
ဦးဘကြီး၊ အသက် ၉၉ နှစ်တဲ့။ ဟုတ်ပြီဗျို့။ ပါလာတဲ့ ထမင်းထု
ကို ဂူအမိုးပေါ်မှာ ဖြည်ချလိုက်တယ်။ အို မွှေးလိုက်တဲ့ဟင်းဗျ
ကိုကြီးကျောက်နီအမေက ဟင်းချက် လွှတ်ကောင်းတာကိုး။ မဖဲ
တော့ မသိဘူး၊ ကျုပ်တော့ ဗိုက်ထဲ တော်တော်ဆာသွားတယ်ဗျ

"ကဲ ဒေါ်ရှမ်း အဆင်သင့်လုပ်ဗျာ၊ ကျုပ် မဖဲဝါကို ခေ
တော့မယ်"

ကျုပ်က ကျုပ်တို့ရွာက ဘုန်းကြီးမယ်တော်ကြီး ဖုတ်ထု
တုန်းက ဆရာကျော် လုပ်တာကို မှတ်ထားတာဗျ။ ကျုပ်လည်း
ပြောလိုက်ရော ဒေါ်ရှမ်းက ဆံပင်တွေကိုဖြည်ပြီး ဖားလျားဖြ
ချလိုက်တယ်ဗျ။ ပြီးတော့ ဂူရှေ့က မြက်တောကလေးထဲမှာ အသ
ကလေး ကြုံ့ကြုံ့ထိုင်ချလိုက်တယ်၊ ပြီးတော့ လက်အုပ်ချီထားတ
ဗျ။ ကျုပ်ကလည်း ကောင်းကင်ကို ဟန်ပါပါနဲ့ မော့ကြည့်လိုက်
ဟိုတုန်းက ဆရာကျော် ပြောသလို ပြောရတာပေါ့ဗျာ။

"သချိုင်းတစ်ရာမဖဲဝါလို့ အမည်သတင်းကျော်ကြားပါ
သချိုင်းစောင့်ကြီးဗျာ. . . ကျုပ် တာတေက ဟောဒီ သံခနော





သချိုင်းကနေ အကြောင်းပြုပြီး ပင့်ဖိတ်ပါတယ်၊ မြန်မကြာ လှမ်း
ကြွခဲ့ပါ မဖဲဝါ။

ကျုပ်တာတေက အထက်ပုဂ္ဂိုလ်များ ဖြစ်ကြတဲ့ ဝိဇ္ဇာ
နှစ်သောင်း ဆရာအပေါင်းနဲ့ ပထမံဆရာသူမြတ်တို့ကို ဦးထိပ်မှာ
ထားလို့ အမိန့်ပြန်တမ်း ထုတ်လိုက်သည်။ အရှေ့နေထွက်၊ အနောက်
နေဝင်၊ တောင်တံငါကွန်း၊ မြောက်မှုဝံအတွင်း မဖဲဝါကို ဟန့်တား
ခြင်း နှောင့်ယှက်ခြင်း မကြားအောင် ကာကွယ်ထားခြင်း မပြုစေရ။
အကယ်၍ ပြုခဲ့သည်ရှိသော် အထက်ဆရာအပေါင်းရဲ့ သိဒ္ဓိ၊ မဟိဒ္ဓိ
တို့ကြောင့် ဟန့်တားထားသော ပညာစက်များအားလုံး ပြတ်တောက်
သွားစေ၊ အထက်ဆရာကြီးများအမိန့်။

ကဲ မဖဲဝါဗျာ၊ ကျုပ်တို့ သံခနောက်ရွာသားများက မဖဲဝါ
ကို စားပွဲ သောက်ပွဲများနဲ့ ပင့်ဖိတ်ပါတယ်၊ မြန်မကြာ ကြွပါဗျာ"

"ဟီး ဟီး ဟီး ဟီး"

ဟာ ဒေါ်ရှမ်းကို ဝင်ပူးပြီဗျို့၊ ကိုကျောက်နီနဲ့ ကိုပေါ်လာ
တ နောက်ကိုတောင် ဆုတ်သွားကြတာဗျို့။

"အခု ရောက်ရှိလာတာ ဘယ်သူပါလဲဗျာ"

"ငါဟေ့၊ ငါ ငါ မဖဲဝါ၊ သချိုင်းတစ်ရာ မဖဲဝါဟေ့"

"ဪ ဒါဆိုရင် ဟိုမှာ အဆင်သင့်ပြင်ထားတဲ့ စားပွဲကို
မြိန်မြိန်ကြီး သုံးဆောင်ပါ မဖဲဝါ"

ကျုပ်က ထမင်းတွေ ပြင်ထားတဲ့ အုတ်ဂူကြီးကို ထိုးပြလိုက်
တယ်။

ဟာ ဒေါ်ရှမ်းကြီးက ထဘီကြီးကိုဖြန့်ပြီး ရင်ခေါင်းပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပြင်စည်းလိုက်တယ်ဗျ။ ပြီးတော့ လက်ကြီးတွေ ကွေးကွေးကောက် ကောက်လုပ်ပြီး ဟာ ခုန်တက်သွားတာဗျို့။ လေထဲမှာ မြောက် တက်သွားပြီး ဂူပေါ်ကို အသာကလေး ရောက်သွားတာဗျ။ သိပ် သေချာတာပေါ့ဗျာ။ ဒါဟာ မဖဲဝါအစစ်ပဲဗျ။ ဂူပေါ်မှာ ဆောင့် ကြောင့်ကြီးထိုင်ပြီး ကျုပ်ကို မျက်လုံးပြူးပြူးကြီးနဲ့ စိုက်ကြည့်တယ်ဗျ။ ပြီးတော့ ကိုကျော်နီနဲ့ ကိုပေါ်လာကို ကြည့်တယ်ဗျ။ ကိုကျော်နီ တို့နှစ်ယောက်က နောက်ကိုခြေတစ်လှမ်း ထပ်ဆုတ်သွားကြတယ်ဗျ။

"ဟီး ဟီး ဟီး ဟီး"

စားပြီဗျို့။ အားရပါးရကို စားတာဗျ။ ဟင်းတုံးကြီးကို ကောက်ကိုက်လိုက်၊ ပြီးတော့ ထမင်းတွေ လက်ကြီးနဲ့ ကြုံးပြီးစား လိုက်နဲ့ သိပ်မကြာဘူးဗျ။ ထမင်းတစ်ပုံကြီးက ကုန်ကာနီးလာတာ။

"မဖဲဝါ ကျုပ် မဖဲဝါကို အကူအညီလိုလို့ ဖိတ်ခေါ်ရတာပါ ဗျ။ ကျုပ်ကို ကူညီပါ"

မဖဲဝါက စားရင်းနဲ့ ခေါင်းညိတ်တယ်ဗျ။ ဒီတော့ ကျုပ်က ဆက်ပြောတာပေါ့။

"ဒီသံခနောက်ရွာမှာ ဆရာမှူးဆိုတဲ့ အောက်လမ်းဆရာ တစ်ယောက် ရောက်နေတယ် မဖဲဝါ။ သရဲမတစ်ယောက်နဲ့ပေါင်း ပြီး လူတွေကို သရဲမက နေမကောင်းအောင်လုပ်လိုက်၊ အဲဒီ အောက်လမ်းဆရာက ဆေးကုလိုက်၊ အမဲသားဟင်းချက်ပြီး သရဲမ ကို ကျွေးလိုက်နဲ့ တစ်ရွာလုံး နလံမထူနိုင်အောင် ဖြစ်ကုန်ကြပြီဗျ။ ဒါကြောင့် အဲဒီအောက်လမ်းဆရာနဲ့ သရဲမကို နှိမ်နင်းပေးဖို့ ခုလို ဖိတ်ခေါ်ရတာပါဗျာ"





မဖဲဝါက ရွာဘက်ကို ခေါင်းကြီးမော့ပြီး တစ်ချက်လှမ်း ကြည့်တယ်ဗျ။ ပြီးမှ ခေါင်းညိတ်ပြီး. . .

"အောက်လမ်းကောင်ရဲ့ မိန်းမ။ အောက်လမ်းမ သေတာ သရဲဖြစ်ပြီး သူ့လင်နဲ့ ပေါင်းလုပ်နေတာ အဲဒါ ဒီကောင့်မိန်းမ ဒေါ်မည်က မရှင်။ အရမ်းအစွမ်းထက်တယ်။ ဒီကောင်မက ရိုးရိုး သရဲ မဟုတ်။ အောက်လမ်းသရဲမ။ မှန်ထဲမှာ အမြဲပုန်းနေနိုင်တယ်။ တစူးဝါးနဲ့ရိုက်၊ မှန်ကို ရိုက်ခွဲလိုက်။ ဒီကောင်မကို အဆုံးစီရင်လိုက် တော့။ အောက်လမ်းကောင်ကို သချိုင်းထဲ လွှတ်လိုက်၊ ငါ စီရင် မယ်"

"ဟို ဟိုဗျ မဖဲဝါ အဲဒီသရဲမက အခု ဘယ်မှာရှိတုံးဗျ"

ကျုပ်က ပျာပျာသလဲ မေးလိုက်ရတယ်ဗျို့။

"တောင်ပိုင်းက အောင်ဝိုင်းအိမ်။ သူ့မိန်းမကို ကိုင်တော့ မလို့။ မှန်ထဲမှာ အရိပ်မထွက်တဲ့မှန်ကို ရှာခွဲလိုက်"

ထမင်းတွေရော ဟင်းတွေရော ကုန်သွားပြီဗျို့။ ကျုပ် အဆင်သင့်ချထားတဲ့ ရေဖလားကြီးကို မော့သောက်ပြီး လက် တောင်ဆေးလိုက်သေးသဗျ။

"အောက်လမ်းကို ငါ့ဆီလွှတ်လိုက်"

အသံကျယ်ကြီးနဲ့အော်ပြီး ဒေါ်ရှမ်းကြီးလက်တွေ ကွေး ကောက်တွန့်လိမ်းပြီး ဂူပေါ်ကို လဲကျသွားရောဗျို့။

"ဟာ ဒေါ်ရှမ်း ဒေါ်ရှမ်း"

ကျုပ်က အပြေးအလွှားသွားပြီး ဒေါ်ရှမ်းကို ပွေ့ထားလိုက် တယ်။ ကိုကြီးကျော်နီနဲ့ ကိုပေါ်လာလည်း ရောက်လာတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရှမ်းကို ခြေမတွေဘာတွေ ချိုးပေးကြတယ်ဗျ။

"ဝါး"

ဒေါ်ရှမ်းက ဝါးခနဲ တစ်ချက်သမ်းလိုက်ပြီး ခေါင်းထောင် ထတယ်။

"ဘယ်လိုလဲ မဖဲဝါလာလား"

"အိုး လာလား မလာလားတော့ မေးမနေနဲ့၊ အခု ဒေါ်ရှမ်း ဘယ်ပေါ်ရောက်နေတာလဲဆိုတာသာကြည့်"

ကိုကျော်နီကပြောတော့ ဒေါ်ရှမ်းက ငုံ့ကြည့်တယ်ဗျ။ ဒီတော့မှ သူဂူပေါ်ရောက်နေတာကို သိသွားပြီး. . .

"ဟောတော့ ငါ ဘယ်လိုလုပ် ဒီဂူကြီးပေါ် ရောက်နေတာ တုံး ကျော်နီရဲ့"

"မဖဲဝါက ခင်ဗျားကိုယ်ထဲ ဝင်ပူးပြီး ဒီပေါ်ကို လွှားခနဲ ခုန်တက်တာလေဗျာ"

ဒေါ်ရှမ်းဆိုတာ အံ့ဩတာကြီး ဖြစ်နေတာပဲ။ ကျုပ်တို့ သုံးယောက် သူ့ကို ဂူပေါ်က တွဲချပေးလိုက်ကြတယ်။

"ဒေါ်ရှမ်း ဘာဖြစ်သွားသေးတုံး"

ကျုပ်က မေးတော့. . .

"ဟေအေး ငါ ဘာမှမဖြစ်ဘူး၊ နင်က တော်တော်ကို စွမ်း တာပဲ တာတေရဲ့၊ ငါတော့ အံ့ဩရောဟယ်"

"ကဲ ဒေါ်ရှမ်း ကျုပ်တို့ရွာပြန်ပြီး လုပ်ရကိုင်ရမှာတွေ ရှိသေးတယ်ဗျ၊ ပြန်ကြစို့။ ဪ ဒါထက် မဖဲဝါပြောတဲ့ တစူးဝါး ဆိုတာ ဘယ်မှာရှာလို့ ရမလဲဗျ"





"မပူပါနဲ့ တာတေရ၊ ငါ့ဆီမှာ ရှိပါတယ်ကွ၊ တစူးဝါး အသုံး ဝင်မှန်းသိလို့ ငါ သိမ်းထားတာပါ"

"ဟာ ဒါဆို နေရာကျတာပေါ့ဗျာ၊ ကဲ ရွာပြန်ကြစို့"

ကျုပ်တို့လေးယောက် ရွာထဲကို တိတ်တိတ်ဝင်လာခဲ့တယ် ဗျ။ ကိုကျော်နီတို့အိမ်ကိုရောက်တော့ ကိုကျော်နီက အရီးဖော့ ကို အကျိုးအကြောင်းပြောပြီး ဒေါ်ရှမ်းကို ထားခဲ့တယ်။ ပြီးတော့ င်းထောင့်မှာ သူသိမ်းထားတဲ့ တစူးဝါးကို သွားယူပြီး ကျုပ်ကို ပေးတယ်။ တစူးဝါးက ဝါးကျစ်ဗျ။ ကျုပ်အရပ်နဲ့ အညီပဲ။ ကျုပ်က တစူးဝါးကို ဆကြည့်တယ်။

"အမေတို့ ဝိုင်းတံခါးရော အိမ်တံခါးရော ပိတ်ထားကြ၊ ဘာသံကြားကြား တံခါးဖွင့်မကြည့်နဲ့ဗျို့"

ကိုကျော်နီက သူ့အမေကို မှာတယ်ဗျ။ ပြီးတော့မှ. . .

"ကဲ ပေါ်လာ မင်းက တို့အကောင်တွေကို ကပျာကယာ ခေါ်ပြီး ဦးအောင်ဝိုင်းတို့အိမ် လိုက်ခဲ့ပေတော့၊ မကြာနဲ့နော်"

"စိတ်ချ၊ စိတ်ချ၊ ကျုပ် ဒီကောင်တွေကို ချစ်ငွေတို့အိမ်မှာ ခိုင်းထားတယ်။ ဝင်ခေါ်လိုက်ရုံပဲ ကိုကျော်နီရ"

ကျုပ်တို့ တောင်ပိုင်းက ဦးအောင်ဝိုင်းတို့ ဝိုင်းထဲကို ဝင် လာခဲ့တယ်။ ကျုပ်တို့နောက်မှာ ကိုပေါ်လာနဲ့ ရွာထဲက လူငယ် ချို့ ပါလာကြတယ်ဗျ။

"ဦးအောင်ဝိုင်း ဦးအောင်ဝိုင်း"

"ဟေ ဘယ်သူတွေတုံးဟ၊ မိုးကြီးချုပ်မှ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ပါဗျ၊ ကျောက်နီနဲ့ ပေါ်လာပါ၊ ရှာကိစ္စလေးရှိလို့ လာတာပါ"

"ဩော် ကျောက်နီလား၊ အေး အေး လာပြီဟေ့"

လက်နှိပ်ဓာတ်မီးရောင် ဝင်းခနဲ ဖြစ်သွားပြီး တံခါးဖွင့်သံ ကြားရတယ်။ ပြီးတော့ အရပ်ပုပြတ်ပြတ်နဲ့ လူတစ်ယောက် ဝိုင်းထဲ ဆင်းလာတယ်ဗျ။

"ဦးအောင်ဝိုင်း ကိစ္စရှိလို့ဗျ"

ဆိုပြီး ကိုကြီးကျောက်နီက ဝိုင်းထဲဝင်သွားတယ်။ ပြီးတော့ ဦးအောင်ဝိုင်းကို တိုးတိုး တိုးတိုးနဲ့ ပြောပြနေတယ်။ ထဲအောင့် ကြာလောက်ကြာတော့မှ ဦးအောင်ဝိုင်းနဲ့ ကိုကြီးကျောက်နီ ဝိုင်းပေါက်ဝ ရောက်လာပြီး ကျုပ်တို့ကို လာခေါ်တယ်။

ကျုပ်က တစ္ဆေးဝါးကိုင်ပြီး ရှေ့ဆုံးက ဝင်ခဲ့တယ်။ လူငယ် နှစ်ယောက် ကျုပ်တို့နဲ့ အိမ်ပေါ်တက်တယ်။ ကျန်တဲ့လူတွေနဲ့ ကိုပေါ်လာက ဝိုင်းထဲက စောင့်နေခဲ့၊ လူငယ်တွေလက်ထဲမှာ တုတ်ကိုယ်စီနဲ့ဗျ။ တွေ့လိုက တော့ အလယ်မဲ့လူတွေချည်းပဲဗျ။

"ဦးအောင်ဝိုင်းတို့အိမ်မှာ မှန်ဘယ်နှချပ် ရှိတုံးဗျ"

ကျုပ်က မေးလိုက်တော့ ဦးအောင်ဝိုင်းက စဉ်းစားပြီး ဖြေတယ်ဗျ။

"ကိုယ်လုံးပေါ်မှန် နှစ်ချပ်ရှိတယ်၊ တစ်ချပ်က အိမ်လယ် တိုင်မှာ၊ တစ်ချပ်က အခန်းထဲမှာကွ၊ သေးသေးလေးတွေတော့ ဘယ်နှချပ်ရှိတုံး မသိဘူးကွ"

"ဟာ သေးသေးလေးတွေထဲတော့ ဝင်မယ်မထင်ဘူးဗျ၊





အဲဒီအကြီးကြီးတွေသာ ပြဗျာ"

"ဟုတ်မယ် ကျောက်နီရေ၊ ငါ့မိန်းမ ညနေက ဝိုက်ထဲ အောင့်သလိုဖြစ်နေတယ်လို့ ပြောတယ်ကွ၊ ကဲ ငါ အိမ်ပေါ်တက်ပြီး အိမ်ပေါ်ကလူတွေ အောက်ကို ဆင်းခိုင်းလိုက်ဦးမယ်၊ ဒါမှ မင်းတို့ လွတ်လွတ်လပ်လပ် လုပ်လို့ရမှာပေါ့"

ပြောပြောဆိုဆိုပဲ ဦးအောင်ဝိုင်းတ အိမ်ပေါ်တက်သွား တယ်။ ခဏနေတော့ သူ့မိန်းမနဲ့ ကလေးတွေနိုးပြီး အောက်ကိုခေါ် လာတယ်ဗျ။

ကျုပ်တို့လည်း အိမ်ပေါ်တက်ခဲ့ရောဗျို့။ ပထမဆုံး အိမ် လယ်တိုင်မှာ ကပ်ထားတဲ့ ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ ကျုပ် ရပ်ပြီး ကြည့်လိုက်တယ်။ တစ္ဆေးဝါးကြီးကိုင်ပြီး ခါးတောင်းမြှောင်အောင် ကြိုက်ထားတဲ့ ကျုပ်ပုံက မှန်ထဲမှာ ပေါ်နေတယ်။ ကျုပ်က ကိုကျောက်နီကိုကြည့်ပြီး ခေါင်းခါပြတယ်။ အားလုံးက ကျုပ်အခြေ အနေကို ကြည့်နေကြတာဗျ။

ဦးအောင်ဝင်းက အရိပ်အကဲကို သဘောပေါက်လို့ အခန်း ကို လက်ညှိုးထိုးပြတယ်။ ကျုပ်တို့အခန်းထဲကို ဝင်လိုက်တယ်။ အခန်းထဲမှာ ရေနံဆီမှန်အိမ်တစ်လုံး ထွန်းထားတယ်ဗျ။ ကျုပ်က မှန်ရှေ့မှာရပ်ပြီး မှန်ကိုကြည့်လိုက်တယ်။ ဟာ မပေါ်ဘူးဗျို့၊ ကျုပ် အရိပ် မှန်ထဲမှာ လုံးဝကိုမပေါ်တာ၊ ကျုပ်ဖြင့် အံ့ဩလိုက်တာဗျာ၊ ကျုပ်က ကိုကျောက်နီကိုကြည့်ပြီး ခေါင်းညိတ်ပြလိုက်တယ်။ အားလုံး ရဲ့ခနဲဆို ဘေးဖယ်ပေးလိုက်ကြတယ်။

ကျုပ်လည်း နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ အောက်လမ်းမသရဲ နင့်ရဲ့ နိဂုံးချုပ်အချိန် ရောက်ပြီဟေ့၊ ကဲ ခွမ်း ခွမ်း ခွမ်း"

"အား အောင်မယ်လေး"

"ခွမ်း ဒုန်း ဒုန်း ချွမ်း"

ကျုပ်က ကြုံးဝါးလိုက်ပြီ၊ ကျုပ်လက်ထဲက တစူးဝါးနဲ့ မှန်ကြီးကို ရိုက်ခွဲပစ်လိုက်တယ်။ မှန်ထဲမှာ ပုန်းနေတဲ့ သရဲမရဲ့ ငယ်သံပါအောင် အော်လိုက်တဲ့ အသံဟာ သံချနောက်တစ်ရွာလုံးကို လွှမ်းသွားတာဗျို့။ ကျုပ်လည်း မနားတမ်း ရိုက်ပစ်လိုက်တာ၊ မှန်နောက်က သစ်သားပြားပါ၊ ရိုက်ချိုးပစ်လိုက်တော့တာဗျ။

"ခွမ်း ခွမ်း ခွမ်း"

ကြမ်းပြင်ပေါ်ကို ကျသွားတဲ့ မှန်ကွဲတွေကိုပါ တစူးဝါးနဲ့ ထပ်ပြီးရိုက်ခွဲပစ်လိုက်တယ်။

"ဝူး ဝူး ဝူး ဝူး"

ဟာ တစ်ရွာလုံးမှာရှိတဲ့ခွေးတွေ တစ်ပြိုင်တည်းကို အူကုန်တာဗျို့။

ကျုပ်က ခေါင်းညိတ်ပြပြီး အောက်ကို ဆင်းလာခဲ့တယ်။

"ဟေ့ ဘယ်ကောင် ငါ့မိန်းမတို့ သတ်လိုက်တာလဲကွ"

ကျုပ်တို့အောက်ရောက်တော့ ဝိုင်းထဲကို ဆရာမှုံ ဆိုတဲ့ အောက်လမ်းဆရာ ဝင်လာတယ်ဗျ။ လွယ်အိတ်ကြီးတစ်လုံးလည်း စလွယ်သိုင်း လွယ်ထားတယ်ဗျို့။

"ကျုပ်နာမည် တာတေတဲ့၊ ခင်ဗျား မှတ်ထား၊ ကျုပ် သတ်တာ၊ မဖဲဝါ ခိုင်းတဲ့အတိုင်း သတ်တာပဲ၊ ခင်ဗျား မကျေနပ်ရင်





သံချနောက်သချိုင်းကို လာခဲ့ပါလို့ မဖဲဝါက မှာလိုက်တယ်။ အဲဒီမှာ ခင်ဗျားကို မဖဲဝါ စောင့်နေလေရဲ့"

ကျုပ်က ဆရာမှုံကို နည်းနည်းတွန်းပေးလိုက်တာပေါ့ဗျာ။

"ဩော် ဒီလိုလား၊ ငမှုံဆိုတဲ့ကောင်က စိန်ခေါ်ရင် ဘယ်တော့မှ လက်နှေးတဲ့ကောင် မဟုတ်ဘူးဟေ့၊ မဖဲဝါ မကလို့ သူ့အစ်ကိုကွင်းပိုင် ခေါ်လာတာတောင် မမှုဘူးကွ၊ ငါ အခုသွားမယ်၊ အဲဒီကောင်မကို လောကထဲက ဒီည ဖျောက်ပစ်လိုက်မယ်။ ပြီးရင် မင်းကို သွက်သွက်လည် ရူးသွားအောင် ငါလုပ်ပစ်ခဲ့မယ် တာတေ"

"ဟာ ကျုပ်ကလည်း အချိန်မရွေးပါပဲ၊ အောက်လမ်းကြီးရာ"

ဆရာမှုံ ဝိုင်းထဲက လှည့်ထွက်ပြီး ရွာပြင်ကို သွားတယ်ဗျ။ ကျုပ်တို့လည်း ဆရာမှုံနောက်က မလှမ်းမကမ်းက လိုက်ခဲ့ကြတာပေါ့ဗျာ။ ဆရာမှုံ ဆိုတဲ့လူက သတ္တိတော့ကောင်းသားဗျ၊ သချိုင်းထဲကို တန်းဝင်သွားတာဗျို့။

"ဟဲ့ မသာမ မဖဲဝါ၊ အခု ထွက်ခဲ့စမ်း၊ နင်က ငါ့ကို စိန်ခေါ်တယ်ဟုတ်လား၊ သချိုင်းထဲကကောင်မ"

ဟာ လာပြီဗျို့။ မဖဲဝါ လာပြီ။ ဂူပေါ်မှာ မားမားကြီး ပေါ်လာတာဗျို့။ အရပ်ကတော့ ဆယ်ပေအနည်းလေးပဲ။ ဆံပင်ဖားလျားကြီးနဲ့ဗျ။ မျက်လုံးနီနီကြီးတွေက ပန်းကန်လုံးလောက်ကြီးတွေဗျ။ ဆရာမှုံကို မျက်လုံးပြူးကြီးတွေနဲ့ စိုက်ကြည့်နေတာဗျို့။ ဆရာမှုံကလည်း သူ့ဆေးလွယ်အိတ်ထဲက တစ်ခုခုကို ဆွဲထုတ်လိုက်တယ်ဗျို့။



www.burmeseclassic.com

www.burmeseclassic.com



"နင် ခံနိုင်ရင် ခံပေတော့၊ ကောင်မစုတ်၊ ဟောဒါ ငါ့ရဲ့ ညာလက်ရုံး တောကြီးတဲ့ဟေ့၊ ကိုးသင်္ချိုင်းရွှံ့လုပ်ထားတဲ့ တိုက်နွား အစစ်ပဲ"

ပြောပြောဆိုဆို နွားရုပ်ကလေးကို မြေကြီးပေါ် ချလိုက်ပြီး ခြေဖနှောင့်ကို ဆောင့်လိုက်တယ်။ ပြီးတော့. . .

"တောက်"

ဆိုပြီး တောက်ခေါက်လိုက်တယ်ဗျို့။ ကျုပ်တို့ ဝိုင်းကြည့်နေတုန်းမှာပဲ. . .

"ဝှတ် ထရိန်း၊ ဝှတ်ထရိန်း"

ဆိုတဲ့ အသံကြီးပေါ် လာပြီး နွားနက်ကြီးတစ်ကောင် ဖြစ်သွားရောဗျို့။ ဟော ဟော နွားနက်ကြီးက ဂျိုတွေ သွေးနေလိုက်တာဗျာ။ ဟော ခွာကလည်း ယက်သေးသဗျ။ နှံ့ခဲတွေဆိုတာ ဖွားခနဲ ဖွားခနဲ လွင့်ထွက်တုန်ဘားဗျို့။

ဟာ ပြေးဝှေ့ပြီဗျို့၊ တောကြီးက မဖဲဝါကို ကြုံးဝှေ့လိုက်တာဗျို့။ မဖဲဝါက လေထဲမှာ အသာကလေး မြောက်တက်ပြီး ရှောင်လိုက်တယ်။ ဟော တောကြီးက ခြေဝှေ့ပြန်ပြီဗျို့။ မဖဲဝါက ရှောင်လိုက်ပြန်ပြီ။ သင်္ချိုင်းတစ်ခုလုံး တောကြီးရဲ့ ခွာယက်သံ တဖြောင်းဖြောင်းက ဆူနေတာပဲဗျ။ ပြီးတော့ တဖြောင်းဖြောင်း ပြေးလိုက်တဲ့ ခွာသံတွေ၊ တောကြီး ပြေးဝှေ့တိုင်း မဖဲဝါကတော့ အသာကလေး ရှောင်ပေးလိုက်တာပါပဲ။

"ငါ့သားကြီး၊ ဒီကောင်မကို အသေသာဝှေ့စမ်း၊ ဒီသရဲမကို အရှင်မထားနဲ့ကွ"





ဆရာမှုံက သူ့ရဲ့ တိုက်နွားကြီးကို အားပေးပြီး ခိုင်းတယ်ဗျ။ နွားနက်ကြီးကလည်း ဝှေ့ပါ့ဗျာ။

ဟော မဖဲဝါက ဂူအောက်ကိုဆင်းပြီး ရပ်နေတယ်ဗျ။ ဟာ တောကြီး ဂျိုသွေးနေပြီဗျို့။ ခွာကိုလည်း တဖြောင်းဖြောင်းမြည်အောင် ယက်တော့တာပဲဗျ။ ဟော တောကြီး ပြေးပြီးဝှေ့ပြီဗျို့။ ဝှေ့ပြီ။ ဟာ မဖဲဝါက အပေါ်ကိုမြောက်ပြီး တက်သွားတယ်။

"ဖြောင်း ဒုန်း ခွမ်း"

ဟာ အုတ်ဂူကြီး ဝင်ကြုံးတာဗျို့။ ဖြောင်းခနဲပဲ။ ပြီးတော့ သူ့ခေါင်းကြီးနဲ့ ဂူကို ဆောင့်မိတာဗျ။ ဒုန်းခနဲမြည်သွားတာ။ ခွမ်းဆိုတာက အုတ်ဂူကြီး ပြိုကျသွားတာ။

"အုန်း"

ဟာ ရိုက်လိုက်ပြီ။ မဖဲဝါ ရိုက်လိုက်ပြီဗျ။ ဟာ တိုက်နွားကြီး ဖင်ထိုင်ရက်ကျသွားပြီဗျို့။ ဟာ နွားကြီး မဟုတ်တော့ဘူးဗျ။ ရွှံ့ခဲကြီး ဖြစ်သွားပြီ။

"ဟင် သားကြီး တော၊ ဖြစ်ရလေ သားရယ်"

ဆရာမှုံ သတိလက်လွှတ်ဖြစ်ပြီး တောကြီးကနေ ပြောင်းသွားတဲ့ ရွှံ့တုံးကြီးကို ပြေးဖက်ပြီး ငိုတော့တာပဲဗျို့။ မဖဲဝါက မျက်လုံးနီနီကြီးတွေနဲ့ အောက်လမ်းဆရာ ဆရာမှုံကို စိုက်ကြည့်နေတယ်။ ဟော ဆရာမှုံဘက်ကို မဖဲဝါ ရွေ့သွားပြီဗျို့။ ဟာ လက်ကြီးမြောက်တက်သွားပြီ။ မြောက်တက်သွားပြီ။

"အုန်း အုန်း"

ဟာ ရိုက်လိုက်ပြီဗျို့။ နှစ်ချက်တောင်မှဗျ။ ဟာ ဆရာမှုံ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးကြီးနောက်ကို ကော့တက်သွားတယ်ဗျ။

"ဝေါ့"

ဟာ ပါးစပ်ထဲက အံလိုက်တဲ့သွေးတွေဗျာ မြင်လို့တောင် မကောင်းပါဘူး။ ဟော မဖဲဝါကြီး ပျောက်သွားပြီဗျို့။ ဘုရားပုံကို ခြေဖဝါးမှာ မှင်ကြောင်ထိုးထားတဲ့ အောက်လမ်းဆရာကြီးလည်း ခေါင်းကြီးအောက်စိုက်ပြီး ငြိမ်သွားလေရဲ့။ သံခနောက်က လူတွေ လည်း ဒုက္ခကြီးတစ်ခုကနေ လွတ်မြောက်သွားကြပြီပေါ့ဗျာ။

အယောင်ဆောင်တတ်တဲ့ အောက်လမ်းဆရာတွေကို တော့ သတိထားကြပေတော့ဗျား

တာတေ

◆◆◆

တစ်ခုတော့ ပြောရဦးမယ်ဗျား တစူးဝါးဆိုတာကို မသိမှာ စိုးလို့ပါ။ ကျုပ်တို့ရွာတွေမှာ လူသေကို မီးသင်္ဂြိုဟ်တဲ့အခါ အကြော တွေရုံးပြီး အလောင်းကောင်ကြီး တုန်းထလာတတ်တယ်။ အဲဒီအခါ ကျရင် ဝါးလုံးနဲ့ထိုး,ထိုးပြီး ချခုတယ်ဗျား အဲဒီဝါးလုံးကို တစူးဝါးလို့ ခေါ်တာပေါ့ဗျာ။ သရဲနိုင်တယ်ဆိုပြီး တချို့လူတွေက တိတ်တိတ် သိမ်းထားတတ်ကြတယ်။

တာတေ

အရှေ့ဘက်ကောင်းကင်



# ဘီရမ်းခြောက်တဲ့ တစ္ဆေ

အခုတလော ဘန့်ဘွေးကုန်းရွာသားတွေနဲ့ ငွေတွင်းကုန်း ရွာသားတွေ တော်တော်ကို ဒုက္ခရောက်နေကြတယ်ဗျ။ ဒီသတင်းက တော့ တော်တော်ကို ကျော်နေပြီဗျို့။ မြို့သွားတဲ့ လှည်းလမ်းမှာ တစ္ဆေခြောက်လို့တဲ့။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဘန့်ဘွေးကုန်းကနေ မြို့ကိုသွားရင် မြို့ရောက်ဖို့ တစ်မို
လောက်အလိုမှာ တောထဲကိုဝင်တဲ့ လမ်းကလေးတစ်လမ်းရှိတယ်
အုတ်ခင်းလမ်းကလေးဗျ။ တော်တော်တော့ ဟောင်းနေပါပြီ။ ဘယ
ခေတ်ကတည်းက ရှိခဲ့တယ်ဆိုတာတော့ ဘယ်သူမှ မသိဘူးဗျ။

အဲဒီလိုပဲ ငွေတွင်းကုန်းကနေ မြို့ကိုသွားတဲ့လမ်းမှာလည်း
မြို့မရောက်ခင် တစ်မိုင်လောက်အလိုမှာ တောထဲကို ဝင်သွားတ
အုတ်လမ်းကလေး ရှိတယ်။ ဒီလိုပဲ တော်တော်ကို ဟောင်းနေတ
လမ်းဗျ။ အဲဒီလမ်းနဲ့ ဒီဘက်က လမ်းက တောထဲမှာ သွားဆုံတယ်
ဆုံတဲ့နေရာမှာ တိုက်ပျက်ကြီးတစ်လုံး ရှိတယ်။ နှစ်ထပ်တိုက်ကြီးဗ
ဘယ်ခေတ်ကတည်းက ရှိတာလည်းတော့ မသိဘူး။

ရွာထဲမှာ ပြောကြတာကတော့ ဥစ္စာစောင့်တွေ ရှိသလိုလ
အောက်လမ်းတွေ၊ ကဝေတွေ လာပြီးစုတည်းချသလိုလိုပေါ့ဗျာ

အဲဒီနေရာမှာ ပြဿနာ ရှိပါတော့တာဗျ။

တိုက်ပျက်ကြီးထဲကို တစ္ဆေတစ်ကောင် ရောက်လာတယ်
အဲဒီတစ္ဆေက တစ်ခါတစ်ခါကျရင် ဘန့်ဘွေးကုန်းလမ်းဘက် ထွက
လာပြီး မြို့ကိုသွားတဲ့လူတွေ လှည်းတွေကို ခြောက်တယ်ဗျ။ တစ်ခ
တစ်ခါကျတော့လည်း ငွေတွင်းကုန်းလမ်းဘက်ထွက်ပြီး ငွေတွင်းကုန်
သားတွေကို ခြောက်တယ်ဗျ။ တဖြည်းဖြည်းနဲ့ ဘန့်ဘွေးကုန်းသာ
တွေရော ငွေတွင်းကုန်းသားတွေပါ မြို့ကိုသွားရမှာ တော်တော်
ကြောက်နေကြတယ်။ လမ်းကလည်း ဒီတစ်လမ်းပဲရှိတာဗျ။

ဒီတစ္ဆေခြောက်ပုံခြောက်နည်းတွေကလည်း တော်တော်
တော့ ဆန်းသားဗျို့။



ဘန့်ဘွေးကုန်းက ဦးကြွက်နီ မြို့ကို လှည်းနဲ့သွားတာ အဲဒီ
အုတ်လမ်းကလေးရောက်တော့ မနက်လေးနာရီလောက် ရှိပြီတဲ့ဗျ။
ဦးကြွက်နီတို့လင်မယားက ငါးရက်ဈေးသွားကြတာလေ။ သူ့မိန်းမ
ဒေါ်ပုလည်း ပါတာပေါ့။ အုတ်လမ်းကလေးထဲကနေ လူတစ်ယောက်
ထွက်လာတယ်တဲ့ဗျ။ ပြီးတော့ လှည်းလမ်းကြောင်းအတိုင်း သူတို့
လှည်းရှေ့က လျှောက်သွားသတဲ့။ လှည်းနဲ့တော့ သိပ်မနီးဘူးဆိုပဲ။

ဒါပေမဲ့ ဒီလူ လှည်းလမ်းကြောင်းပေါ် ရောက်ကတည်းက
နွားတွေက သိပ်မှမမှန်တော့ဘူးတဲ့ဗျ။ နွားတွေ တဖူးဖူးမှုတ်ပြီး
တစ်ချက် တစ်ချက် ရပ်နေကြတယ်တဲ့။

"ကိုကြွက်နီ တော့်နွားတွေ ဘာဖြစ်တာတုံး"

လို့ ဒေါ်ပုကမေးတော့ ဦးကြွက်နီက. . .

"မသိဘူးဟဲ့ မပုရဲ့၊ ရှေ့မသွားဘဲ ရပ်ရပ်နေတယ်ဟ"

"ဘာများဖြစ်လို့ပါလိမ့်၊ မြွေတွေဘာတွေများ တွေ့နေလို့
လားတော်"

"မပုနှယ် ကျုပ်က ဆယ်နှစ်သားကတည်းက နွားလှည်း
မောင်းလာတာပါ။ ဒါမြွေတွေ့တဲ့ပုံစံ မဟုတ်ဘူး"

"ဒါဆို ဘာတွေ့တာတုံး"

"ဟိုအုတ်လမ်းထဲက လူတစ်ယောက် ထွက်လာပြီး လှည်း
လမ်းကြောင်းအတိုင်း လျှောက်သွားပြီးကတည်းက အဲဒီလိုဖြစ်တာ
ဟဲ့"

"ဟင် ဒါဆို လူမှဟုတ်ရဲ့လားတော်"

"လူလိုတော့ ထင်တာပဲ၊ ရှေ့ခပ်လှမ်းလှမ်းက သွားနေတာ





www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ခပ်ဖြူဖြူကြီးပဲ မြင်ရတာဟ"

"ဒီလူကလည်းတော် လှည်းလမ်းကြောင်းကပဲ လျှောက်ရ တယ်လို့ ဟိုဘေးနားမှာ လူသွားလမ်းရှိတာ မသိဘူးလားတော်"

"ဩော် သူလျှောက်ချင်လို့ လျှောက်တာနေမှာပေါ့ဟဲ့"

ဒါနဲ့ပဲ ဦးကြွက်နီက နွားတွေကို နှင်တံနဲ့ တထိုးထိုးလုပ်ပြီး မောင်းနေရတော့တာတဲ့။ တော်တော်ကလေးကြာလာတော့ ဒေါ်ပုက လှည်းလမ်းဘေးတွေကို ဟိုကြည့် ဒီကြည့်လုပ်ပြီး. . .

"ကိုကြွက်နီ တော် ဘယ်ကိုမောင်းနေတာတုံး၊ ဒီနေရာတွေကို ကျုပ် တစ်ခါမှ မရောက်ဖူးပါဘူး"

ဒေါ်ပုက အဲဒီလိုပြောလိုက်တဲ့အချိန်မှာပဲ ရှေ့ခပ်လှမ်းလှမ်းက သွားနေတဲ့ ဖြူဖြူကြီးက ပျောက်သွားရောတဲ့ဗျို့။ ဒီတော့ ဦးကြွက်နီက ဘေးဘီကို သေသေချာချာကြည့်လိုက်ပြီးမှ. . .

"ဟာ သောက်ကျိုးနဲ့ဆော မပုရေ ဒါ နတ်ကြီးကပါးပဲဟ ဘယ်လိုဖြစ်တာတုံး၊ မြို့မရောက်ဘဲ နတ်ကြီးကပါး ရောက်လာပါလား၊ နတ်ကြီးကပါးဘက်ကို လှည်းလမ်းမှ မရှိတာ"

ဟုတ်တယ်ဗျ၊ သူတို့ ဘန့်ဘွေးကုန်းကနေသွားရင် မြို့သွားတဲ့ လှည်းလမ်းတစ်လမ်းပဲရှိတာ။ လှည်းပေါ်မှာ အိပ်ပျော်ပြီး ပါသွားရင်တောင် မြို့ကိုရောက်တာပဲ။ လမ်းက ဒီတစ်လမ်းပဲရှိတာ ဆိုတော့ နွားတွေက သူတို့ဟာသူတို့ ဆွဲသွားကြတာပဲဗျ။ နောက်ပြီးတော့ နတ်ကြီးကပါးဆိုတဲ့ တောင်ကမ်းပါးယံရှိတဲ့နေရာနဲ့က နည်းနည်းလှမ်းပါသေးတယ်။

"တော့ ကိုကြွက်နီ၊ ဒါမဟုတ်မှလွဲရော ရှေ့ကသွားနေတဲ့



ဖြူဖြူကောင် မသာတစ္ဆေ လုပ်တာပဲဖြစ်မယ်"

လို့ ဒေါ်ပုက စိတ်ဆိုးဆိုးနဲ့ ပြောလိုက်သတဲ့ဗျို့။ ဒေါ်ပုလည်း အဲဒီလိုပြောရော တောထဲကနေ. . .

"ဟား ဟား ဟား ဟား ဟား"

ဆိုတဲ့ အော်ရယ်လိုက်တဲ့ အသံကြီး ပေါ်လာသတဲ့။ ပြီးတော့ အဲဒီရယ်သံက တဖြည်းဖြည်း ဝေးဝေးသွားတယ်တဲ့ဗျ။ ဒီတော့မှ ဦးကြွက်နီလည်း လှည်းကို နောက်ကြောင်းပြန်မောင်းခဲ့ရတာတဲ့။ လှည်းလမ်းမရှိတော့ တော်တော်ကို ခဲရာခဲဆစ်ကို မောင်းရတာတဲ့ဗျို့။ မနက်ရှစ်နာရီလောက်မှ မြို့ကို ရောက်သွားတယ်ဆိုပဲ။

ဇာတ်လမ်းက အဲဒီက စတော့တာပါပဲဗျာ။ နောက်တစ်ခါကြုံတာက ဘန့်ဘွေးကုန်းက ကိုမိုးသီးနဲ့ ကိုပေါက်ဗျ။ ဒီလူနှစ်ယောက်က ကြက်သမားတွေလေ။ အမြဲတမ်း ကြက်ကောင်းရှာတယ်။ ရရင် အရိပ်တကြည့်ကြည့်နဲ့မွေးတယ်။ အရွယ်ကောင်းရောက်ပြီဆိုတော့ ဟိုရွာ ဒီရွာလှည့်ပြီး ကြက်တိုက်တော့တာပဲဗျ။

အဲဒီနေ့က မြို့တက်ပြီး တိုက်လာတာဗျ။ ကြက်နိုင်ပြီး သောက်စားလာတာပေါ့။ နှစ်ယောက်သား ကြက်ကလည်းနိုင်၊ ငွေစကြေးစလေးကလည်း ရှင်နေတော့ အပြန်လမ်းမှာ ပုလင်းလေးကလည်း ပါလာသေးသဗျ။ နှစ်ယောက်သား သီချင်းအော်ဆိုလိုက်၊ ပုလင်းလေးဖွင့်ပြီး မော့လိုက်နဲ့ အာဝဇ္ဇာန်းကို ရှင်နေတာဗျို့။ မိုးချုပ်လို့ ချုပ်မှန်းကို မသိကြတာ။

"ဟိုတောင်ဆီရယ်က ညိုတိုတိုရယ်၊ ညိုတိုတိုရယ်"

ကိုပေါက်က သံနေသံထားနဲ့ စိန်အောင်မင်းသီချင်း အော်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတယ်။ တောထဲကလည်း ကိုပေါက် ဆိုတဲ့အတိုင်းကို လိုက်ဆိုတာဗျို့”

“ဟာ ကြည့်စမ်း ငပေါက်၊ ဒါ မင်းကို လိုက်နောက်တာကွ၊ ဒီကောင့်ကို တွေ့အောင်ရှာပြီး တွယ်လိုက်ရအောင်”

“နေစမ်းပါဦး ကိုမိုးသီးရာ၊ ကျုပ်တို့အံသိမ့်လို့ နောက်တာ ရှိမှာပါ။ မသိတဲ့လူက နောက်မလားဗျ”

“ဟ ငမေါက် အချိန်ကိုလည်း ကြည့်ဦး၊ တော်တော်မိုးချုပ် နေပြီကွ၊ အသိဆိုရင် နှုတ်ဆက်မှာပေါ့ ကဲ မင်း ထပ်ဆိုကြည့်စမ်း ကွာ”

“ဟိုတောင်ဆီရယ်က ညိုတိုတိုရယ်၊ ညိုတိုတိုရယ်”

ကိုပေါက်က စိန်အောင်မင်းသီချင်းကို သံနေသံထားနဲ့ ထပ်ဆိုလိုက်သတဲ့။

“ဟိုတောင်ဆီရယ်က ညိုတိုတိုရယ်၊ ညိုတိုတိုရယ်”

ဟော တောထဲကအသံကလည်း သူ့လိုပဲ သံနေသံထားနဲ့ လိုက်ဆိုတာတဲ့ဗျို့။ ဒီမှာတင် ကိုမိုးသီးက အရက်ကလည်းထွေနေ တော့. . .

“ဟေ့ ဘယ်ခွေးသားလဲကွ ငါတို့ကို လိုက်နောက်တာ”

ကိုမိုးသီးအသံက မူးနေတဲ့အသံကြီးတဲ့ဗျ။

“ဟေ ဘယ်ခွေးသားလဲကွ ငါတို့ကို လိုက်နောက်တာ”

ဟိုကလည်း ကိုမိုးသီးလိုပဲ၊ မူးနေတဲ့ အသံကြီးနဲ့ လိုက် အော်တာပဲတဲ့ဗျ။

“ဟေ့ကောင် မင်း ပုန်းပြီးတော့ မနောက်နဲ့၊ သတ္တိရှိရင် ဒီကိုထွက်ခဲ့”





ဒီတစ်ခါတော့ အသံက ငြိမ်နေတယ်တဲ့ဗျ။ ဒီမှာတင် ကိုပေါက်က သိပ်ပြီးမသက်သာတော့ဘူးတဲ့ဗျို့။ ဒါနဲ့ ကိုပေါက်က. . .

“ကိုမိုးသီး လာပါဗျာ၊ သွားကြရအောင်”

လို့ ကိုမိုးသီးကိုခေါ်တယ်။

“နေစမ်းပါ ငပေါက်ရာ၊ ရော့ ဒီကြက်ကို မင်း ပွေ့ထား စမ်း၊ ဒီကောင့်ကို ငါရအောင် ခေါ်ထုတ်ပြီး ဆော်စမ်းမယ်”

သူပွေ့ထားတဲ့ တိုက်ကြက်ကြီးကို ကိုပေါက်ဆီ လှမ်းပေးပြီး ပုဆိုးကို တိုတိုပြင်ပတ်လိုက်တယ်တဲ့။

“ဟေ့ကောင် ကမြင်းမသား၊ မင်း သတ္တိရှိရင် အခုထွက် လာခဲ့စမ်း၊ မင်းနဲ့ ငါနဲ့ တစ်ယောက်ချင်းချမယ်၊ မင်းကများ လူကို နောက်လား ပြောင်လားနဲ့ ဘာတောင်လဲ၊ အခုထွက်ခဲ့စမ်းကွာ”

ကိုမိုးသီး အဲဒီလိုပြောလိုက်တော့ အနီးအနားက သစ်ပင် တွေဟာ. . .

“ဝီ ဝီ ဝီ”

ဆိုပြီး ယိမ်းခါသွားတယ်တဲ့ဗျ။ လေအေးတစ်ချက် တိုက် လိုက်တာ အေးစိမ့်သွားတာဆိုပဲ။

“ဘုတ်”

သူတို့နဲ့ မလှမ်းမကမ်းမှာ တစ်ခုခုပြုတ်ကျလာသံ ကြား လိုက်တော့ နှစ်ယောက်သား နောက်ကို လှည့်ကြည့်လိုက်တယ်တဲ့ဗျ။

“ဟ ဘာကောင်လေးလဲကွ၊ တစ်တောင်လောက်ပဲရှိတယ်”

လို့ ကိုမိုးသီးက ပြောပြီး ကြည့်လိုက်တော့. . .

“ဟိုတောင်ဆီရယ်က ညိုတိုတိုရယ်၊ ညိုတိုတိုရယ်”



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး သီချင်းအော်ဆိုတာတဲ့ဗျို့။

"ဩော် လက်စသတ်တော့ မင်းကိုး"

လို့ပြောပြီး ကိုမိုးသီးက ဒေါသတကြီး ရှေ့ကိုတိုးသွားတော့ ကိုပေါက်က အတင်းကို ဆွဲထားရတာတဲ့ဗျ။

သူတို့နှစ်ယောက် ဆွဲကြ လွဲကြ လုပ်နေတုန်းမှာ တစ်တောင်လောက်ရှိတဲ့ လူသေးသေးလေးက တဖြည်းဖြည်း ကြီးကြီးလာတာတဲ့ဗျို့။ ခေါင်းကလည်း အကြီးကြီးတဲ့။ ပါးစပ်ကလည်း ပြဲပြဲကြီးဆိုပဲ။ ကိုမိုးသီးနဲ့ ကိုပေါက်လည်း ကြက်သေ,သေပြီး ကြည့်နေရာက ကိုမိုးသီးက အရင်သတိပြန်ဝင်လာတာတဲ့ဗျ။

"ဟော့ကောင် ငပေါက် ပြေး ပြေး"

ဆိုပြီး သူကိုယ်တိုင်လည်း နောက်လှည့်ပြီးပြေးတော့တာတဲ့ဗျို့။ လက်ထဲက အရက်ပုလင်းတိုလည်း လွှတ်ချထားခဲ့ရောတဲ့။

သူတို့နှစ်ယောက် နည်းနည်းပြေးပြီးတော့ ကိုပေါက်က နောက်ကို စိတ်မချလို့ လှည့်ကြည့်လိုက်သတဲ့။ အောင်မယ် တစ္ဆေက သူတို့ပစ်ချထားတဲ့ အရက်ပုလင်းတို အကျအန မော့နေတာတဲ့ဗျို့။ အရွယ်ကလည်း လူပုံမှန်အရွယ်ပဲတဲ့။ အဝေးက ကြည့်ရလို့လားတော့ မသိဘူး၊ ခပ်ဖြူဖြူကြီးတဲ့ဗျ။ အရက်ပုလင်းကို အားရပါးရကို မော့နေတာတဲ့။

ကိုမိုးသီးနဲ့ ကိုပေါက်လည်း ကြက်ကြီးပွေ့ပြီး မနားတမ်းပြေးကြတာ ဘန့်ဘွေးကုန်းကိုရောက်တော့ အမောဆို့မတတ်ပဲတဲ့ဗျ။ အိမ်ရောက်တာနဲ့ ကြက်ကြီးကို ဘုန်းခနဲပစ်ချလိုက်ပြီး အိပ်ပျော်သွားကြတာ နောက်တစ်နေ့ ညနေကျမှ နိုးလာတယ်ဆိုပဲ။





အုတ်လမ်းက တစ္ဆေရဲ့သတင်းက ပိုပြီးနာမည်ကြီးလာတော့တာပေါ့ဗျာ။ အနီးအနားကရွာတွေအထိ ပျံ့သွားတယ်။

ဟိုတစ်ရက်ကတော့ ဘန့်ဘွေးကုန်းဘုန်းကြီးကျောင်းက ကိုရင်လေးနှစ်ပါးနဲ့ ကျောင်းသားလေးတစ်ယောက် မြို့က ပြန်လာကြတယ်။ ကိုရင်လေးတွေက မြို့ကစာသင်တိုက်မှာ စာဝါသွားပြီးလိုက်ကြ။ စာမေးပွဲပြီးလို့ ရွာကို ပြန်လာကြတာ။ ကျောင်းသားက ကိုရင်လေးနှစ်ပါးကို သွားခေါ်တာလေ။

တစ္ဆေခြောက်တဲ့ အုတ်လမ်းရောက်တော့ ကိုရင်တစ်ပါးက ပြောသတဲ့။

"ဒီနေရာ တစ္ဆေခြောက်တယ်လို့ကြားတယ်၊ ကိုရင်ရော ကြားသေးလား"

လို့ ကျန်တဲ့ ကိုရင်ကို မေးတယ်။

"ကိုရင် ကြားတော့ ကြားတယ်၊ ဒါပေမဲ့ တစ္ဆေခြောက်ရင် မေတ္တာသုတ် ရွတ်မှာပေါ့"

လို့ ဟိုကိုရင်က ပြန်ပြောတယ်။ ဒီတော့ ကျောင်းသားက ဝင်ပြောတယ်။

"တစ္ဆေခြောက်ရင် ကိုရင်တို့က မေတ္တာသုတ် ရွတ်ကြပေါ့၊ တပည့်တော်ကတော့ ခဲသုတ်ပဲ ရွတ်ရမှာပဲ"

လို့ပြောပြီး ခဲလုံးတွေ ကောက်နေတယ်တဲ့။ ဒီတုန်းမှာပဲ ကျောင်းသားခေါင်းကို 'တောင်'ကနဲမြည်အောင် ဇီးဖြူသီးတစ်လုံးလာပြီး မှန်ရောတဲ့ဗျို့။

"ဟာ ကိုရင်တို့တစ္ဆေကတော့ တပည့်တော်ကို ဇီးဖြူသီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပစ်နေပြီထင်တယ်"

"အပင်က ကြွေတာနေမှာပါကွာ"

လို့ ကိုရင်တွေက ပြန်ပြောတော့ ကျောင်းသားက. . .

"ကိုရင်တို့ကလည်း ဒီနားမှာ ဇီးဖြူပင်မှ မရှိတာ၊ ဇီးဖြူသီးက ဘယ်ကကြွေမှာတုံး"

လို့ ပြောလို့မှ မဆုံးသေးဘူး ကိုရင်နှစ်ပါး ခေါင်းကို 'တိန်'ခနဲ 'တိန်'ခနဲ ဇီးဖြူသီးတွေ ကျလာရောတဲ့။

"အေး ဟုတ်တယ်ဟ၊ ဒါပစ်နေတာကွ"

"တိန် တိန် တိန်"

ဟာ ဇီးဖြူသီးတွေ တောထဲက ဆက်တိုက်ထွက်လာရောတဲ့ဗျို့။ ဒါနဲ့ ကိုရင်နှစ်ပါးလည်း မေတ္တာသုတ်ရွတ်တော့တာပေါ့ဗျာ။

"ယဿ နုဘာဝတော ယက္ခာ"

လို့ ကိုရင်တွေကရွတ်ရင် တစ္ဆေက. . .

"နေဝဒဿေန္တိ ဘီသနံ"

လို့ ဆက်ရွတ်သတဲ့။ ကိုရင်တွေက. . .

"ယဉှိစေဝါ နုယုဥ္ဇန္တော"

လို့ ရွတ်ရင်၊ တစ္ဆေက. . .

"ရတ္တိန္ဒိဝ မတန္ဒိတော"

လို့ ရှေ့က ကြိုပြီးရွတ်သတဲ့။ ဒီလိုနဲ့ ပရိတ်သာဆုံးရော ကိုရင်တွေမှာ ကပေါက်တိကပေါက်ချာတွေ ဖြစ်ကုန်တော့တာပေါ့ဗျာ။

ဒီတော့ ကျောင်းသားလည်း စိတ်တိုလာပြီး ခဲနဲ့ တောထဲ





ကို ရမ်းပစ်တော့တာပေါ့။ တစ္ဆေကလည်း သူ့ကို ဇီးဖြူသီးနဲ့ပစ်၊ သူကလည်း ခဲနဲ့ပစ်၊ ကလေးတွေ ဆော့သလို ဖြစ်နေတာပေါ့ဗျာ။ နောက်တော့ ကိုရင်နှစ်ပါးလည်း မနေသာတော့ဘဲ ခဲတွေကောက်ပြီး ကျောင်းသားဘက်က ဝင်ကူပြီး ခဲနဲ့ပစ်ရတာပေါ့လေ။ သူတို့က သုံးယောက် တစ္ဆေက တစ်ကောင်တည်း။ သူပစ် ကိုယ်ပစ် ပစ်နေကြတာ။ အချိန်က မနက်ပိုင်း ခုနစ်နာရီလောက်ပေါ့။ လူသွားလူလာကလည်း ပြတ်နေတာ။ နောက်ဆုံး ကိုရင်နှစ်ပါးရော ကျောင်းသားရော ခြေကုန်လက်ပန်းကျလာကြပြီး ခဲတောင် ကုန်းမကောက်နိုင်တော့ဘူးတဲ့ဗျ။ ဒီတုန်းမှာ မြို့က ပြန်လာတဲ့ ဘကြီးသာဝတို့ လှည်းနဲ့တွေ့ပြီး ရွာကို ကိုရင်တွေနဲ့ ကျောင်းသားကို ပြန်ခေါ်ခဲ့ကြရတာ။ လမ်းမှာ ကိုရင်တွေရော၊ ကျောင်းသားရော ပင်ပန်းပြီး အိပ်ပျော်သွားကြတာတဲ့။ ဘုန်းကြီးကျောင်းရောက်တာ တောင် မနိုးလို့ မနည်းကို နှိုးယူရတယ်ဆိုပဲဗျာ။

ဟိုတစ်နေ့ကတော့ ကိုသာညက်တို့လင်မယား မြို့ကနေလှည်းနဲ့ ပြန်လာကြတာတဲ့။ အုတ်လမ်းနားကိုရောက်တော့ ညနေနေဝင်ရီတရော ဖြစ်နေပြီဆိုပဲဗျ။

သူတို့လင်မယားကလည်း ကြောက်တော့ ကြောက်နေသတဲ့။ ဒါပေမဲ့ လင်မယားနှစ်ယောက် တိုင်ပင်ပြီး သမ္ဗုဒ္ဓေ ရွတ်ကြသတဲ့ဗျို့။

အဲဒီနားမှာက သစ်ပင်ဝါးပင်ကလည်း ထူထပ်တော့ လင်မယားနှစ်ယောက် ပိုကြောက်တာပေါ့ဗျာ။

ဒီအထဲမှာ မြို့ကအပြန် တရုတ် ဖိုးခွေးခေါက်ဆွဲကြော်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်က ခေါက်ဆွဲကြော်တစ်ထုပ်ကလည်း ဝယ်လာခဲ့ကြတယ်။ အုတ်လမ်း နည်းနည်းကျော်လာတော့ ကိုသာဉာဏ်ကလည်း နွားကို အသော့မောင်းတာပဲတဲ့။ သူ့မိန်းမ မစိုးကလည်း သူ့ခေါက်ဆွဲကြော်ထုပ်ကလေးကို စိတ်မချလို့ အဝတ်နဲ့ အုပ်လိုက်သတဲ့။ ဒီတုန်းမှာပဲ . .

"ဟဲ့ သေနာမ မအုပ်နဲ့၊ ငါမြင်တယ်"

လို့ သစ်ပင်ပေါ်က လှမ်းပြောတဲ့အသံ ကြားလိုက်ရသတဲ့။ ဒါနဲ့ လင်မယားနှစ်ယောက် သစ်ပင်ပေါ် မော့ကြည့်လိုက်ကြတော့ လက်ကြီးအရှည်ကြီး ကျလာပြီး ခေါက်ဆွဲကြော်ထုပ်ကို ဆွဲယူသွားရောတဲ့ဗျို့။ ကိုသာဉာဏ်လည်း ဘာပြောကောင်းမလဲ။ နွားနှစ်ကောင်ကို နှင်တံနဲ့ မနားတမ်းရိုက်ပြီး မောင်းလိုက်တာ ရွာထဲ လှည်းဝင်တာတောင် မသိဘူးတဲ့ဗျို့။ သူ့မိန်းမ မစိုး ဆိုတာလည်း လှည်းထဲမှာ ဝမ်းလျားထိုးပြီး လှည်းရံတိုင်တွေ တိုင်ထားရတာဆိုပဲ။ ရွာထဲရောက်တော့မှ ဒုန်းစိုင်းမောင်းလာတဲ့ သူတို့လှည်းကို ရွာသားတွေက မြင်ပြီး . .

"ဟေ့ကောင် သာဉာဏ်၊ ဘာဖြစ်လာတာတုံး"

လို့ အော်လိုက်တော့မှ လှည်းကို ရပ်လိုက်တယ်ဆိုပဲ။ ဒါပေမဲ့ ရွာကလူတွေက ဝိုင်းမေးတာ ဘာမှမပြောနိုင်ဘဲ ကြောင်ကြောင်ကြီးဖြစ်နေလို့ ဆရာတော် ကြွလာပြီး ရေမန်းတွေဘာတွေ တိုက်ယူရတယ်ဆိုပဲ။ သတိကောင်းကောင်း ဝင်လာတော့မှ ဒီအဖြစ်အပျက်ကို ပြန်ပြောနိုင်တာတဲ့ဗျို့။

ဒါတွေက ဘန့်ဘွေးကုန်းက လူတွေကို ခြောက်တာဗျ။ ဒီတစ္ဆေက တောအုပ်ကလေးရဲ့ ဟိုဘက်ကနေ မြို့ကိုသွားတဲ့





ငွေတွင်းကုန်းလမ်းမှာလည်း ခြောက်တာပဲတဲ့ဗျ။

တစ်ရက်က ငွေတွင်းကုန်းက ဘိုးခင်မောင်ဆိုတဲ့ အဘိုးကြီး မနက်ဝေလီဝေလင်း မြို့ကို လှည်းနဲ့ နှမ်းအိတ်တွေ သွားပို့တာ အခြောက်ခံရလို့တဲ့။ အုတ်လမ်းကလေး ကျော်လိုက်ပြီး သိပ်မကြာခင်မှာတဲ့ဗျို့။ လမ်းဘေးမှာ အထုပ်တစ်ထုပ် တွေ့တာတဲ့။ အထုပ်က ပုဆိုးနဲ့ ထုပ်ထားတာ၊ တော်တော်ကြီးဆိုပဲ။ ဘိုးခင်မောင်က ဘာထုပ်ကြီးလဲဆိုပြီး လှည်းကိုရပ်ပြီး ဆင်းကြည့်တယ်။ အထုပ်ကို ဖြည်ကြည့်လိုက်တော့ အထဲမှာ သစ်ရွက်တွေ ထည့်ထုတ်ထားတာတဲ့ဗျ။

အဲဒီလို ဘိုးခင်မောင်ကြီး အထုပ်ကို ဆင်းကြည့်နေတုန်းမှာပဲ တစ္ဆေက နွားလှည်းကို တက်ပြီးမောင်းသွားရောတဲ့ဗျို့။

"ဟဲ့ ဟဲ့ ရပ်စမ်း၊ ရပ်စမ်း"

ဆိုပြီး ဘိုးခင်မောင်က နောက်ကပြေးလိုက်တာ လှည်းကို နည်းနည်းမှ မမီဘူးတဲ့ဗျို့။ တစ္ဆေက နွားလှည်းကို မောင်းသွားလိုက်တာ ဖုန်ကို တထောင်းထောင်းနေတာပဲတဲ့ဗျာ။ ဘိုးခင်မောင်ကြီးလည်း နောက်ဆုံးမပြေးနိုင်တော့ဘဲ ဖြည်းဖြည်းပဲ လျှောက်သွားရတာတဲ့။ မြို့အဝင်ဝရောက်တော့မှ သူ့လှည်းကို တွေ့ရတော့သတဲ့။ တစ္ဆေက လှည်းကို ဇောင်ချမ်းပင်ကြီးအောက်မှာ ကျကျနန ရပ်ထားခဲ့တယ်တဲ့။ ဒီတော့မှ ဘိုးခင်မောင်လည်း လှည်းပေါ်တက်ပြီး မြို့ထဲကို မောင်းဝင်လာခဲ့ရတယ်ဆိုပဲ။

ဒီအကြောင်းကို ရွာမှာပြန်ပြောတော့ ရွာက လူတွေက ဝိုင်းရယ်ကြဆိုပဲဗျ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ ခြောက်တာကတော့ နတ်ကတော် ဒေါ်ဘုမ တဲ့ဗျို့။ ဒေါ်ဘုမတလည်း ငွေတွင်းကုန်းက နာမည်ကြီး နတ်ကတော်ဗျ။ နာမည်ကျော်လာလို့ ငွေတွင်းကုန်းမှာတောင် မနေတော့ဘဲ မြို့ပြောင်းသွားတာ။ မြို့မှာလည်း အလုပ်ဖြစ်လို့ တော်တော်အဆင်ပြေတယ်တဲ့ဗျ။

ဒေါ်ဘုမက သူ့ရွာကို ကိစ္စကလေးရှိလို့ ခဏပြန်လာတာတဲ့ဗျ။ လှည်းတစ်စီးငှားပြီး လာတာတဲ့ဗျို့။ လှည်းပေါ်မှာ လှည်းသမားရယ်၊ သူရယ်ပဲ ပါတာတဲ့။ အုတ်လမ်းနားရောက်တော့ တောထဲကနေ နတ်သီချင်းဆိုတဲ့အသံ ထွက်လာရောတဲ့ဗျို့။

အသံမှ အောင်လိုက်တာတဲ့ဗျာ။

"အတုကလေးရယ်တဲ့ ယှဉ်ကာပြိုင်၊ ယှဉ်ကာပြိုင် ပန်းမွှေ့ယာ ရွှေကော်ဇော ရောနှော့လို့ ထိုင်သတဲ့၊ ဟေး ဟေး အဖေကျော်တဲ့ဟေ့"

ဆိုပြီး နတ်ကန္နားမှာကနေတဲ့ အသံမျိုးနဲ့ကို ဆိုတာတဲ့ဗျို့။ လှည်းသမားကလည်း အခြေအနေကို ရိပ်မိသွားတော့ လှည်းကို အမြန်မောင်းပြေးတာတဲ့ဗျို့။ အဲဒါ လှည်းနောက် ခပ်လှမ်းလှမ်းမှာ ဖြူဖြူကြီးတစ်ကောင် တောထဲက ပြေးထွက်လာပြီး လှည်းလမ်းကြောင်းမှာ က,လိုက်တာတဲ့ဗျာ။ ကွေးနေတာပဲတဲ့။ ဒေါ်ဘုမကြီးဆိုတာ ကြောက်လွန်းလို့ အသားတဆတ်ဆတ် တုန်နေတာတဲ့ဗျို့။ လှည်းနည်းနည်းဝေးလာတော့ တစ္ဆေက အကရပ်ပြီး. . .

"ဟဲ့ ဘုမ နင်နဲ့ငါ အကပြိုင်မလား"

လို့ လှမ်းမေးသေးတယ်တဲ့ဗျ။ ဒေါ်ဘုမရဲ့ လှည်းလည်း





အသားကုန် လွှတ်မောင်းလိုက်တော့ ငွေတွင်းကုန်းကို ဘယ်လိုကဘယ်လိုရောက်သွားမှန်းတောင် မသိဘူးတဲ့ဗျ။

တဖြည်းဖြည်းနဲ့ ဒီတစ္ဆေက အချိန်မရွေးတော့ဘူးတဲ့ဗျို့။ မနက်လည်းခြောက်၊ ညလည်းခြောက်၊ နေ့ဘက်လည်းခြောက်နဲ့ တဖြည်းဖြည်း ခြောက်တာတွေက စိပ်သထက် စိပ်လာတယ်။

ကျုပ်တို့ရွာမှာလည်း တစ်နေ့ တစ်နေ့ ဒီတစ္ဆေရဲ့ သတင်းကိုပဲ ပြောနေကြတော့တာဗျို့။

ဘယ်သူတွေတော့ တစ္ဆေခြောက်ခံရလို့ဆိုတဲ့ သတင်းက နေ့တိုင်းလိုလို ဖြစ်နေပြီ။ ကျုပ်လည်း ဒီအကြောင်းပဲ တွေးနေတော့တာဗျ။ ဘာလုပ်ရမှန်းလည်း မသိဘူးလေ။

ဒီနေ့တော့ နေကလည်း ပူနေတာနဲ့ ကျုပ်လည်း ဘယ်မှကိုမသွားတော့ဘဲ ကျုပ်ရဲ့ ပင်တိုင်နေရာဖြစ်တဲ့ မန်ကျည်းပင်အောက်က သစ်သားကွပ်ပျစ်ပေါ်မှာ ဝါးပိုးခြမ်းလေး ခေါင်းအုံးရင်း အိပ်ပျော်သွားတာဗျို့။

"ဆရာ ကိုတာတေတို့ကတော့ ဇိမ်ကျလိုက်တာဗျာ၊ ပက်လက်ကလေးကို စင်းနေတာပဲဟေ့"

ကျုပ်နားထဲမှာ အဲဒီအသံကို ကြားတစ်ချက် မကြားတစ်ချက်နဲ့ အိပ်မက်လိုဖြစ်နေတာဗျ။

"ဟေ့ တာတေ၊ တာတေ ထပါဦးကွ"

ဆိုတဲ့ အသံကို ကြားလိုက်ရတော့မှ ကျုပ် နိုးသွားတာဗျို့။ ချက်ချင်း မျက်စိဖွင့်ကြည့်လိုက်တော့ ကိုဆယ်နဲ့ ကိုသယ်ဗျ။

ကျုပ်လည်း အိပ်နေရာကနေ ကယောင်ကတမ်း ထပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကိုဆယ်နဲ့ ကိုယ်သယ်ပါလားဗျ၊ လာ လာ ထိုင်ကြဗျာ၊ ဘယ့်နှယ် နေပူကြီးထဲ ရောက်လာကြပါလား"

ကိုဆယ်နဲ့ ကိုသယ်က ညီအစ်ကိုဗျ။ ဘန့်ဘွေးကုန်းသားတွေ။ အိမ်ထောင်ကျတော့ ကိုဆယ်က ဘန့်ဘွေးကုန်းမှာပဲ ကျတယ်။ ကိုသယ်က ငွေတွင်းကုန်းဟာ မိန်းမနဲ့ကျပြီး ငွေတွင်းကုန်းကို ပြောင်းပြီးနေတယ်။

ကျုပ်က အိမ်ပေါ်တက်ပြီး လက်ဖက်ခွက်ရယ်၊ ရေနွေးအိုး၊ အကြမ်းပန်းကန်၊ နဂါးဆေးပေါ့လိပ်နှစ်လိပ် ယူလိုက်တယ်။

"ကဲ ကိုဆယ်တို့ ကိုသယ်တို့၊ အကြမ်းသောက်၊ လက်ဖက်စား၊ ဆေးပေါ့လိပ် ဖွာကြဗျာ၊ အမောပြေမှ စကားပြောတာပေါ့"

လို့ ကျုပ်က ဧည့်ဝတ်ပြုလိုက်တော့ ညီအစ်ကိုနှစ်ယောက် နဂါးဆေးပေါ့လိပ်တစ်လိပ်စီ မီးညှိပြီး ဖွာကြသဗျ။ ပြီးတော့ ကျုပ် အဆင်သင့်ငှဲ့ပေးထားတဲ့ ရေနွေးကြမ်းကို ညီအစ်ကိုနှစ်ယောက် ဖူးခနဲ ဖူးခနဲ မှုတ်ပြီးသောက်ကြတော့တာပဲဗျာ။

"တာတေရေ ငါတို့ရွာတွေ သတင်းကို မင်းလည်း ကြားပြီး ရောပေါ့ကွာ"

ကိုဆယ်က စကားစလိုက်တယ်။ ကျုပ်က ခေါင်းညိတ်ပြလိုက်ပြီး. . .

"ကြားပါတယ်ဗျာ၊ နေ့တိုင်းလိုလို ဒီသတင်းပဲ ကြားနေရတယ်လေ"

"ဟုတ်ပ့ါကွာ၊ ငါတို့ရွာသားတွေလည်း တော်တော်ကို ထိတ်လန့်ကုန်ကြပြီကွ၊ မနေ့က ညကလည်း ဖြစ်သေးတယ်"





ကိုသယ်က ဖွာလက်စ ဆေးပေါ့လိပ်ကလေး အသာချပြီး ဝင်ပြောတယ်။

"ဟင် ဟုတ်လားဗျ ကိုသယ်၊ ပြောပါဦးဗျ၊ ဘယ်လိုဖြစ်တာတုံး"

ကျုပ်က မေးလိုက်တော့ ကိုသယ်က ဆက်ပြောတယ်ဗျ။

"ဒီလိုဟေ့ နယ်လှည့်ပြီး လက်ဖွဲ့ထိုးတဲ့ ကရင်ညီအစ်ကိုတဲ့ကွ၊ ဘယ်ရွာကနေ ဘယ်ရွာကို သွားမှာလဲတော့ မသိဘူး၊ ညဘက်ကြီး အုတ်လမ်းက တိုက်ပျက်ကြီးထဲကို ရောက်လာပြီး မီးတွေဘာတွေဖို၊ ရေနွေးအိုးကျိုပြီး ညစာ စားကြတယ်ဆိုပဲ"

"ဟင် ဒီလူတွေမှာ စားအိုး စားခွက်တွေ ပါလို့လားဗျ"

"ပါပါပြီလား တာတေရ၊ သူတို့က နယ်လှည့်ပြီး လက်ဖွဲ့ထိုးစားတာ၊ သူတို့နှစ်ယောက် စားအိုးခွက်၊ ရိက္ခာပါပြီးသားဗျာ"

"သြော် ဒီလိုလား"

"အေး အဲဒါ ညီအစ်ကိုနှစ်ယောက် စားသောက်ပြီး စကားစမြည်ပြောကြတာပေါ့ကွာ။ အစ်ကိုလုပ်တဲ့သူက ညီလုပ်တဲ့သူကို ပြောသတဲ့။ ဟိုတစ်နေ့က ထိုးတဲ့ပွဲမှာ၊ ခြေထောက်အနေအထား၊ အနှုတ်အသိမ်းမှာနေတဲ့ အကြောင်းပြောပြီး ညီအစ်ကိုနှစ်ယောက် လက်တွေ့လုပ်ကြတာပေါ့ကွာ၊ လက်တွေ့နမူနာ ထိုးကြည့်ကြတာပေါ့"

"သြော် ဟုတ်တယ်ဗျ၊ သူတို့ကလည်း အမြဲတမ်း လေ့ကျင့်နေကြရတာ။ အလေ့အကျင့် ပြတ်လို့မရဘူးတဲ့"

ကျုပ်က ကိုသယ့်စကားကို ဝင်ပြောလိုက်တယ်။

"အဲဒါ သူတို့နှစ်ယောက် လေ့ကျင့်နေတုန်း ဘယ်သူက



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုးတယ် မသိဘူးတဲ့၊ သူတို့နှစ်ယောက် တခွပ်ခွပ်နဲ့ အထိုးခံရတာတဲ့။ ပထမတော့ တစ်ယောက်နဲ့တစ်ယောက် လက်လွန်လွန်ပြီး ထိတယ်ထင်တာတဲ့။ ဒါနဲ့ အစ်ကိုလုပ်တဲ့သူက ဟေ့ကောင် မင်းက ငါ့ကို ထိအောင်မထိုးနဲ့လေလို့ပြောတော့ ညီလုပ်တဲ့သူကလည်း ပြောသတဲ့။ အစ်ကိုကလည်း ကျုပ်ကိုထိအောင် မထိုးနဲ့လေဗျာ၊ နာတယ်ဗျလို့ပြောတော့ ဟ ငါမထိုးပါဘူးပေါ့။ ညီလုပ်တဲ့သူကလည်း ကျုပ်လည်း အစ်ကို့ကို ထိအောင်မထိုးပါဘူးပေါ့။ ဒါနဲ့ သူတို့နှစ်ယောက် လုံးဝမထိုးတော့ဘဲ ရပ်နေလိုက်ကြသတဲ့။ ဒီတော့မှ အဖြေပေါ်တော့တာတဲ့ဟေ့။ နှစ်ယောက်စလုံး တခွပ်ခွပ်နဲ့ အထိုးခံနေရတာ တခြားတစ်ယောက်က ဝင်ထိုးနေတာပဲဆိုတာ သိပြီး ညီအစ်ကိုနှစ်ယောက် ပြန်ထိုးကြသတဲ့။ သူတို့ကို ခွပ်ခနဲထိရင် မှန်းပြီးပြန်ထိုးသတဲ့။ ဒါပေမဲ့ ဘာတိုမှ မထိဘဲ လေကိုပဲ ထိတာတဲ့ကွ။ ကြာလာတော့ ညီအစ်ကိုနှစ်ယောက်စလုံး မျက်နှာတွေ ဖူးယောင်လာပြီး ဘယ်လိုမှ မခံနိုင်တော့တာတဲ့ဟေ့။ ဒါနဲ့ ပစ္စည်းတွေကပျာကယာသိမ်းပြီး အဲဒီတိုက်ပျက်ထဲကနေ တချိုးတည်း ပြေးရတော့တာပဲတဲ့ဟေ့။ ဒါတောင် နောက်က မနားတမ်းလိုက်ထိုးနေလို့ ခြေဦးတည့်ရာ စွတ်ပြေးရတာတဲ့။ အဲဒါ ငါတို့ ငွေတွင်းကုန်းကို အချိန်မတော်ကြီး ရောက်လာကြတာဟေ့။ ငါတို့ရွာသားတွေက ခေါ်ထားပြီး ဆားကြစ်ထုပ်တွေဘာတွေ ထိုးပေးကြရတာ။ မျက်နှာကြီးတွေဆိုတာ ဖူးယောင်ပြီး မြင်လို့တောင် မကောင်းပါဘူး တာတေရာ"

"ဟာ ဒီတစ္ဆေ-တော်တော်ကို ဆိုးနေပါလားဗျာ"





"ဆိုးချက်ကတော့ လွန်ရောကွာ၊ အဲဒါ ငါတို့ညီအစ်ကို တိုင်ပင်ပြီး မင်းဆီ လာတာကွ"

"နို့နေဦးဗျ၊ ဒီလူတွေက အဲဒီတစ္ဆေကို မြင်ရသေးလား" ကိုဆယ်က ကျုပ်မေးတာကို ပြန်ပြောတယ်ဗျ။

"ဘယ်မြင်ရလိမ့်မတုံးတာ တာတေရ၊ မမြင်ရဘဲ အထိုးချည်းခံနေရတာကွ၊ ဒီတော့လည်း ထွက်မပြေးလို့ ဘယ့်နှယ်လုပ်မလဲ"

"ဒါတော့ ဟုတ်တာပေါ့ဗျာ"

"မင်း စဉ်းစားကြည့်လေ တာတေရာ၊ သူတို့ညီအစ်ကိုက လက်ဝှေ့ပညာတတ်လို့ ရွာစဉ်လှည့်ပြီး လက်ဝှေ့တောင် ထိုးစားနေတာ၊ ပေါ့သေးသေးကောင်တွေမှ မဟုတ်တာကွ"

"အင်း စဉ်းစားစရာတော့ ဖြစ်နေပြီဗျ၊ ဒီတစ္ဆေက သီချင်းတွေလည်း ဆိုတတ်တယ်၊ လှည်းလည်း မောင်းတတ်တယ်။ အခု လက်ဝှေ့လည်း ထိုးတတ်နေပြန်ပြီဆိုတော့ သူ့မှာ အစွမ်းတော်တော်ရှိတာပဲဗျ"

"အေးကွ၊ ဘန့်ဘွေးကုန်းက ကိုရင်လေးတွေနဲ့ ပရိတ်တောင် ပြိုင်ရွတ်နေသေးတယ်ဆိုပဲ"

ကိုသယ်က ဝင်ပြောပြီး ရယ်နေတယ်ဗျ။

"ဟုတ်ပါ့ကွာ၊ ငါတို့ရွာက ကိုရင်တွေ အဲဒီနေ့က ဘကြီးသာ လှည်းနဲ့တွေ့ပေလို့ပေါ့ကွာ၊ တွေ့သာ မတွေ့ရင် လှည်းလမ်းကြောင်းမှာတင် ပျံတော်မူကုန်မှာ"

လို့ ကိုဆယ်က ဝင်ပြောပြီး ကျုပ်တို့သုံးယောက် ရယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြရတာဗျ။ အဲဒီလိုရယ်ရင်းမောရင်းနဲ့ပဲ ကျုပ်ခေါင်းထဲမှာ အတွေး တစ်ခု လက်ခနဲပေါ်လာတယ်ဗျ။ ဆက်ပြီးတွေးလိုက်တော့ ဆရာ နွံဖ ကျုပ်ကို ပြောဖူးတာတစ်ခုကို ချက်ချင်းသတိရသွားတယ်။

"တာတေရေ တစ္ဆေဆိုပေမယ့်လည်း သိပ်တော့အထင် မသေးနဲ့ကွ၊ တချို့တစ္ဆေတွေမှာ တစ္ဆေဦးထုပ်ဆိုတာရှိတယ်။ အလွန်စွမ်းတာကွ၊ ဦးထုပ်ရှိတဲ့ တစ္ဆေဆိုရင် နိုင်ဖို့ မလွယ်ဘူးကွ၊ တွေ့ရင် ပြေးရတာချည်းပဲ။ ဦးထုပ်ကလည်း အရောင်အမျိုးမျိုး ရှိသတဲ့ကွ။ အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်တဲ့။ အနီဆောင်းတဲ့ တစ္ဆေက အစွမ်းဆုံးဆိုပဲ။ တချို့တော့ ကြောက်လန့်ပြီး ဆွဲလိုက်တော့ ဦးထုပ်ကို သွားဆွဲမိတယ်ဆိုပဲ သူတို့ ဦးထုပ်ပါသွားရင်တော့ ချက်ချင်းကို ဒူးတုပ်ပြီး တောင်းပန်တာဆိုပဲကွ။ ဦးထုပ်ကို ပြန်ပေးဖို့ ငိုယိုပြီး တောင်းတော့တာတဲ့"

"ဟုတ်ပြီ ကိုဆယ်ရေ တုတ်ပြီဗျို့၊ ကျုပ် သိသွားပြီဗျို့။ ကျုပ်ကို ဆရာနွံဖ ပြောဖူးသားပဲဗျ။ ဒါဆိုရင် ဒီကောင်က ဦးထုပ်နဲ့ တစ္ဆေ ဖြစ်မယ်ဗျ"

"ဟေ ဘာဦးထုပ်တုံးကွ တာတေရ"

"ဒီလိုဗျ၊ တစ္ဆေတွေမှာ တစ္ဆေဦးထုပ်ဆိုတာ ရှိတယ်တဲ့၊ ဒါပေမဲ့ တစ္ဆေတိုင်းမှာ ဦးထုပ်ရှိတာတော့ မဟုတ်ဘူးဗျ၊ အစွမ်းထက်တဲ့ တစ္ဆေမှာမှ ဦးထုပ်ရှိတာ၊ အဲဒီဦးထုပ်က တော်တော်ကို အစွမ်းရှိတာဆိုပဲဗျ"

"ဟာ ဒါဆိုရင် ဖြစ်နိုင်တယ်ဟေ့၊ အုတ်လမ်းကို ရောက်နေတဲ့ တစ္ဆေက တော်တော်ကိုစွမ်းတာပဲကွ၊ အေး အဲဒါ ဘယ်လိုလုပ်ရင်





ကောင်းမလဲ တာတေရေ"

"ဒီလိုလုပ်ဗျာ၊ မနက်ဖြန်ညကျရင် ကိုဆယ်နဲ့ ကျုပ်နဲ့ အဲဒီ တိုက်ပျက်ကြီးကိုသွားပြီး ညအိပ်မယ်ဗျာ၊ ပြီးရင် ဒီတစ္ဆေနဲ့ ကျုပ် လက်ဝှေ့ထိုးမယ်"

"ဟာ တာ တာ တေကလည်း ငါ မလိုက်ရဲဘူးကွ၊ ဟား ဟား ဟား ဟား"

ကိုဆယ်ကြီးက သူမလိုက်ရဲဘူးလို့ပြောပြီး ရှက်ရှက်နဲ့ ရယ် တော့တာပဲဗျို့။ ဒီတော့ သူ့ညီ ကိုသယ်က. . .

"ငါ လိုက်မယ် တာတေ၊ မင်းနဲ့ ငါ သွားမယ်၊ နို့ မင်းက လက်ဝှေ့ရော ထိုးတတ်လို့လား"

"ဟာ နည်းနည်းတော့ ရပါတယ်ဗျ၊ ကျုပ် ဒီပါရုံဘုရားပွဲ မှာ တက်ထိုးဖူးပါတယ်။ ဆုတောင် ရဖူးသေးတယ်ဗျ ခုနှစ်ဆယ့်ငါး ကျပ်လား၊ ငါးဆယ်လား မသိဘူးဗျ"

"ကဲ ဒါဆိုလည်း သွားကြတာပေါ့ကွာ"

"ဒါဆိုရင် ဒီလိုလုပ်ကွာ၊ မနက်ဖြန်ညနေမှာ တာတေရော သေယ်ရော ငါ့ဆီကို ရောက်အောင်လာခဲ့၊ ငါ မင်းတို့ကို လှည်းနဲ့ လိုက်ပို့မယ်"

"ကောင်းသားပဲဗျ၊ ဒါဆိုရင် မနက်ဖြန် ဆက်ဆက်လာခဲ့ မယ်၊ ကိုဆယ် စောင့်နေ၊ ကိုသယ်က ဒီည ရွာပြန်ပေါ့၊ မနက်ဖြန်မှ လာခဲ့"

"အေး ငါ ဒီနေ့တော့ ရွာခဏပြန်မယ်၊ စိတ်ချ၊ မနက်ဖြန် ငါ စောစောရောက်အောင် လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုသယ်က ပြန်ပြောတယ်၊ ဒီတော့ ကိုဆယ်က ထပ်ပြောတယ်ဗျ။

"နောက်နေ့မနက်စောစောမှာ ငါ မင်းတို့ကို လှည်းနဲ့လာကြိုမယ်"

"နောက်နေ့ မလုပ်နဲ့ဗျ၊ ကျုပ်တို့ကို အုတ်လမ်းရောက်အောင်လည်း မပို့နဲ့၊ အုတ်လမ်းမရောက်ခင် တစ်တိုင်လောက်မှာ မရမ်းပင်ဘုန်းကြီးကျောင်း ရှိတယ်လေဗျာ၊ တောရပ်ကျောင်းလေဗျာ"

"အေး သိပါတယ်ကွ တာတေရ"

"အေး ကိုဆယ်က ကျုပ်တို့ကို အဲဒီကျောင်းအထိပဲ ပို့ပေးပြီးရင် ရွာမပြန်နဲ့ အဲဒီကျောင်းကပဲ စောင့်နေ၊ ကျုပ်တို့ကိစ္စပြီးတာနဲ့ မရမ်းပင်ကျောင်းကို ပြန်ခဲ့မယ်၊ ပြီးရင် ရွာပြန်ကြတာပေါ့၊ ကိုဆယ်ကြောက်ရင် ရွာကလူတစ်ယောက် အဖော်ခေါ်ခဲ့ပေါ့ဗျ"

"အေး အေး ဟုတ်ပြီ၊ ဟုတ်ပြီ၊ ငါတူ လှဝကို ခေါ်ခဲ့မယ်၊ ဒီကောင်က သတ္တိတော့ ရှိသားကွ"

ညနေစောင်းတော့ ကိုဆယ်နဲ့ ကိုသယ် ပြန်သွားကြတယ်၊ ကျုပ်တစ်ယောက်တည်း မန်းကျည်ပင်ကြီးအောက်မှာ ဆက်တွေးနေတယ်။

ညရောက်တော့ အဘနဲ့ အမေကို ဒီအကြောင်း ပြောပြတော့ အမေက ဖြစ်ပါ့မလားလို့ ပြောတယ်ဗျ၊ ကျုပ်က ဘာမှမပူနဲ့ အမေ၊ ဒီတစ္ဆေကို ဒီလိုမလုပ်လို့ မရတော့ဘူးဗျလို့ ပြောရတယ်။

နောက်တစ်နေ့ညနေ လေးနာရီထိုးတော့ ကျုပ် ဘန့်ဘွေးကုန်းကို ရောက်နေပြီ။ ကိုဆယ်တို့အိမ်မှာ ကိုသယ်လည်း ရောက်လို့





ဗျ။ ရွာထဲက လူတွေတောင် ရောက်နေတယ်။

"တာတေ ဒီညတစ္ဆေနဲ့ လက်ငွေ့သွားထိုးမလို့တဲ့"

ဆိုတဲ့စကားက ဘန့်ဘွေးကုန်းမှာ ပြန့်နေတာဗျို့။ ကျုပ်ကိုဟိုလူကကြည့်၊ ဒီလူကကြည့်နဲ့ တချို့ကလည်း မေးသေးတယ်ဗျ။

"ငါတို့ နောက်ကလိုက်ခဲ့ဖို့ လိုသေးလား"

"ဟာ အစ်ကိုကြီးတို့ မလိုက်နဲ့၊ လူများရင် တစ္ဆေက ထွက်မလာဘဲ နေမှာပေါ့"

"အေးကွ၊ ဒါလည်း ဟုတ်တာပဲ"

ဒီလိုနဲ့ ကိုဆယ်တို့အိမ်မှာ လူစည်ကားနေတာပေါ့ဗျာ။ ညရှစ်နာရီထိုးတော့မှ ကျုပ်တို့ ဘန့်ဘွေးကုန်းက ထွက်ခဲ့တာဗျ။ မရမ်းပင်ကျောင်းမှာ ကိုဆယ်ရယ်၊ သူ့တူ လှဝ ဆိုတဲ့ကောင်ရယ်က စောင့်နေခဲ့တယ်။ ကျုပ်နဲ့ ကိုသယ်ကတော့ အုတ်လမ်းက တိုက်ဟောင်းကြီးကို လာခဲ့ကြတယ်။

ကိုဆယ်တို့အိမ်က မထွက်ခင် ကျုပ်က ဆရာနှမ ပေးထားတဲ့ မျက်ကွင်းဆေးကို သွေးပြီး မျက်စိကို ကွင်းလာခဲ့တယ်။ ပြီးတော့ သစ်စုန်းဆေးတောင့်ကိုလည်း သွေးပြီး လက်ခုံနှစ်ဖက်မှာ လိမ်းလာခဲ့တယ်။

ကျုပ်တို့နှစ်ယောက် တိုက်ပျက်ကြီးကိုရောက်တော့ မီးဖိုပြီး အဆင်သင့် တံစို့ထိုးထားတဲ့ ကြက်သားကို ကင်ကြတယ်။ ပြီးတော့ တိုက်ပျက်ကြီးထဲမှာ လင်းနေအောင် အနီးအနားမှာ တွေ့သမျှ သစ်ကိုင်းခြောက်တွေမပြတ် ထည့်ပေးထားတယ်။ ကိုသယ်က သူ အဆင်သင့်ယူလာတဲ့ ဖယောင်းတိုင်ကလေးတောင် လေကွယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ ထွန်းထားသေးတယ်ဗျ။ တိုက်ပျက်ကြီးထဲမှာ အလင်းရောင်ကလေး ခပ်ပျပျရှိနေတာပေါ့ဗျာ။

ကျုပ်တို့နှစ်ယောက် ကြက်သားကင်တွေ ဘာတွေ စားသောက်ပြီးတော့ ည ၁၂ နာရီနီးပါး ရှိပြီဗျ။ ကျုပ်က စကားစလိုက်တယ်။

"ကိုသယ် ဟိုနေ့ကပွဲမှာ ထိုးခဲ့တာ ခြေအကွက်တွေ မှားနေတယ်ဗျ။ ခြေအကွက်လည်း မှန်မယ်၊ လက်အနှုတ်အသိမ်းလည်း မြန်မယ်၊ ထိုးချက်တွေလည်း ပိုင်မယ်ဆိုရင် တစ်ဖက်လူ ဘယ်ခံနိုင်မှာတုံးဗျ"

"မင်းက ပါးစပ်ကပြောနေတော့ ငါက ဘယ်နားလည်မတုံးကွာ၊ နည်းနည်းပါးပါး လက်တွေ့လေး လုပ်ပြမှပေါ့"

စောစောထဲက ကျုပ်နဲ့ ကိုသယ်က အတိုင်အဖောက် လုပ်ပြီးသားဗျ။

"ဘာလဲ ခင်ဗျားက ကျုပ်ပညာတွေကို နည်းနည်းကြည့်ချင်လို့လား၊ ဒီနယ်တစ်လွှားမှာတော့ ကျုပ်ကို ယှဉ်နိုင်မယ့်သူပေါ်မှာ မဟုတ်ပါဘူးဗျာ၊ ဟား ဟား ဟား"

ကျုပ်က တစ္ဆေကြားအောင် အော်ကျယ် အော်ကျယ်နဲ့ ပြောနေတာဗျ။

"ကဲ ခင်ဗျား ကြည့်ချင်ရင် ကြည့်ပေတော့"

ဆိုပြီး ကျုပ်က မတ်တတ်ရပ်၊ ပုဆိုးကို ခါးတောင်းမြှောင်အောင် ကြိုက်လိုက်ပြီး လက်ခမောင်းခတ်လိုက်တယ်ဗျ။ ပြီးတော့ လက်ဝှေ့ရေးစပြီး ပြတာပေါ့ဗျ။ ကိုသယ်ကလည်း ကျုပ်တို့ ကြိုပြီး





ညှိထားတဲ့အတိုင်းပေါ့ဗျာ။ ကျုပ်ကို ပါးစပ်ဆိုင်းတီးပေးသဗျ။ ဗိန်းမောင်း ခပ်ကြွမ်းကြွမ်းကလေးဗျ။

"ထိ ဗောင်၊ ထိ ဗောင်၊ ထိဗောင်၊ ထိဗောင်၊ ထိ ထိ ထိ ထိ"

ကိုသယ်ရဲ့ ပါးစပ်ဆိုင်းကလည်း ကောင်းသားဗျ။ ကျုပ်ကလည်း လက်ဝှေ့ရေးကို ပြပေါ့ဗျာ။

"ကျွတ် ကျွတ် ကျွတ်"

တိုက်ပျက်ကြီး အပေါ်ထပ်ကနေ သစ်သားလှေကားအဟောင်းကြီးကိုနင်းပြီး ဆင်းလာတဲ့အသံဗျ။ တဖြည်းဖြည်း အောက်ရောက်လာပြီဗျို့။

ကိုသယ်ကလည်း ပါးစပ်ဆိုင်းကို မနားတမ်းတီး။ ကျုပ်ကလည်း လက်ဝှေ့ရေးကို မနားတမ်းပြပေါ့ဗျာ။ ကျုပ်က လက်ဝှေ့ရေးပြရင်း လှေကားရင်းကို မသိမသာ ကြည့်လိုက်တော့ ဦးထုပ်အနီဆောင်းထားတဲ့ လူတစ်ယောက် ရပ်နေတယ်ဗျ။ ပုံမှန်လူတစ်ယောက်ရဲ့ပုံပါပဲ။ ဒါပေမဲ့ ခေါင်းကတော့ နည်းနည်းကြီးပုံ ရတယ်ဗျ။ ဦးထုပ်အနီဆောင်းထားတာဆိုတော့ ဒီကောင်က တစ္ဆေဦးထုပ်ရှိတဲ့ တစ္ဆေတွေအထဲမှာမှ အဆင့်အတန်း အမြင့်ဆုံးကောင်ပဲ။

"ဟောဒီမှာကြည့် ကိုသယ်၊ ဒီအကွက်မျိုးနဲ့ထိုးရင် ဘယ်လိုကောင်မှ မခံနိုင်ဘူးဗျ သိလား"

ကျုပ်က တစ္ဆေရဲ့စိတ်ကို ဆွပေးနေတာပေါ့ဗျာ။ မျက်ကွင်းဆေးကွင်းထားတော့ ဒီကောင်ကို ကျုပ်မြင်နေရတာပေါ့။ ဟောဒီကောင် ပုဆိုးကို ခါးတောင်းထကြိုက်လိုက်ပြီဗျို့။ ဟော လာပြီ



www.burmeseclassic.com

www.burmeseclassic.com



လာပြီ။ ကျုပ်ဆီကို တန်းတန်းမတ်မတ်ကို လာနေပြီဗျို့။ ဟော ကျုပ်ကို ထိုးပြီဗျ။ ကျုပ် မရှောင်ဘဲ တစ်ချက်အထိုးခံလိုက်တယ်။

"ကိုသယ် ကျုပ်ကို ခင်ဗျား ထိုးတာလား"

"ကြံကြံဖန်ဖန်ကွာ၊ ငါက ဒီမှာထိုင်နေတဲ့ဟာ မင်းကို ဘယ်လိုလုပ် ထိုးရမှာတုံး"

"ဒါဆို ဘယ်သူထိုးတာတုံးဗျ"

ကျုပ်က သူ့ကို မြင်နေပေမယ့် မမြင်ချင်ဟန်ဆောင်ပြီး ပြောနေတာပေါ့ဗျာ၊ ထိုးပြီဗျ။ ကျုပ်ကို တစ္ဆေက ထပ်ထိုးတယ်။ ကျုပ်မရှောင်ဘဲ အထိုးခံလိုက်ပြန်တယ်။ ဒီကောင့်ဟာ ကျုပ်ကို သူ ထိုးတိုင်း ရပြီလို့ထင်ပြီး အနားကို ပြေးကပ်လာတာဗျ။ အရပ်ကတော့ ကျုပ်နဲ့ မတိမ်းမယိမ်းပါ။ လူက လူ့ဗလံကလေးပါဗျာ။ တစ္ဆေကို ကျုပ်က မမြင်ချင်ယောင်ဆောင်ပြီး သူ့အထိုးကို စောင့်နေတယ်။

ဟော ကျုပ်မျက်နှာကို ဖြောင့်လက်သီးနဲ့ ထိုးတာဗျို့။ ရှောင်ပြီ။ ကျုပ်ကို ရှောင်လိုက်ပြီ။ ဟော ထိုးပြီဗျို့။ ကျုပ် တစ္ဆေရဲ့ ပါးချိတ်ကို မိမိရရ တစ်ချက်ထိုးထည့်လိုက်ပြီ။

"ဒုတ်"

ထိတယ်ဗျာ။ လေကို ထိုးရသလို၊ ဖွဲအိတ်ကြီးကို ထိုးရသလို မဟုတ်ဘူးဗျို့။ လူလူချင်းထိုးတာလိုကို ထိသွားတာဗျ။ ဒီကောင် နောက်ကို ရွေ့သွားတယ်။ ပြီးတော့မှ ကျုပ်ကို အံ့သြပြီး ကြည့်နေတယ်။ ကျုပ် သူ့ကို မြင်သလား၊ ထိအောင် ထိုးနိုင်သလားလို့ပေါ့ဗျာ။

ကျုပ်ကလည်း မမြင်ဟန်ဆောင်ပြီး တခြားဘက်ကို လှည့်နေတာပေါ့ဗျာ။ ဒီမှာတင် ဒီကောင်ဇဝေဇဝါ ဖြစ်သွားပြီး ကျုပ်ဆီ





ကို ပြေးဝင်လာရောဗျို့။ ထိုးပြီဗျို့။ ကျုပ်ကိုထိုးတာ ဆက်တိုက်ကို ထိုးတာဗျ။ ကျုပ်သာ မရှောင်နိုင်ရင် မှောက်သွားမှာ သေချာတယ်ဗျို့။ ပြင်းလိုက်တဲ့ လက်သီးတွေကလည်း 'ဗိ'ခနဲ 'ဗိ'ခနဲ နေတာပဲဗျာ။ ကျုပ်က သူ့ထိုးချက်တွေကို လွတ်အောင်ရှောင်လိုက်ပြီး သူ့အလစ်မှာ သူ့ရင်ဝတည့်တည့်ကို ထောက်လက်သီး ခပ်ပြင်းပြင်းကလေး ထောက်ပေးလိုက်တယ်။

"အင့်"

တစ္ဆေ တုံ့ခနဲ ဖြစ်သွားတယ်။ ကျုပ် ထပ်ထိုးတယ်။ အဲဒီ နေရာကိုပဲဗျ။

"ဘုန်း၊ အင့်"

ထပ်ထိုးတယ်။ ထပ်ထိုးတယ်။ ထပ်ထိုးတယ်။

"ဒေါက်၊ ဘုန်း"

တစ္ဆေ ဒူးထောက်ကျသွားပြီး ရှေ့ကို ဟပ်ထိုးလဲကျသွားပြီဗျို့။ သြော် တစ္ဆေလည်း သတိမေ့တတ်တာကိုးလို့ ကျုပ်တွေးလိုက်မိတယ်။ ပြီးတော့ သူ့ခေါင်းမှာ ဆောင်းထားတဲ့ ဦးထုပ်အနီကို ကျုပ် ချွတ်ယူလိုက်တယ်။ ဒီဦးထုပ်ကို ကိုသယ်က မမြင်ရဘူးဗျ။ ကျုပ်ပဲ မြင်ရတာ။ တစ္ဆေ လဲနေတာကိုလည်း ကိုသယ်ကတော့ မမြင်ရဘူးပေါ့ဗျ။ ကျုပ် ထင်ပါတယ်။ တစ္ဆေ သတိမေ့သွားတာဟာ သစ်စုန်းဆေးတော်ကြီးရဲ့ အစွမ်းကြောင့်ပဲ ဖြစ်လိမ့်မယ်ဗျ။

ကျုပ်နဲ့ ကိုသယ် တိုက်ပျက်ကြီးထဲကနေ ခပ်သုတ်သုတ် ထွက်လာခဲ့ကြတယ်။ မရမ်းပင်ကျောင်းကိုရောက်တော့ ည ၂ နာရီ ထိုးပြီဗျ။ ကိုသယ်တို့ စောင့်နေတဲ့လှည်းပေါ်တက်ပြီး ဘန့်ဘွေးကုန်း



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ခဲ့တယ်။ ဘန့်ဘွေးကုန်းကိုရောက်တော့ မနက်လင်းကာနီးပြီ။ ဘုန်းကြီးကျောင်းက အုန်းမောင်းတောင် ခေါက်နေပြီ။

ကျုပ်လည်း ပင်ပန်းပြီး အိပ်ပျော်သွားတယ်။

"တာတေ၊ တာတေ ထပါဦးကွ"

ကျုပ် အိပ်ပျော်နေတာကို ရေကြီးသုတ်ပျာနဲ့ လာနှိုးတာကိုဆယ်နဲ့ ကိုသယ်ဗျ။ ကျုပ်လည်း ကပျာကယာ လူးလဲထပြီး. . .

"ဟင် ဘာဖြစ်လို့တုံး ကိုဆယ်"

"ရွာထဲက ဒေါ်စိန်မကြီးကို သရဲဝင်ပူးနေလို့ကွ"

"ဟင် အဲဒါ ဘာဖြစ်တုံးဗျ ကိုဆယ်ရ"

"အဲဒီပူးနေတဲ့ သရဲက တာတေကို ခေါ်ပေးလို့ ပြောနေလို့။ မင်း ဒီရွာမှာရောက်နေတာကို ဒေါ်စိန်မ သိတာမှ မဟုတ်တာ"

"ဟင် ဟုတ်လား၊ ဒါဆိုရင်တော့ ကျုပ် လိုက်ခဲ့မယ်"

ကျုပ်က ပြောပြောဆိုဆို ကိုဆယ်တို့ညီအစ်ကိုနဲ့ လိုက်ခဲ့တယ်ဗျ။ ကိုဆယ်တို့အိမ်နဲ့ လေးလုံးကျော်မှာ ဒေါ်စိန်မ ဆိုတဲ့ မိန်းမကြီးကို သရဲပူးနေတာဗျ။

"ဟဲ့ တာတေကို ခေါ်ပေးလို့ ငါပြောနေတာ မကြားကြဘူးလား"

"ဟုတ် ဟုတ်ကဲ့၊ သွား သွား ခေါ်နေပါပြီ။ ဒါထက် အခု ဝင်ပူးနေတာ၊ ဘယ် ဘယ်သူပါလဲ"

"ငါ ဘယ်သူဖြစ်ဖြစ် နင်တို့နဲ့ မဆိုင်ဘူး"

ကျုပ် ဝိုင်းထဲအဝင်မှာ ကြားလိုက်ရတာဗျ။ အိမ်ပေါ်ကိုလည်း ကျုပ်တက်သွားရော. . .





"ဟဲ့ တာတေ နင် တစ္ဆေဦးထုပ် ချွတ်ယူခဲ့တယ်ဆို၊ ဒီကောင် ငါ့ဆီကိုငိုပြီး လာပြောနေတယ်"

သြော် လက်စသတ်တော့ မဖဲဝါကိုး။ ကျုပ်က ညက ပြန်လာပြီး တန်းအိပ်သွားတာဗျ။ မျက်ကွင်းဆေး မဖျက်ရသေးဘူး။ ဒီတော့ မဖဲဝါကို ကျုပ် မြင်နေရတယ်။

"မဖဲဝါ အဲဒီတစ္ဆေကောင်က အရမ်းကိုခြောက်တဲ့ တစ္ဆေဗျ။ ဘန့်ဘွေးကုန်းက လူတွေရော၊ ငွေတွင်းကုန်းက လူတွေပါ မြို့ကို မသွားဝံ့အောင် ဖြစ်နေပြီဗျ"

"အေး ငါ လုံးဝမသိလိုက်တာ၊ ဒီအကောင်ကို ငါ တာဝန်ယူတယ်ဟေ့၊ ဒီနယ်ကို နောက်ဘယ်တော့မှ ပြန်မလာစေရဘူး၊ ငါ နယ်နှင်ပေးမယ်၊ သူ့တစ္ဆေဦးထုပ်တော့ နင်က ပြန်ပေးလိုက် တာတေ။ ဒီဦးထုပ်ဟာ နင်တို့လူတွေနဲ့ ဘာမှမဆိုင်ဘူး၊ ဒီဦးထုပ် မရှိရင် ဒီအကောင် သုံးရက်ကြာရင် သေလိမ့်မယ်။ ဒါကြောင့် ပြန်ပေးလိုက် တာတေ"

ကျုပ်က ကျုပ်ခါးကြားမှာထိုးထားတဲ့ တစ္ဆေဦးထုပ်အနီလေးကို အပေါ်က ဝတ်ထားတဲ့ အင်္ကျီဖားဖားကြီးကို မ,ပြီးဆွဲထုတ်လိုက်တယ်။ ပြီးတော့ မြင်ဖူးတယ်ရှိအောင် ဦးထုပ်ကို သေသေချာချာကြည့်တယ်ဗျ။ ကတ္တီပါစနဲ့ ချုပ်ထားတဲ့ ဦးထုပ်ဗျ။ ကျုပ်ခေါင်းနဲ့တော့ တော်မှာမဟုတ်ဘူး၊ ကြီးနေတယ်ဗျ။

ကျုပ်က ဦးထုပ်အနီကလေးကို မဖဲဝါဆီကို လှမ်းပေးလိုက်တယ်။ မဖဲဝါက ဦးထုပ်လည်း သူ့လက်ထဲရောက်ရော ဖြုတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားရောဗျို့။ ဒေါ်စိန်မကြီးလည်း ချက်ချင်းသတိပြန်ရလာတယ်ဗျ။

ဒီတော့မှ ကျုပ်ကို ဝိုင်းမေးကြတာပေါ့ဗျာ။ ဦးထုပ်ကို သူတို့တော့ မမြင်ရပါလား။ ကျုပ်ကျတော့ ဘာဖြစ်လို့ မြင်ရတာလဲ ဆိုတာပေါ့ဗျာ။ ကျုပ်က သစ်စုန်းဆေးတော်ကြီးနဲ့ မျက်ကွင်းဆေးတော်အကြောင်း ရှင်းပြလိုက်ရတာပေါ့။ ကျုပ်လည်း မျက်ကွင်းဆေးနဲ့ သစ်စုန်းဆေးတော်ကို ဖျက်လိုက်ပြီး ကျုပ်ရွာထနောင်းကုန်းကို ပြန်လာခဲ့တယ်။ နောက်တစ်နေ့ကစပြီး ကျုပ်နဲ့ တစ္ဆေရဲ့ လက်ဝှေ့ပွဲသတင်းက ရပ်ကျော်ရွာကျော် ဖြစ်တော့တာပေါ့ဗျာ။ အဲဒီနေ့ကစပြီး အုတ်လမ်းမှာ တစ္ဆေ ဘယ်တော့မှ မခြောက်တော့ဘူးဗျို့။

တာတေ

◆◆◆

အရှေ့ဘက်ကောင်းတင်

BURMESE CLASSIC .com

အညာဒေသမှလူ့စွန့်စားကလေး
တာတေ . . . . .
ကိုးသချိုင်းကဝေနှင့်မဖဲဝါတို့၏ပတ်သက်ဆက်နွယ်မှုများ
တာတေ၏ စတုတ္ထမြောက်စာအုပ်သစ် . . .
အရှေ့ဘက်ကောင်းတင်စာပေမှ
မကြာမီ ဆက်လက်ထွက်ရှိပါမည်။

# သံလက်ဝါး မဖဲဝါ

တာတေ

ညမဖတ်ရ

www.burmeseclassic.com